ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၁၄) ရက် ၊ တနင်္ဂနွေနေ့ ၊ (26-11-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၂၁၀)

## ဒို့တာဝန်အရေးသုံးပါး

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိ သည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယကျောင်းတော် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၅**

ပြည်ထောင်စုနယ်မြေနေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး မာရဝိဇယဗုဒ္ဓ ဥယျာဉ်ဝတ္ထုကံတော်အတွင်းရှိ မာရ ဝိဇယကျောင်းတော် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါမာရဝိဇယ ကျောင်းတော်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တို့တက်ရောက်၍ ကထိန်လျာသင်္ကန်း နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းသည်။

အခမ်းအနားသို့ လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက်ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ အမှူးပြုသည့် ဆရာတော်ကြီးများနှင့် မာရဝိဇယကျောင်းတော်တွင် သီတင်း သုံးတော်မူကြသည့် ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံ တော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တို့နှင့်အတူ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊

**စာမျက်နှာ ၁၈ ကော်လံ ၁ ☞**



ကထိန်အလှူခံကျောင်း၊ မာရဝိဇယကျောင်းတော်ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနေမိန္ဒထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ကထိန်လျာသင်္ကန်းကို ဆက်ကပ်လှူဒါန်းစဉ်။



ရတနာပုံ
၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၆ ရက်
အယ်ဒီတာ့အာဘော်

# စာကောင်းပေမွန်များ ရွေးချယ်ဖတ်ရှု

နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်များသည် အဓိက ကျသော နေရာက ပါဝင်သည်။ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးအတွက် ပညာသည် အဓိကကျပြီး ပညာတတ်များပေါကြွယ်ဝရေး ဦးတည်ကြိုးပမ်းရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်၏ လူသားအရင်းအမြစ် လူငယ်များအနေဖြင့် သင်ယူလေ့လာနေသည့် ပညာရပ်ဆိုင်ရာ အခြေခံ သဘောတရားများမှ အကျယ်ချဲ့စဉ်းစားပြီး ထပ်မံစူးစမ်းလေ့လာနိုင်ရန်၊ မှန်ကန်သည့် အသိအမြင်များရရှိစေရန်အတွက် စာကောင်းပေမွန်များကို ရွေးချယ်ဖတ်ရှုကြရပါမည်။

စာကောင်းပေမွန်များကို စာအုပ်စာပေများထဲက ရွေးချယ်ဖတ်ရှုနိုင်ခြင်းဖြင့် ဘဝအတွက် မှန်ကန်သည့် အသိအမြင်၊ အတွေးအခေါ်နှင့် အသိဉာဏ်ပညာများ အမှားအမှန်ကို ဝေဖန်ပိုင်းခြား နိုင်သည့် ဆင်ခြင်တုံတရားများ၊ အကြံကောင်းဉာဏ်ကောင်းများ ရရှိစေမည်ဖြစ်ပါသည်။ ထို့ကြောင့် မိမိဘဝအတွက် မှန်ကန်သည့် အသိဉာဏ်ရင့်သန်မှုကို စာအုပ်စာပေများထဲက ရွေးချယ်ထုတ်နုတ် ဖတ်ရှုနိုင်ပါက စာဖတ်ခြင်းကြောင့် မြင့်မားလာသည့် အသိဉာဏ်ပညာတို့ကြောင့် ရေမြင့်လျှင် ကြာတင့် ဆိုသလို မိမိ၏ဘဝသည်လည်း တိုးတက်မြင့်မားတင့်တယ်နေမည်ဖြစ်သည်။

ထို့ကြောင့် စာအုပ်စာပေ လူ့မိတ်ဆွေဟု ဆိုသည့်အတိုင်း စာဖတ်ခြင်းသည် မိတ်ဆွေကောင်းကို ပေါင်းသင်းရခြင်းဖြစ်ကြောင်း ဘဝလမ်းပြဆောင်ပုဒ်ကို လက်ကိုင်ပြုကာ စာဖတ်ခြင်းကို အားပေး တိုက်တွန်းကြလေ့ရှိသည်။ သတိပြုရမည့်အချက်မှာ ဖတ်ရှုစရာအလွန်များပြားလှသော မျက်မှောက် ခေတ်ကာလတွင် စာကောင်းပေကောင်းကို သတိပြုရွေးချယ်ဖတ်မှုပြုရမည့်အချက်ဖြစ်သည်။

စာပေပညာရှင်အများစုက စာဖတ်ရှုသူများ အချိန်ကုန်ရကျိုးနပ်စေရန်၊ ဘဝနှင့်အနာဂတ်အတွက် စာပေမှပေးသော အသိအမြင်က နည်းမှန်လမ်းမှန်ဖြစ်စေရန်အတွက် သတိပြုဆင်ခြင်ဖတ်ရှုရမည့် စာပေအတန်းအစားများကို မျှဝေထားသည်။ လူမျိုးရေး၊ ဂိုဏ်း၊ အယူဝါဒများ၊ အစွန်းရောက်မှိုင်း တိုက်ဖျက်ဆီးနေသော စာပေမျိုးကို အနီရောင်စာပေဟုလည်းကောင်း၊ ကာမရာဂစိတ်လွန်ကဲအောင် နှိုးဆွရေးသားထားသော ညစ်ညမ်းစာပေများကို အပြာရောင်စာပေဟုလည်းကောင်း၊ စုန်း၊ ကဝေ၊ သိုက်၊ ပျောက်စေအစွမ်းများကိုရေးသားထားပြီး ဖတ်ရှုသူကို စိတ်နယ်လွန်ဖြစ်ရပ်များမှာ မိန်းမော တွေဝေနေစေသောစာများကို အနက်ရောင်စာပေဟုလည်းကောင်း၊ ထင်ရှားကျော်ကြားသူများ၏ ကိုယ်ရေးကိုယ်တာများကို တခမ်းတနား တဖွဲ့တနွဲ့ရေးသားဖော်ပြနေသော စာပေများကို အဝါ ရောင်စာပေဟုလည်းကောင်း၊ အနှစ်မဲ့ ချစ်၊ ကွဲ၊ ကြိုက်၊ ညား ဇာတ်လမ်းများ၊ လိင်တူအချစ် ဇာတ်လမ်းများကို ရေးသားထားသော စာပေကို ပန်းရောင်စာပေဟုလည်းကောင်း သတ်မှတ်ကာ ဖတ်ရှုသူကို အချိန်ကုန်ပြီး ဘဝတိုးတက်မှု နှောင့်နှေးကြန့်ကြာစေတတ်သည့် စာပေအတန်း အစားများအဖြစ် မျှဝေထားသည်။ ထိုသို့သော စာပေအတန်းအစားထဲ မပါသော်လည်း ကြိုးစား အားထုတ်ရမှုနှင့် လိုက်လျောညီထွေမဟုတ်သော ကြီးပွားချမ်းသာချင်စိတ်များ ဖြစ်ပေါ်စေသည့် အရောင်းသွက် လူကြိုက်များနေသော တက်ကျမ်းတချို့ကို စာဖတ်သူများ စဉ်းစားဆင်ခြင်မှုနှင့် ဖတ်ရှုကြရန်ကိုလည်း ဘဝလမ်းညွှန်တစ်ခုအဖြစ် အသိပေးလျက်ရှိသည်။

နိုင်ငံတစ်နိုင်ငံ၏ တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းတို့သည် နိုင်ငံအတွင်းကို လူသားအရင်းအမြစ် များ၏ စာပေတတ်မြောက်ခြင်း၊ စာပေဖတ်ရှုခြင်းတို့မှ ဆင့်ပွားလာသော အသိပညာ၊ အတတ် ပညာများ ပြည့်စုံကြွယ်ဝလာမှုနှင့် တိုက်ရိုက်သက်ဆိုင်ပါသည်။ ထို့ကြောင့် စာကောင်းပေမွန်များ ရွေးချယ်ဖတ်ရှုခြင်းမှတစ်ဆင့် မိမိအတွက်သာမက မိသားစုနှင့် ပတ်ဝန်းကျင်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုး တက်ရေးအထိ အကျိုးရလဒ်ကောင်းများဆောင်ကြဉ်းပေးနိုင်ကြပါစေကြောင်း ဆန္ဒပြုရေးသား လိုက်ရပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး နိုဝင်ဘာ ၂၅**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူး ပြည်သူများ နေ့စဉ်လာရောက် ဖူးမြော်လျက်ရှိကြောင်း ဘုရား ဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေး တောင်တော်နှင့် ဝေဠုဝန်စနေ ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များ နှင့်ပြည်သူ စုစုပေါင်း ၂၁၀၄၇၅ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ရာသီဥတု ကောင်းမွန်တာ ကြောင့် မန္တလေးတောင်ပေါ်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူး တွေ တက်ရောက်ဖူးမြော်ကြ ပါတယ်။ ဖူးမြော်သူတွေနဲ့ မန္တလေးတောင်ပေါ်မှာ စည်ကား နေပါတယ်။ ရဟန်းသံဃာတွေနဲ့ သက်ကြီးရွယ်အိုတွေအတွက် ဓာတ် လှေကား၊ စက်လှေကားတွေ စီစဉ် ထားပါတယ်။ စောင်းတန်းကနေ တက်ရောက်ဖူးမြော်သူတွေအနေနဲ့ မန္တလေးတောင်ရဲ့ ဘုရားတွေကို စုံလင်စွာဖူးမြော်နိုင်ပါတယ်။ ကား၊ ဆိုင်ကယ်တွေနဲ့ တက်ရောက်ဖူး မြော်သူတွေအတွက် လမ်းတွေကို ပြုပြင်ခင်းကျင်းပေးထားပါတယ်" ဟု မန္တလေးတောင်တော် ဂေါပက အဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၆၂၃ ဦး လာ ရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ညနေထိ ဘုရားဖူး ၂၀၈၇၉၂ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူး ရဟန်းရှင်လူ ပြည်သူများအနေ ဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက် ဖူးမြော်နိုင်ကြောင်း မဟာမုနိ ရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံး အဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေဠုဝန်စနေကျောက်စိမ်း စေတီတော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ဦးရေ ၁၀၆၀ လာရောက်ဖူးမြော်ကြောင်း ဝေဠုဝန်စနေကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။

(၁၈၅)

# တန်ဆောင်မုန်းလပြည့်နေ့တွင် မန္တလေးစွယ်တော်မြတ်စေတီတော်၌ ဆီမီး ၃၀၀၀ ထွန်းညှိပူဇော်ပွဲ ကျင်းပသွားမည်

**မန္တလေး နိုဝင်ဘာ ၂၅**

မန္တလေး စွယ်တော်မြတ်စေတီ တော်၌ တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာ ၂၇ ရက်)တွင် ဆီမီး ၃၀၀၀ ထွန်းညှိပူဇော်ပွဲကို စည် ကားသိုက်မြိုက်စွာကျင်းပပြုလုပ် သွားမည်ဖြစ်ကြောင်း မန္တလေးစွယ် တော်မြတ်စေတီတော် ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးသန်းဇော်က ပြောပြ၍ သိရသည်။

မန္တလေး စွယ်တော်မြတ်စေတီ တော်၌ တန်ဆောင်မုန်းလပြည့် နေ့တွင် ဆီမီး ၃၀၀၀ ထွန်းညှိပူဇော် ပွဲကို ညနေ ၅ နာရီမှစ၍ စေတီ တော်ရင်ပြင်တော်ပေါ်၌ ပြုလုပ် သွားမည်ဖြစ်ကြောင်း၊ ထိုသို့ကျင်းပ ပြုလုပ်နိုင်ရေးအတွက် ဂေါပက အဖွဲ့၏ ဦးဆောင်မှုဖြင့် လုပ်ငန်း ကော်မတီများဖွဲ့စည်းပြီး စနစ်တကျ စီမံချက်ရေးဆွဲကာ ပြုလုပ်ခြင်းဖြစ် ကြောင်း သိရသည်။

"မန္တလေးစွယ်တော်မြတ်စေတီ တော်မှာ ဆီမီးထွန်းညှိပူဇော်ပွဲ ကျင်းပသွားမှာပါ။ ကျင်းပနိုင်ဖို့ အတွက်လဲ ဂေါပကအဖွဲ့တွေရဲ့ အစည်းအဝေး ဆုံးဖြတ်ချက်နဲ့ပဲ အကျဉ်းရုံးပြီးတော့ စနစ်တကျစီမံ ချက်ရေးဆွဲပြီး ကျင်းပတာဖြစ်ပါ တယ်။ ကျင်းပတဲ့အခါမှာလဲ နှစ်စဉ် နှစ်တိုင်း လာရောက်ဖူးမြော်သူတွေ နဲ့ စည်ကားခဲ့ပါတယ်။ မနှစ်ကလဲ တန်ဆောင်မုန်းလပြည့်နေ့မှာ ဆီမီး ၃၀၀၀ ကို ထွန်းညှိပူဇော်ခဲ့ပါတယ်။ ဒီနှစ်လပြည့်နေ့မှာလဲ အလှူရှင်က လာရောက်ဖူးမြော်ကြတဲ့ ဘုရားဖူး တွေကို မုန့်ဟင်းခါး စတုဒိသာ ကျွေးမှာပါ။ လာရောက်ဖူးမြော် သူတွေကိုလဲ ဧည့်ခံဖျော်ဖြေဖို့ ဆိုင်းဝိုင်းလဲ စီစဉ်ထားပါတယ်။ ဒီနှစ်မှာလဲ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမှာပါ။ အခုလို ဆီမီးပူဇော်တာက မြတ်စွာဘုရား ရှင်ကို အာရုံပြုပြီး ပူဇော်ကြတာပါ" ဟု ဦးသန်းဇော်က ပြောပြ၍ သိရသည်။

(၁၈၅)

# မတ္တရာမြို့နယ် အေးကျွန်းကျေးရွာတွင် နိုဝင်ဘာလ တတိယပတ်မှစ၍ ပြည်တွင်းခရီးသွားဝင်ရောက်လည်ပတ်မှု တစ်ရက်လျှင် ဦးရေ ၁၂၀ ကျော်ရှိလာ

**မန္တလေး နိုဝင်ဘာ ၂၅**

ကျေးရွာအခြေပြုခရီးသွားလုပ် ငန်းဖော်ဆောင်ထားသည့် မတ္တရာ မြို့နယ် အေးကျွန်းကျေးရွာတွင် နိုဝင်ဘာလ တတိယပတ်မှစ၍ ပြည်တွင်းခရီးသွားဝင်ရောက်လည် ပတ်မှု တစ်ရက်လျှင် ဦးရေ ၁၂၀ ကျော်ထိရှိလာကြောင်း မန္တလေး တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီး ဌာန ရောဝတီလင်းပိုင်ထိန်းသိမ်း စောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ကျေးရွာအခြေပြု ခရီးသွား လုပ်ငန်း ဖော်ဆောင်ထားသည့် ကျေးရွာများထဲမှ ခရီးသွားများ လတ်တလော စိတ်ဝင်စားမှုရှိသည့် ကျေးရွာမှာ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းရှိ အေးကျွန်း ကျေးရွာဖြစ်ကြောင်း၊ အေးကျွန်း ကျေးရွာ၌ ရက်ကန်းလုပ်ငန်း၊ အိုးလုပ်ငန်း၊ ခမောက်လုပ်ငန်း စသည့် လုပ်ငန်းများအပါအဝင် မြန်မာ့လက်မှုပညာဖြင့် ဖန်တီး ပုံဖော်ထားသော ပစ္စည်းများကိုလည်း ခရီးသွားများ စိတ်ဝင်စားမှုရှိ ကြောင်း သိရသည်။

"အခု အေးကျွန်းကျေးရွာကို ဝင်ရောက်လည်ပတ်တဲ့ခရီးသည် တွေကလဲ မတ္တရာမြို့နယ် ဧရာဝတီ မြစ်အတွင်းမှာ နေထိုင်ကျက်စား နေတဲ့ ဧရာဝတီလင်းပိုင်တွေကို သွားရောက်ကြည့်ရှုမှုတွေ ရှိပါ တယ်" ဟု ဦးမောင်မောင်လေးက ပြောပြသည်။

မတ္တရာမြို့နယ် အေးကျွန်းကျေး ရွာသို့ ဝင်ရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွားဦးရေမှာ နိုဝင် ဘာလပထမပတ်က တစ်ရက်လျှင် ဦးရေ ၅၀ ကျော်သာရှိခဲ့သော်လည်း နိုဝင်ဘာလတတိယပတ်မှစ၍ ဝင် ရောက်လည်ပတ်သည့် ပြည်တွင်း ခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၁၂၀ကျော်ထိရှိလာကြောင်း သိရသည်။

"ကျေးရွာအခြေပြု ခရီးသွား လုပ်ငန်းဖော်ဆောင်ထားတဲ့ ကျေး ရွာတွေကတော့ မန္တလေးတိုင်း ဒေသကြီး မတ္တရာမြို့နယ်အတွင်း မှာက ဆင်ကျွန်းကျေးရွာ၊ အေး ကျွန်းကျေးရွာ၊ မြေစွန်းကျေးရွာ၊ စိန်ပန်းကုန်းကျေးရွာ၊ စဉ့်ကူးမြို့ နယ်အတွင်းကတော့ မြစ်ကမ်းကြီး ကျေးရွာ၊ ဆည်သည်ကျေးရွာနဲ့ စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက် မြို့နယ်အတွင်းမှာ ဖော်ဆောင်တာ ကတော့ ရွာသစ်ကျေးရွာ၊ တကောင်း ကျေးရွာနဲ့ ရှိမ်းမကားကျေးရွာတို့ ဖြစ်ပါတယ်"ဟု ဦးမောင်မောင်လေး က ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တောင်တွင်းကြီးမြို့နယ် ညောင်ဝန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**တောင်တွင်းကြီး နိုဝင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ညောင်ဝန်းကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ညောင်ဝန်းကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီရန်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ညောင်ဝန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ၃၇၇ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၉ ဒသမ ၅ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုများဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် နိုဝင်ဘာ ၂၀ ရက်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၅ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း တောင်တွင်းကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်ထံမှ သိရသည်။

**နွံ့ယဉ်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၆၇ လမ်း၊ ၄၂ လမ်း-၄၃ လမ်းကြား၊ မဟာမြိုင်အပိုင်း(၁)နေ ဦးမျိုးညွန့်လင်း မိသားစုက ဒေါ်ခင်စိမ့်အားရည်စူး၍ ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းတွဲဖက်အတွင်းရေးမှူး ဦးလှထွေးတို့က လက်ခံရယူစဉ်။

# မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၇၇၆ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**မော်လိုက် နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၇၇၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၅၆၃၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၇၇၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မော်လိုက်ခရိုင်မှာ မြေပဲဧက ၁၅၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားတာ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ကျန်တဲ့ စိုက်ဧကတွေကိုလဲ ဆက်လက်စိုက်ပျိုးနေပါတယ်။ မြေပဲဧက တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းတဲ့မျိုးတွေ ပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်နေပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ယခုနှစ် မော်လိုက်ခရိုင်တွင် မြို့နယ်အလိုက် မြေပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ဧက ၁၅၀၊ ဖောင်းပြင်မြို့နယ်တွင် ၃၆၂၆ ဧက စုစုပေါင်း ၃၇၇၆ ဧကဖြစ်ကြောင်း သိရသည်။

မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲစိုက်ပျိုးရန် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ဧက ၄၂၃၀ နှင့် ဖောင်းပြင်မြို့နယ်တွင် ၁၁၄၀၈ ဧက စုစုပေါင်း ၁၅၆၃၈ ဧကဖြစ်ကြောင်း သိရသည်။

မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးပြီးစီးသော မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းရှင်းစေရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# လယ်ဝေးမြို့နယ် ငွေ့ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၅**

နေပြည်တော် ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငွေ့ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန္ဒာဝင်းနှင့် တာဝန်ရှိသူများက ငွေ့ကြီးကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် ဆောင်ရွက်ထားသည့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ငွေ့ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှစတင်ကာ စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသား၊ အသင်းသူ ၁၄၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၂၃ သိန်းထိ ထုတ်ချေးနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း လယ်ဝေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မောင်နိုင်**

# တောင်သာမြို့နယ် စွန်းလွန်းကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး


**တောင်သာ နိုဝင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် စွန်းလွန်းကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်စန်းစန်းမြင့်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့် ကျေးလက်လူနေမှုအဆင့်အတန်းကွာဟမှုကို လျှော့ချနိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ အသင်းသားများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့်လုပ်ငန်းများကို အမှန်တကယ်အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ ရန်ပုံငွေလေလွင့်မှုမရှိစေရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်စီမံကိန်းတာဝန်ခံက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ စွန်းလွန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၇ ဦးကို ငွေကျပ်သိန်း ၃၀၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၃၀ ကို ငွေကျပ် ၁၉၉ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးကို ငွေကျပ် ငါးသိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၇၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၀၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချစ်ဦးကို**



# လုပ်ငန်းငယ်များအတွက် လိုအပ်သောလုပ်သား

မျိုးသူ(ကုန်သွယ်မြှင့်)

အသေးစား၊ အငယ်စားလုပ်ငန်းငယ်များတွင် အလုပ်သမား သုံး၊လေးဦးဖြင့် အလုပ်လုပ်ကြရသည့် အခါတွင် ရှိသည့်အလုပ်သမားများသည် အရည်အချင်း ကောင်းစွာရှိရန်လိုအပ်သည်။ တစ်ယောက်ဆို တစ်ယောက် အရည်အချင်းကောင်းမှ အသေးစား လုပ်ငန်းရှင်အဖို့ အလုပ်ဖြစ်သည်။ သို့ရာတွင် အလုပ်သမား၊ ဝန်ထမ်း ရှာရခက်လှသည်။ ရသည့်အလုပ်သမားသည်လည်း အရည်အချင်းရှိရန် ခက်ခဲသည်။ အလုပ်သမားဆိုသော်လည်း လုပ်ငန်းငယ်များအဖို့ အားကိုးရသည့်လုပ်သားဖြစ်လျှင် လုပ်ငန်းအောင်မြင် တိုးတက်ရေးအတွက် များစွာအထောက်အကူဖြစ်သော်လည်း ရှိသည့်အလုပ်သမားအသုံးမကျလျှင် လုပ်ငန်းအောင်မြင်မှုကို ထိခိုက်ရုံသာမက စိတ်လည်း ညစ်ရသည်သာဖြစ်သည်။ အလုပ်သမားကောင်း၊ အရည်အချင်းရှိသော အလုပ်သမားကို လုပ်ငန်းရှင်လေးများမှာ အမြဲရှာနေရသည့်အခြေအနေဖြစ်သည်။

အလုပ်သမားကောင်းတစ်ဦးတွင် အပျော့ပိုင်းကျွမ်းကျင်မှုနှင့် အမာပိုင်းကျွမ်းကျင်မှုရှိသည်ဟု ဆိုသည်။ အပျော့ပိုင်းဆိုသည်မှာ အလုပ်သမား၏ စိတ်ဓာတ်ရေးရာပိုင်းကို ဆိုလိုပြီး အမာပိုင်းကျွမ်းကျင်မှုဆိုသည်မှာ လုပ်ငန်းကျွမ်းကျင်မှုကိုဆိုလိုသည်။ ထို့ကြောင့် စိတ်ဓာတ်အကျင့်စာရိတ္တ၊ ခံယူချက်စသည်တို့ ကောင်းမွန်ပြီး လုပ်ငန်းကျွမ်းကျင်သောလုပ်သားမျိုးဖြင့် မိမိတို့လုပ်ငန်းကိုတည်ဆောက်နိုင်မှသာ လုပ်ငန်းများ ကောင်းမွန်တိုးတက်မည်ဖြစ်သည်။ လုပ်သားကောင်းဖြစ်ရန် အရေးကြီးဆုံးအချက်မှာ စိတ်ဓာတ်ကောင်းမွန်ရေး၊ ရိုးသားဖြောင့်မတ်ရေးဟု ပြောရမည်ဖြစ်သည်။ တစ်နည်းဆိုရသော လူတော်ဖြစ်ရန်လိုသကဲ့သို့ လူကောင်းလူရိုးဖြစ်ရန်လည်း အလွန်အရေးကြီးသည်ဖြစ်သည်။

လုပ်ငန်းငယ်လုပ်ကိုင်သူများအတွက် ဝန်ထမ်းလုပ်သား၏လုပ်အားသည် လုပ်ငန်းအောင်မြင်တိုးတက်ရေးနှင့် တိုက်ရိုက်အချိုးကျနေသည်။ လုပ်ငန်းအောင်မြင်ရန်မှာ အဆိုပါလုပ်သားများအပေါ် လုံးဝတည်နေသည်။ ထို့ကြောင့် လုပ်သားများကောင်းမွန်ရေးသည် စီးပွားရေးလုပ်ငန်းတစ်ခုအတွက် များစွာအရေးပါသည်။ လုပ်ငန်းကြီးများတွင် လုပ်သားတစ်ဦးမကောင်းလျှင် ချက်ချင်းအစားထိုးရန်လွယ်ကူသည့်အပြင် တစ်ဦးတစ်ယောက်ပျက်ကွက်ရုံဖြင့် မသိသာပေ။ လုပ်ငန်းငယ်တစ်ခုတွင်မူ တစ်ဦးတစ်ယောက်ပျက်ကွက်လျှင် လုပ်ငန်းရပ်ဆိုင်းထားရမည်ဖြစ်သည်။ ထို့ကြောင့် လုပ်ငန်းငယ်လေးများအတွက် လုပ်သားကောင်းရရှိရေးသည် များစွာအရေးပါသည်။ အထူးသဖြင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် လုပ်သားကောင်း၊ ဝန်ထမ်းကောင်းရေးမှာ များစွာအရေးပါသည်။ အမြဲတမ်းဝန်ထမ်းဖြစ်စေ၊ ယာယီဝန်ထမ်းဖြစ်စေ အရေးပါသည်။

**ယုံကြည်အားထားရခြင်း**

လုပ်သားတစ်ဦးဖြစ်စေ၊ ဝန်ထမ်းတစ်ဦးဖြစ်စေ ယုံကြည်အားထားရမှုသည် များစွာအရေးပါသည်။ ကုန်ထုတ်လုပ်ငန်းဖြစ်စေ၊ ဝန်ဆောင်မှုလုပ်ငန်းဖြစ်စေ လုပ်သားသည် လုပ်ငန်းအောင်မြင်ရေးအတွက် အရေးပါသကဲ့သို့ လုပ်သား၏ယုံကြည်အားထားရခြင်းသည်လည်းအဓိကအချက်တစ်ချက်ဖြစ်သည်။ ယုံကြည်ရသူ၊ လုပ်ငန်းကို မျက်နှာလွှဲနိုင်သူဖြစ်လျှင် လုပ်ငန်းရှင်အတွက် များစွာအကျိုးရှိသည်။ ယုံကြည်ရသူဖြစ်ပြီး အားလည်း အားထားရသူဖြစ်လျှင် ပို၍ပင်ကောင်းမွန် အကျိုးရှိသည်။ သို့ဖြစ်၍ မိသားစုလုပ်ငန်းများတွင် ဆွေမျိုးတော်စပ်သူများကို အားကိုးအားထားပြုပြီး လူယုံမွေးရသည်ဟု ပြောတတ်ကြသည်။ လုပ်ငန်းငယ်များတွင် မကြာခဏကြုံတွေ့ရတတ်သည်မှာ လုပ်သားမမြဲခြင်းဖြစ်သည်။ ထို့အတူပင် မြဲသောလုပ်သားများသည် ယုံကြည်အားထားရသူဖြစ်ရန်လည်း လိုအပ်သည်။ ထို့ပြင် အတွေ့အကြုံမရှိသောဝန်ထမ်း သို့မဟုတ် လုပ်သားအသစ်ကို ခန့်အပ်လိုက်ပြီး အတွေ့အကြုံရလာသည့်အခါတွင် အခြားလုပ်ငန်းသို့ပြောင်းရွှေ့ကြခြင်းမျိုးလည်းကြုံရတတ်သည်။ ထို့ကြောင့် လုပ်သားနှင့်ဝန်ထမ်းသည် ကြာရှည်အလုပ်လုပ်ရန်နှင့် ယုံကြည်အားထားရသူဖြစ်ရန်မှာ များစွာလိုအပ်သည်။ တစ်ခါတစ်ရံတွင် အလုပ်ရှင်၏ လိုအပ်ချက်ကြောင့်လည်း ယုံကြည်အားထားရသူကို ရရှိရန်ခက်ခဲတတ်သည်။ လုပ်ငန်းငယ်များတွင် လုပ်ငန်းကို စီမံအုပ်ချုပ်သူသည် ပိုင်ရှင်ကိုယ်တိုင်ဖြစ်တတ်သည်။ ပိုင်ရှင်ဖြစ်နေသည့်အတွက် လုပ်သားများ၏ ခေါင်းဆောင်ဖြစ်မလာဘဲ ပိုင်ရှင်က အပေါ်စီးနှင့် စီမံအုပ်ချုပ်သည့်အခါမျိုးတွင်လည်း ခက်ခဲတတ်သည်။ မည်သို့ပင်ဖြစ်စေ လုပ်ငန်းငယ်တစ်ခုအတွက် ယုံကြည်အားထားရသူတစ်ဦးရှိလျှင်ပင် လုပ်ငန်းအောင်မြင်ရန် များစွာကောင်းမွန်သည်။ ယုံကြည်အားထားရသော ဝန်ထမ်းတစ်ဦး သို့မဟုတ် လုပ်သားတစ်ဦးသည် တာဝန်ခံမှု၊ တာဝန်ယူမှုရှိတတ်သည်။ ထို့ပြင် လုပ်ငန်းအချိန်မှန်မှု၊ လုပ်ငန်းခွင်အတွင်း ရေသာခိုမှု၊ ပစ္စည်းများခိုးတတ်မှု စသည်တို့လည်း ကင်းရှင်းတတ်သည်။ ထို့ပြင် တာဝန်ခံမှုရှိသည်နှင့်အညီ လုပ်ငန်းရှင်အတွက် အောင်မြင်နိုင်သည့်နည်းလမ်းများကိုလည်း ယူလာတတ်၊ ပြသတတ်သည်။

**နှစ်မြှုပ်ထားတတ်ခြင်း**

လုပ်ငန်းအတွင်း စိတ်နှစ်မြှုပ်အလုပ်လုပ်တတ်သော ဝန်ထမ်းတစ်ဦး၊ လုပ်သားတစ်ဦးသည် လုပ်ငန်းကောင်းမွန်ရေးအတွက် များစွာအထောက်အပံ့ဖြစ်သည်။ လုပ်ငန်းအတွင်း နှစ်မြှုပ်ထားသော လုပ်သားသည် လုပ်ငန်းတိုးတက်ရန်နည်းလမ်းများ၊ နည်းစနစ်များနှင့် အခြားသောလုပ်သားများကိုလည်း လုပ်ငန်းပြီးမြောက်အောင်မြင်ရန်တွဲခေါ်တတ်သည်။ ယုံကြည်အားထားရသောလုပ်သားသည် တစ်ခါတစ်ရံတွင် ရိုးသားမှုသာရှိပြီး လုပ်ငန်းအတွက်နည်းလမ်းနှင့် နည်းပညာပိုင်းတွင် တီထွင်ကြံဆတတ်သည့် အတွေးအခေါ် အကြံအစည်မျိုးမရှိလျှင် လုပ်ငန်းတိုးတက်မှုမြန်ဆန်အောင် မစွမ်းဆောင်နိုင်သည်ကို တွေ့ရသည်။ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် စားပွဲထိုးတစ်ဦးသည် ဖောက်သည်များကိုမှတ်မိနေခြင်းမှာ လုပ်ငန်းအတွင်း နှစ်မြှုပ်ထားခြင်းနှင့် လုပ်သက်များခြင်းကြောင့်ဖြစ်တတ်သည်။ ဖောက်သည်များကို မှတ်မိခြင်းနှင့် ဖောက်သည်များသောက်သော လက်ဖက်ရည်အရည်အသွေးကိုမှတ်မိခြင်းတို့မှာ လုပ်ငန်းအတွင်းနှစ်မြှုပ်ထားခြင်းနှင့် များစွာသက်ဆိုင်သည်။ ဖျာရက်လုပ်သောလုပ်သားတစ်ဦးသည် ဖျာကိုရိုးရိုးရက်လုပ်ခြင်းအပြင် ဒီဇိုင်းများလုပ်စေရန်၊ ပိုမိုခိုင်ခံ့စေရန်နည်းလမ်းများ စဉ်းစားဆောင်ရွက်ခြင်းသည် လုပ်ငန်းအတွင်း နှစ်မြှုပ်ထားခြင်းကြောင့်ဖြစ်သည်။ ထိုသို့သောလုပ်သားမျိုးသည် လုပ်ငန်းငယ်တစ်ခုအတွက် မည်သို့သောလုပ်ငန်းများကိုဖြစ်စေ အောင်မြင်ရန် ကူညီစဉ်းစားလုပ်ကိုင်ပေးမည်သာဖြစ်သည်။ ထိုကဲ့သို့သောလုပ်သားမျိုးကို လုပ်ငန်းငယ်များတွင် မိသားစုသဖွယ်မွေးမြူထားတတ်သည်။

**ကျရာတာဝန်ထမ်းနိုင်ခြင်း**

လုပ်ငန်းငယ်များတွင် ကျရာတာဝန်ထမ်းဆောင်နိုင်သူသည်လည်း များစွာလိုအပ်သည်။ အချို့လုပ်သားများသည် လုပ်ငန်းတစ်မျိုးကိုသာ တစိုက်မတ်မတ်လုပ်တတ်ပြီး အခြားလုပ်ငန်းတစ်မျိုးကို ပြောင်းလဲလုပ်ကိုင်ရန် မတတ်သည်ကိုတွေ့နိုင်သည်။ လုပ်ငန်းငယ်များတွင်မူ ကျရာတာဝန်ကိုလုပ်ကိုင်တတ်သည့်လုပ်သားမျိုးကိုလည်း များစွာလိုအပ်သည်။ ထိုကဲ့သို့ လုပ်သားတစ်ဦးရှိလျှင် နေ့စဉ်လုပ်ငန်းများသည် လုပ်သားတစ်ဦးပျက်ကွက်ရုံဖြင့် ရပ်ဆိုင်း၊ စောင့်ဆိုင်းရခြင်းမျိုးမဖြစ်ဘဲ အချိန်နှင့်တစ်ပြေးညီ လုပ်ကိုင်နိုင်သည်ကို တွေ့ရတတ်သည်။ ထိုကဲ့သို့ ကျရာတာဝန်ထမ်းနိုင်သည့် လုပ်ငန်းမျိုးစုံကို ကျွမ်းကျင်သူလုပ်သားတစ်ဦးသည် အခြားပူးတွဲဆောင်ရွက်ရသည့်လုပ်သားများကို လက်တွဲ၍ အကောင်အထည်ဖော်တတ်သည်။ ၎င်းတို့၏ လုပ်ငန်းကိုနားလည်နေသဖြင့် လုပ်ငန်းအတွင်း အထစ်အငေါ့မရှိအောင် ဆောင်ရွက်ပေးတတ်သည်။

> ❖ လုပ်ငန်းငယ်များတွင် ကျရာတာဝန်ထမ်းဆောင်နိုင်သူသည်လည်း များစွာလိုအပ်သည်။ အချို့လုပ်သားများသည် လုပ်ငန်းတစ်မျိုးကိုသာ တစိုက်မတ်မတ်လုပ်တတ်ပြီး အခြားလုပ်ငန်းတစ်မျိုးကို ပြောင်းလဲလုပ်ကိုင်ရန်မတတ်သည်ကို တွေ့နိုင်သည်။ လုပ်ငန်းငယ်များတွင်မူ ကျရာတာဝန်ကို လုပ်ကိုင်တတ်သည့်လုပ်သားမျိုးကိုလည်း များစွာလိုအပ်သည်။ ထိုကဲ့သို့ လုပ်သားတစ်ဦးရှိလျှင် နေ့စဉ်လုပ်ငန်းများသည် လုပ်သားတစ်ဦးပျက်ကွက်ရုံဖြင့် ရပ်ဆိုင်း၊ စောင့်ဆိုင်းရခြင်းမျိုးမဖြစ်ဘဲ အချိန်နှင့်တစ်ပြေးညီလုပ်ကိုင်နိုင်သည်ကိုတွေ့ရတတ်သည်။ ထိုကဲ့သို့ ကျရာတာဝန်ထမ်းနိုင်သည့်လုပ်ငန်းမျိုးစုံကို ကျွမ်းကျင်သူလုပ်သားတစ်ဦးသည် အခြားပူးတွဲဆောင်ရွက်ရသည့် လုပ်သားများကို လက်တွဲ၍ အကောင်အထည်ဖော်တတ်သည်။❖

**အငြင်းပွားမှုများကို ဖြေရှင်းနိုင်ခြင်း**

လုပ်ငန်းငယ်များတွင် လုပ်သား သုံး၊ လေးဦးသာရှိသဖြင့် တစ်ဦးနှင့်တစ်ဦးဖြစ်စေ၊ လုပ်ငန်းရှင်ဖြင့်ဖြစ်စေ အငြင်းပွားမှုများရှိပါက ဖြေရှင်းပေးတတ်သူ၊ သို့မဟုတ် အငြင်းပွားမှုများမဖြစ်အောင် ဖြေရှင်းတတ်သူရှိရန်များစွာလိုအပ်သည်။ များသောအားဖြင့်လုပ်ငန်းရှင်က ရှင်းလင်းရသည်ဖြစ်သော်လည်း လုပ်သားများထဲတွင် အငြင်းပွားမှုများကို လုပ်သားအချင်းချင်း ဖြေရှင်းတတ်သူပါဝင်ပါက လုပ်ငန်းရပ်တန့်ရခြင်း၊ လုပ်ငန်းကျဆင်းရခြင်းမျိုးကို ကောင်းစွာရှောင်ရှားနိုင်သည်။ ထိုသူကြောင့် အချင်းချင်းခိုက်ရန်ဖြစ်ပွားခြင်း၊ မပြေလည်ခြင်းများကျဆင်းသဖြင့် လုပ်ငန်းပိုမိုတိုးတက်စေသည်။ များသောအားဖြင့် ယုံကြည်အားထားရသည့် လုပ်သားများသည်လည်း အငြင်းပွားမှုများကို ဖြေရှင်းပေးတတ်ကြသည်။ အထူးသဖြင့် လုပ်သားအချင်းချင်း လေးစားချစ်ခင်သူများသည် အငြင်းပွားမှုကို ဖြေရှင်းပေးနိုင်သူများဖြစ်လာတတ်သည်။

**ဆက်ဆံရေးကောင်းမွန်ခြင်း**

လုပ်ငန်းငယ်များတွင် လုပ်ငန်းရှင်သည်ပေါင်းသင်းဆက်ဆံရေးကောင်းသူဖြစ်ရန် အရေးကြီးသကဲ့သို့ လုပ်သားများအတွင်းတွင် ပေါင်းသင်းဆက်ဆံရေးကောင်းသူပါဝင်လာလျှင် လုပ်ငန်းသည် လျင်မြန်စွာကြီးထွားတိုးတက်လာတတ်သည်။ ဆက်ဆံရေးကောင်းသည့်လုပ်သားကြောင့် လုပ်ငန်းများအတွက် အဆက်အသွယ်များတိုးတက်လာနိုင်သည်။ ဆက်ဆံရေးကောင်းမွန်သည့် ဝန်ဆောင်မှုလုပ်ငန်းသည် တိုးတက်ကြီးပွားသည်သာဖြစ်သည်။ ဆက်ဆံရေးသည် ဝန်ဆောင်မှုလုပ်ငန်းများအတွက် ကြီးသည်၊ ငယ်သည်မဆို လိုအပ်ချက်တစ်ခုဖြစ်သည်။ လုပ်ငန်းငယ်များတွင်မူ လုပ်ငန်းအောင်မြင်ရေးအတွက် မဖြစ်မနေလိုအပ်သည်။ ထို့ကြောင့် ရှိသမျှလုပ်သားတိုင်းကို ဆက်ဆံရေးကောင်းမွန်စေရန်၊ စားသုံးသူများ လိုအပ်ချက်ကို နားလည်ရန်၊ စားသုံးသူများ ကျေနပ်နှစ်သက်မှုကို ဆောင်ရွက်ပေးနိုင်ရန် များစွာလိုအပ်သည်။ စားသုံးသူက အမြဲမှန်သည်ဆိုသောစကားကို ဦးထိပ်ထားပြီး ပေါင်းသင်းဆက်ဆံရေးကောင်းမွန်သည့် လုပ်သားများဖြစ်စေရန် မွေးမြူကြရမည်ဖြစ်သည်။ ပေါင်းသင်းဆက်ဆံရေးကောင်းသူများသည် လက်ဟန်ခြေဟန်အမူအရာ (Body Language) တို့ကို ကောင်းစွာနားလည်တတ်ပြီး လူသဘောကို သိသူများဟု ဆိုနိုင်သည်။ ထို့ကြောင့် ဖောက်သည်များ၊ စားသုံးသူများ၏ကျေနပ်မှုကို ရအောင်ဆောင်ရွက်တတ်ကြသည်။ ဖောက်သည်များ၏ကျေနပ်မှုသည် လုပ်ငန်းအောင်မြင်ခြင်းပင်ဖြစ်ပြီး ဖောက်သည်များကို ထပ်မံတိုးတက်လာစေသည်။

**သင်ယူလိုစိတ်အမြဲရှိခြင်း**

အချို့သောလုပ်သားများသည် အမြဲတမ်းနိုးကြားနေတတ်ပြီး သင်ယူလိုစိတ်အမြဲရှိတတ်ကြသည်။ ထိုကဲ့သို့သောလုပ်သားများသည် များစွာတန်ဖိုးရှိပြီး လုပ်ငန်းခွင်အတွင်းမှ သမားရိုးကျလုပ်ငန်းများကို ဆန်းသစ်တီထွင်မှုဖြစ်လာစေပြီး လုပ်ငန်းကို ပိုမိုအောင်မြင်စေသည်။ အတုယူနိုင်စွမ်းကြောင့် လုပ်ငန်းများစွာ တိုးတက်စေသည်။ လုပ်သားများတွင် သင်ယူလိုစိတ် နိုးကြားနေစေရန်လည်း သင်ကြားပေးရမည်ဖြစ်သည်။

အထက်ဖော်ပြပါအချက်များအပြင် လုပ်ငန်းငယ်လေးများအတွက် လိုအပ်ချက်လေးများမှာ များပြားသော်လည်း တစ်ဦးချင်း၏ အရည်အသွေးကောင်းမွန်ပါက လုပ်ငန်းအောင်မြင်တိုးတက်ရန် ပိုမိုကောင်းမွန်စေသည်။ ခေါင်းဆောင်နိုင်မှု၊ ပူးပေါင်းဆောင်ရွက်နိုင်မှု၊ အချိန်စီမံခန့်ခွဲနိုင်မှု၊ တီထွင်ဖန်တီးနိုင်မှု၊ တက်ကြွမှု၊ ပညာရှင်ဆန်မှု၊ ရိုးသားကြိုးစားမှု စသည့်အချက်များသည်လည်း လုပ်ငန်းငယ်များ၏ လုပ်သားများတွင် အရည်အချင်းများအဖြစ်ရှိနေရန် များစွာလိုအပ်သည်။ ဝန်ဆောင်မှုလုပ်ငန်းငယ်များတွင် လုပ်သားများသည် ပို၍ပင်အရေးပါသကဲ့သို့ရှိသည်။ ကုန်သည်နှင့် ပွဲရုံလုပ်ငန်းများသည်လည်း ဝန်ဆောင်မှုလုပ်ငန်းများပင် ဖြစ်သဖြင့် လုပ်သားများသည် အရေးပါသည်။ လုပ်သားများအပေါ် များစွာမှီခိုရသည်။ ထို့ကြောင့် အရည်အသွေးကောင်းလုပ်သားများရရန်မှာ များစွာအရေးကြီးသည်။ လုပ်ငန်းများအောင်မြင်မှုသည် လုပ်သားအပေါ်တွင် ရာခိုင်နှုန်းများစွာတည်နေသည်ကို တွေ့နိုင်သည်။ ကျွမ်းကျင်ပြီး ရိုးသားကြိုးစားသော၊ လုပ်ငန်းခွင်ကိုချစ်သော လုပ်သားများရရှိမှသာ လုပ်ငန်းငယ်လေးများအတွက် အောင်မြင်မှုကိုတက်လှမ်းနိုင်သည်။ လုပ်သားများ၏ ဖောက်သည်ကိုကြိုဆိုမှုတွင်ပင် နွေးထွေးမှု၊ ဖောက်သည်ကို အလေးထားမှုများပါဝင်နေရန် အလွန်အရေးကြီးသည်။ အပြုံးလေးတစ်ချက်ကပင် များစွာအရေးပါလှသည်ကို တွေ့ရသည်။ ဖောက်သည်ကို ဝန်ဆောင်မှုကောင်း မဖြစ်မနေပေးရမည်ဟု လုပ်သားများကခံယူပြီး စိတ်ကောင်းစေတနာကောင်းထားဆောင်ရွက်ရန် များစွာအရေးကြီးသည်ကို လုပ်ငန်းငယ်ပိုင်ရှင်များ မဖြစ်မနေသတိပြုရန်လိုအပ်ကြောင်း ရေးသားလိုက်ရပါသည်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

## ကထိန်ပွဲတော် ဆင်နွဲပျော်

\- ဘုံကထိန် အလှူပွဲကိုလ
ညီတူနွဲ့ သွားဖို့ပြင်၊
မြတ်သံဃာ ရည်မျှော်မှန်း
လှူဒါန်းစိုလင်၊
ကထိန်ပွဲ ဥတ်မ ပြင်
စိတ်ဘဝင် သဒ္ဓါကူး၊
ရွှေဘုန်းထေရ် ကျောင်းတော်မြတ်ကို
မှတ်တမ်းရည်စူး။

\- စာဂခွေ ရွှင်ကြည်နူး
ပူဇော်ထူး ကထိန်တော်၊
တစ်နှစ်မှာ တစ်ခါပြု
သာဓုလည်းခေါ်၊
တစ်ရွာလုံး ဖျိုးဟစ်အော်
လာကြနော် ရောင်းရင်းများ၊
လက်စုံညီ ဒါနလမ်းကို
တက်ယုံကြည် ထာဝရလှမ်းလို့
မြတ်စခန်းသွား။

\- ဤဇမ္ဗူ ပြိုင်စံရှား
ကုသိုလ်ပွား အောင်ပွဲပါ၊
တန်ဆောင်တိုင် ကထိန်ပွဲ
ဆင်နွဲလျက်သာ၊
ရေစက်ချ လှူဖွယ်ရာ
မြတ်ဓမ္မာ နာယူရင်း၊
အကျိုးဆောင်
မညှိုးအရောင် ပီတိလွှမ်းပါလို့
တည်ရှိမနွမ်း ငါးပါးမည်
အားထားရည် အမျှပေးကွယ်
အေးချမ်းသန့်ရှင်း။ ။

**မောင်မျိုးချစ်(အညာမြေ)**

# ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၀၄၁ ဧက စိုက်ပျိုးပြီးစီး

**ကသာ နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၀၄၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၉၇၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၄၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကသာခရိုင်မှာ ပဲတီစိမ်းဧက ၁၉၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော်စိုက်ပျိုးပြီးပါပြီ။ ကျန်ဧကတွေကို ဆက်လက်စိုက်ပျိုးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးရာမှာ တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေ ဆောင်ရွက်နေပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ယခုနှစ် ကသာခရိုင်တွင် ပဲတီစိမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် ၂၇၁ ဧက၊ အင်းတော်မြို့နယ်တွင် ဧက ၂၇၀၊ ထီးချိုင့်မြို့နယ်တွင် ဧက ၅၀၀ စုစုပေါင်း ၁၀၄၁ ဧကဖြစ်ကြောင်း၊ ကသာခရိုင်တွင် ပဲတီစိမ်းသီးနှံစိုက်ပျိုးရန်လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် ၄၉၇ ဧက၊ အင်းတော်မြို့နယ်တွင် ၄၂၈ ဧက၊ ထီးချိုင့်မြို့နယ်တွင် ၅၂၇ ဧက၊ ဗန်းမောက်မြို့နယ်တွင် ၅၂၇ ဧက စုစုပေါင်း ၁၉၇၉ ဧကဖြစ်ကြောင်း သိရသည်။

ကသာခရိုင်တွင် ယခုနှစ် ပဲတီစိမ်းစိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

# ကျောင်းကုန်းမြို့နယ် ကျောင်းအိုင်ကျေးရွာ၌ ကုန်ထုတ်လမ်း၊ တံတားဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ကျောင်းကုန်း နိုဝင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျောင်းအိုင်ကျေးရွာ၌ ကုန်ထုတ်လမ်း၊ တံတားဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျုံပျော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌေး၊ ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝါဝါမြတ်မွန်နှင့် တာဝန်ခံအင်ဂျင်နီယာများက ကျောင်းအိုင်ကျေးရွာ၌ ကုန်ထုတ်လမ်း၊ တံတားဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကုမ္ပဏီတာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကျောင်းကုန်းမြို့နယ် ကျောင်းအိုင်ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အရှည် တစ်မိုင်ငါးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ကျောက်ချောခင်းခြင်းနှင့် အဆိုပါကုန်ထုတ်လမ်းပေါ်တွင် အရှည် ငါးပေ၊ အကျယ် ၁၅ ပေ၊ အမြင့် ငါးပေရှိ Box Culvert တံတားလေးစင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၅၀ ဒသမ ၆၈ သန်းဖြင့် တင်ဒါအောင်မြင်သည့် အောင်ထိုက်စံကုမ္ပဏီက နိုဝင်ဘာ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၄၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျောင်းအိုင်ကျေးရွာရှိ အိမ်ထောင်စု ၁၇၄ စု၊ လူ ၇၂၉ ဦးတို့၏ စိုက်ဧကများမှ ထွက်ရှိသောသီးနှံများ ဈေးကွက်သို့ အလွယ်တကူ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌေးထံမှ သိရသည်။

**သံသာ**

# သရက်မြို့နယ် ရေဘွက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သရက် နိုဝင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေဘွက်ကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေထုတ်ချေးခြင်းကို နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ခြင်းကြောင့်ရရှိလာမည့်အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးမည့်အသင်းဝင်များအနေဖြင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုသည့်အချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်းအဖွဲ့ဝင်များက ရေဘွက်ကျေးရွာ၌ ဆီထွက်သီးနှံစိုက်ပျိုးမည့် တောင်သူ ၄၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေ ငွေကျပ် ၁၀၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဝင်းမာ**

# နိုင်ငံတကာ သတင်းများ

## မြောက်ကိုရီးယားသူလျှိုဂြိုဟ်တုလွှတ်တင်မှုကို သုံးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ ဖုန်းခေါ် ဆိုဆွေးနွေး

**ဝါရှင်တန် နိုဝင်ဘာ ၂၅**

အမေရိကန်၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများသည် မြောက်ကိုရီးယားသူလျှိုဂြိုဟ်တုလွှတ်တင်မှုပြဿနာနှင့်ပတ်သက်၍ နိုဝင်ဘာ ၂၄ ရက်တွင် ဖုန်းခေါ်ဆို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံက နိုဝင်ဘာ ၂၁ ရက်တွင် ပြုလုပ်ခဲ့သည့် သူလျှိုဂြိုဟ်တုလွှတ်တင်မှုကို အမေရိကန်၊ တောင်ကိုရီးယားနှင့် ဂျပန်အစိုးရတို့က ပြင်းထန်စွာရှုတ်ချခဲ့ကြပြီးဖြစ်သည်။

နိုဝင်ဘာ ၂၄ ရက်တွင်လည်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးအန်တိုနီဘလင်ကန်၊ တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ပက်ခ်ျင်နှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးကာမီကာဝါယိုကိုတို့သည် ဖုန်းခေါ်ဆိုဆွေးနွေးခဲ့ကြပြီး မြောက်ကိုရီးယား သူလျှိုဂြိုဟ်တုလွှတ်တင်မှုကို ရှုတ်ချခဲ့ကြကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ပထမဆုံးသူလျှိုဂြိုဟ်တုကို နိုဝင်ဘာ ၂၁ ရက်တွင် ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ နိုဝင်ဘာ ၂၁ ရက်တွင်ပို့ဆောင်နိုင်ခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံက ကြေညာထားသည်။

မြောက်ကိုရီးယား နိုင်ငံသည် ယခုနှစ်အတွင်း သူလျှိုဂြိုဟ်တုလွှတ်တင်ရေးအတွက် သုံးကြိမ်ကြိုးပမ်းခဲ့ရာ နိုဝင်ဘာ ၂၁ရက်တွင် ပြုလုပ်ခဲ့သည့် တတိယအကြိမ်ကြိုးပမ်းမှုတွင်ဂြိုဟ်တုကို အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယား သူလျှိုဂြိုဟ်တုလွှတ်တင်မှုကို ကုလသမဂ္ဂဆုံးဖြတ်ချက်များကို ချိုးဖောက်မှုအဖြစ် အမေရိကန်နှင့် မဟာမိတ်နိုင်ငံများက ဝေဖန်ထားသော်လည်း ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်ခွင့်ကို ကျင့်သုံးသည့်အနေဖြင့် ယင်းဂြိုဟ်တုကို လွှတ်တင်ခဲ့ခြင်းအဖြစ် မြောက်ကိုရီးယား ခေါင်းဆောင်ကင်ဂျုံအန်က တုံ့ပြန်ထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## အရှေ့အာဖရိက စီးပွားရေးဘုံအဖွဲ့၌ အဖွဲ့ဝင်အဖြစ် ဆိုမာလီယာ ပါဝင်လာ

**မိုဂါဒစ်ရှူး နိုဝင်ဘာ ၂၅**

ဆိုမာလီယာနိုင်ငံသည် အရှေ့အာဖရိကစီးပွားရေးဘုံအဖွဲ့၌ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် နိုဝင်ဘာ ၂၄ ရက်တွင် တရားဝင်ပါဝင်ခွင့်ရခဲ့ပြီဖြစ်ကြောင်း သိရသည်။

ဆိုမာလီယာနိုင်ငံသည် အရှေ့အာဖရိက စီးပွားရေးဘုံအဖွဲ့ (အီးအေစီ)၏ အဋ္ဌမမြောက်အဖွဲ့ဝင်နိုင်ငံဖြစ်သည်။

အီးအေစီအဖွဲ့ကို မူလက အရှေ့အာဖရိက နိုင်ငံများဖြစ်ကြသော ဘူရွန်ဒီ၊ ကွန်ဂိုဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၊ ကင်ညာ၊ ရဝမ်ဒါ၊ တောင်ဆူဒန်၊ တန်ဇန်းနီးယားနှင့်ယူဂန္ဒာနိုင်ငံတို့ဖြင့်ဖွဲ့စည်းထားခြင်းဖြစ်သည်။

ဆိုမာလီယာနိုင်ငံ အနေဖြင့် အီးအေစီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရခဲ့ပြီဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်းနိုင်ငံများနှင့် မိတ်ဖက်ဆက်ဆံရေးများတည်ဆောက်ရေးတို့အတွက် လမ်းစပွင့်ခဲ့ပြီဖြစ်ကြောင်း ဆိုမာလီယာ ပြန်ကြားရေးဝန်ကြီးဌာနကသတင်းထုတ်ပြန်ထားသည်။

အဖွဲ့ဝင်အဖြစ် ဆိုမာလီယာနိုင်ငံပါဝင်လာမှုကြောင့် အရှေ့အာဖရိကကုန်သွယ်ရေးဘုံအဖွဲ့၏ ဈေးကွက် ပိုမိုကျယ်ပြန့်လာမည်ဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများ၏ ကမ်းရိုးတန်းအရှည်မှာလည်း မိုင်ပေါင်း ၁၈၀၀၀ထိ ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

အီးအေစီသည် ဒေသတွင်း နိုင်ငံများကြား စီးပွားရေးအရပေါင်းစည်းမှုကိုအထိုက်အလျောက် အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့သော်လည်း အခြားကုန်သွယ်ရေးအုပ်စုများကဲ့သို့ပင် ကြိုးနီစနစ်ပြဿနာ၊အဖွဲ့ဝင်နိုင်ငံများနိုင်ငံရေးမတည်ငြိမ်မှုပြဿနာ၊ ကုန်သွယ်ရေးအငြင်းပွားမှု ပြဿနာများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ဂျာမနီနိုင်ငံ၏ ယခုနှစ်တတိယသုံးလပတ်စီးပွားရေးတန်ဖိုး အနည်းငယ်ကျုံ့ဝင်ခဲ့



**ဘာလင် နိုဝင်ဘာ ၂၅**

ဂျာမနီနိုင်ငံ၏ ယခုနှစ်တတိယသုံးလပတ်စီးပွားရေးမှာ ဒုတိယသုံးလပတ် စီးပွားရေးတန်ဖိုးနှင့် နှိုင်းယှဉ်ပါက အနည်းငယ်ကျုံ့ဝင်သွားကြောင်း နိုဝင်ဘာ ၂၄ ရက် သတင်းများအရ သိရသည်။

ယခုနှစ် တတိယသုံးလပတ်ကာလ ဂျာမနီနိုင်ငံ၏ စီးပွားရေးတန်ဖိုးမှာ ဒုတိယသုံးလပတ်နှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၁ ရာခိုင်နှုန်း ကျုံ့ဝင်ခဲ့သည်ဟု ဂျာမနီအစိုးရ တရားဝင်စာရင်းဇယားများတွင် ဖော်ပြထားကြောင်း သိရသည်။

ယခုနှစ် ပထမခြောက်လတာကာလအတွင်း စီးပွားရေးဖွံ့ဖြိုးမှုနှုန်းအားနည်းခဲ့ရပြီးနောက် ဂျာမနီနိုင်ငံ၏ စီးပွားရေးတန်ဖိုးမှာ ယခုနှစ် ဒုတိယသုံးလပတ်မှစ၍ ကျဆင်းလာခဲ့ရကြောင်း ဂျာမနီအစိုးရစာရင်းအင်းဗျူရိုတာဝန်ရှိသူများက သုံးသပ်ထားသည်။

ဂျာမနီနိုင်ငံသည် စွမ်းအင်သုံးစွဲမှုကုန်ကျစရိတ် မြင့်မားခြင်း၊ ကမ္ဘာတစ်ဝန်းမှ ထုတ်ကုန်အမှာစာများဝင်ရောက်မှု ကျဆင်းလာခြင်း၊ အတိုးနှုန်း မြင့်မားခြင်းတို့ကြောင့် ယခုနှစ်၏ စီးပွားရေးဖွံ့ဖြိုးမှုအားအနည်းဆုံး ဥရောပနိုင်ငံများထဲတွင် ပါဝင်ခဲ့ရသည်။

ယခုနှစ် တတိယသုံးလပတ်ကာလ ဂျာမနီနိုင်ငံ၏ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုတန်ဖိုး(ဂျီဒီပီ)မှာလည်း ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက သုည ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း သိရသည်။

ဂျာမနီနိုင်ငံသည် ဥရောပတိုက်၏ စီးပွားရေးအင်အားအကြီးမားဆုံး နိုင်ငံဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုက ဒုတိယအကြိမ်လွှတ်ပေးမည့် ဓားစာခံများစာရင်း အစ္စရေးနိုင်ငံလက်ခံရရှိ

**ဂျေရုဆလင် နိုဝင်ဘာ ၂၅**

ဂါဇာအခြေစိုက်ဟားမတ်စ်အုပ်စုက ယနေ့တွင် ထပ်မံလွှတ်ပေးမည့် ဓားစာခံများစာရင်းကို အစ္စရေးနိုင်ငံက လက်ခံရရှိထားသည်။

တိုက်ပွဲများ လေးရက်ကြာရပ်ဆိုင်းထားရေးအစီအစဉ်အရ ဟားမတ်စ်အုပ်စုသည် နိုဝင်ဘာ ၂၄ ရက်တွင် ပထမအကြိမ် ဓားစာခံ ၂၄ ဦးကို ပြန်လွှတ်ပေးခဲ့ပြီဖြစ်သည်။

လက်ရှိအချိန်တွင် ဟားမတ်စ်အုပ်စုက ယနေ့တွင် ထပ်မံလွှတ်ပေးမည့် ဓားစာခံများစာရင်းကို လက်ခံရထားပြီး ယင်းစာရင်းအား အစ္စရေး လုံခြုံရေးတာဝန်ရှိသူများက စစ်ဆေးသုံးသပ်နေကြောင်း အစ္စရေး အစိုးရတာဝန်ရှိသူများက ပြောကြားခဲ့သည်။

နိုဝင်ဘာ ၂၄ ရက်တွင် စတင်ခဲ့သည့် လေးရက်ကြာတိုက်ပွဲများရပ်ထားရေးသဘောတူညီချက်အရ ဖမ်းဆီးထားသောဓားစာခံများအနက် ဦးရေ၅၀ပြန်လွှတ်ပေးရန် ဟားမတ်စ်အုပ်စုက သဘောတူထားသည်။

ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုသည် အောက်တိုဘာ ၇ရက်တွင် အစ္စရေးတောင်ပိုင်းမြို့များကို ဝင်ရောက် တိုက်ခိုက်ခဲ့ပြီးနောက် ဓားစာခံဦးရေ ၂၄၀ ကျော်ကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

လေးရက်ကြာ တိုက်ပွဲများရပ်ထားရေးသဘောတူညီချက်အရ အပစ်အခတ်ရပ်စဲမှုကာလ ပြီးဆုံးချိန်တွင် တိုက်ပွဲများပြန်စမည်ဖြစ်သည်ဟု အစ္စရေးနှင့်ဟားမတ်စ်အုပ်စုနှစ်ဖက်စလုံးက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ပါကစ္စတန်နိုင်ငံတောင်ပိုင်း ကရာချိမြို့ ဈေးဝယ်ကုန်တိုက်တစ်ခု၌ မီးလောင်ကျွမ်းမှုဖြစ်ပွား၊ အနည်းဆုံး ကိုးဦးသေဆုံး



**ကရာချိ နိုဝင်ဘာ ၂၅**

ပါကစ္စတန်နိုင်ငံ တောင်ပိုင်း ကရာချိမြို့ ဈေးဝယ်ကုန်တိုက်တစ်ခု၌ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူကိုးဦးသေဆုံးခဲ့ရကြောင်း ပါကစ္စတန်တာဝန်ရှိသူများက ယနေ့တွင် ပြောကြားခဲ့သည်။

အာရ်ဂျေ ရှော့ပင်းမောလ်အမည်ရှိ အဆိုပါဈေးဝယ်ကုန်တိုက် မီးလောင်ကျွမ်းမှုသည် ယနေ့နံနက်ပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပါကစ္စတန်မီဒီယာများ၏အဆိုအရ သိရသည်။

မီးလောင်ကျွမ်းမှု ဖြစ်ပွားနေစဉ် မီးသတ်တပ်ဖွဲ့ဝင်များက လူပေါင်း ၅၀ခန့်ကို ကယ်ထုတ်နိုင်ခဲ့သော်လည်း ကုန်တိုက်အဆောက်အအုံအတွင်း ပိတ်မိနေသူများရှိနေဆဲဖြစ်သည်။

လက်ရှိအချိန်တွင် အာရ်ဂျေ ရှော့ပင်းမောလ်မီးလောင်မှုကြောင့် သေဆုံးသူ ကိုးဦးတို့၏ရုပ်အလောင်းများကို ရှာဖွေအတည်ပြုထားနိုင်ကြောင်း ကရာချိမြို့တော်တာဝန်ရှိသူများက ပြောကြားခဲ့သည်။


တစ်ချိန်တည်းမှာပင် ရှာဖွေကယ်ဆယ်ရေးသမားများကလည်း အာရ်ဂျေရှော့ပင်းမောလ်အဆောက်အအုံအတွင်း ရှာဖွေရေးလုပ်ငန်းများဆက်လုပ်နေဆဲဖြစ်သည်။

အာရ်ဂျေ ရှော့ပင်းမောလ် ကုန်တိုက်မီးလောင်မှုဖြစ်ပွားရခြင်း အကြောင်းရင်းကို စုံစမ်းစစ်ဆေးမည်ဖြစ်သည်ဟု ပါကစ္စတန်တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## နေအဖွဲ့ အစည်းပြင်ပဂြိုဟ်တစ်စင်း၏လေထုလွှာအတွင်း မီသိန်းဓာတ်ငွေ့နှင့် ရေငွေ့များတည်ရှိမှုကို ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က ထောက်လှမ်းတွေ့ရှိခဲ့




**ဝါရှင်တန် နိုဝင်ဘာ ၂၅**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် ကြာသပတေးဂြိုဟ်နှင့် ဖွဲ့စည်းပုံချင်းတူသော နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်း၏ လေထုလွှာအတွင်း မီသိန်းဓာတ်ငွေ့နှင့် ရေငွေ့များတည်ရှိမှုကို ထောက်လှမ်းတွေ့ရှိခဲ့ကြောင်း နိုဝင်ဘာ ၂၄ ရက် သတင်းများအရ သိရသည်။

WASP-80b အမည်ရှိအဆိုပါဂြိုဟ်သည် ကမ္ဘာမြေနှင့်အလင်းနှစ် ၁၆၃ နှစ်အကွာတွင် တည်ရှိသည့် ရောမဓာတ်ငွေ့ဂြိုဟ်ကြီးတစ်စင်းဖြစ်ကြောင်း သိရသည်။

မိခင်ကြယ်၏ မျက်နှာတည့်တည့် WASP-80b ဂြိုဟ်ဖြတ်သန်းမှုကို ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်ဖြင့် စောင့်ကြည့်ခဲ့ပြီးနောက် အဆိုပါဂြိုဟ်လေထုလွှာအတွင်းရှိ မီသိန်းဓာတ်ငွေ့နှင့် ရေငွေ့များကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

WASP-80b ဂြိုဟ်သည် မိခင်ကြယ်ဖြစ်သည့် အနီရောင်ကြယ်သိမ်တစ်စင်းကို ဗဟိုပြုလှည့်ပတ်လျက်ရှိပြီး မျက်နှာပြင်အပူချိန်မှာ ၁၀၂၅ ဒီဂရီဖယ်ရင်ဟိုက်ထိရှိကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် ယခုနှစ်အစပိုင်းကလည်း ကေ ၂-၁၈ ဘီ အမည်ရှိ နေအဖွဲ့အစည်းပြင်ပဂြိုဟ်တစ်စင်း၏ လေထုလွှာအတွင်း မီသိန်းဓာတ်ငွေ့ တည်ရှိမှုကို ထောက်လှမ်းတွေ့ရှိခဲ့ဖူးသည်။

နာဆာအဖွဲ့သည် ဂျိမ်းစ်ဝက်ဘ် အာကာသ ရေဒီယိုတယ်လီစကုပ်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## ILMT ရေဒီယိုတယ်လီစကုပ်စနစ်က ပထမဆုံးသော စူပါနိုဗာကြယ်ပေါက်ကွဲမှုကို ထောက်လှမ်းတွေ့ရှိ

**နယူးဒေလီ နိုဝင်ဘာ ၂၅**

အိန္ဒိယနိုင်ငံက အသစ်တည်ဆောက်ထားသည့် ILMT အမည်ရှိ ရေဒီယိုတယ်လီစကုပ်စနစ်သည် ၎င်း၏ပထမဆုံးသော စူပါနိုဗာကြယ်ပေါက်ကွဲမှုကို ထောက်လှမ်းတွေ့ရှိခဲ့ကြောင်း နိုဝင်ဘာ ၂၄ ရက် သတင်းများအရ သိရသည်။

ILMT ရေဒီယိုတယ်လီစကုပ်စနစ်က ရှာဖွေတွေ့ရှိခဲ့သည့် စူပါနိုဗာကြယ်ပေါက်ကွဲမှုကို SN 2023 of ဟူ၍ သိပ္ပံပညာရှင်များက အမည်ပေးထားသည်။

စူပါနိုဗာကြယ်ပေါက်ကွဲမှုများသည် အလွန်ပြင်းထန်၍ အလင်းအားမြင့်မားသည့် ကြယ်ပေါက်ကွဲမှုဖြစ်စဉ်ကြီးများ ဖြစ်ကြသည်။

အိန္ဒိယနိုင်ငံ၏ ILMT တယ်လီစကုပ်သည် အချင်းလေးမီတာရှိ မှန်းတည်မှတ် ရေဒီယိုတယ်လီစကုပ်အမျိုးအစားဖြစ်သည်။

၎င်းရေဒီယိုတယ်လီစကုပ်စနစ်အနေဖြင့် လာမည့်နှစ်များအတွင်း စူပါနိုဗာကြယ် ပေါက်ကွဲမှုဖြစ်စဉ်မြောက်မြားစွာကို ထပ်မံတွေ့ရှိနိုင်သည်ဟု အိန္ဒိယသိပ္ပံပညာရှင်များက ယုံကြည်ထားကြောင်း သိရသည်။




ILMT ရေဒီယိုတယ်လီစကုပ်စနစ်သည် အိန္ဒိယနိုင်ငံ ဥတ္တရာခန်းပြည်နယ် ဒိုင်နီတယ်လ်မြို့၌ တည်ရှိကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## အလွန်ကြီးမားသည့် ရေအောက်တောင်ကုန်းတစ်ခုကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိခဲ့

**ဝါရှင်တန် နိုဝင်ဘာ ၂၅**

ဂွါတီမာလာနိုင်ငံ ကမ်းရိုးတန်းပင်လယ်ကြမ်းပြင်ဒေသကို မြေပုံရေးဆွဲနေသည့် သိပ္ပံပညာရှင်များသည် အလွန်ကြီးမားသည့် ရေအောက် တောင်ကုန်းတစ်ခုကို ရှာဖွေတွေ့ရှိခဲ့ကြောင်း နိုဝင်ဘာ ၂၄ ရက် သတင်းများအရ သိရသည်။





အဆိုပါရေအောက်တောင်ကုန်းသည် အမြင့် ၅၂၄၉ ပေထိရှိရာ ကမ္ဘာ့အမြင့်ဆုံး အဆောက်အအုံဖြစ်သည့် ဘာ့ဂျ်ခါလီဖာ အဆောက်အအုံထက် နှစ်ဆပိုမြင့်ကြောင်း သိရသည်။

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)နိုင်ငံ ဒူဘိုင်းမြို့၌တည်ရှိသည့် ဘာ့ဂျ်ခါလီဖာအဆောက်အအုံမှာ အမြင့် ၂၇၂၂ ပေသာရှိကြောင်း သိရသည်။

ဂွါတီမာလာကမ်းရိုးတန်း ကမ်းလွန်ရှိ ရေအောက်တောင်ကုန်းကို အမေရိကန် သိပ္ပံပညာရှင်များက ပဲ့တင်လှိုင်းပြန် ထောက်လှမ်းရေးစနစ်ကိုသုံး၍ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ပင်လယ်ရေအောက်တောင်ကုန်းသည် ရေမျက်နှာပြင်အောက် အနက် ၇၈၇၄ ပေတွင် တည်ရှိပြီး အောက်ခြေအဝန်းမှာ စတုရန်းကီလိုမီတာ ၁၄ ကီလိုမီတာထိရှိနိုင်ကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

ပင်လယ်ရေအောက် တောင်ကုန်းများသည် ရေနေဇီဝမျိုးစုံမျိုးကွဲများကြွယ်ဝသည့် ရေအောက်နယ်မြေများ ဖြစ်ကြကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## ကိုယ်အလေးချိန်ပုံမှန်ထက်တိုးလာပါက ကင်ဆာရောဂါတချို့ ဖြစ်ပွားနိုင်ခြေမြင့်တက်နိုင်

**နယူးယောက် နိုဝင်ဘာ ၂၅**

ကိုယ်အလေးချိန် ပုံမှန်ထက်တိုးလာပါက ကင်ဆာရောဂါတချို့ ဖြစ်ပွားနိုင်ခြေ ပုံမှန်ထက် ၁၁ ရာခိုင်နှုန်း မြင့်တက်လာနိုင်ကြောင်း နိုဝင်ဘာ ၂၄ ရက် သတင်းများအရ သိရသည်။

ကိုယ်အလေးချိန် ပုံမှန်ထက် တိုးလာပါက ဖြစ်ပွားနိုင်သည့် ကင်ဆာရောဂါများထဲတွင် အူမကြီးကင်ဆာ၊ ရင်သားကင်ဆာနှင့် ပန်ကရိယကင်ဆာရောဂါတို့လည်း ပါဝင်ကြောင်း သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိထားသည်။

အမေရိကန်နိုင်ငံ အခြေစိုက် နိုင်ငံတကာ ကင်ဆာသုတေသနအေဂျင်စီမှ သုတေသနပညာရှင်များသည် လူပေါင်း ၆၀၀၀၀၀ ခန့်ကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ကိုယ်ခန္ဓာဖြပ်ထုအညွှန်းကိန်း (ဘီအမ်အိုင်) ၌ ငါးမှတ်မြင့်တက်လာတိုင်း အဝလွန်မှုနှင့်ဆက်စပ်နေသည့် ကင်ဆာရောဂါဖြစ်နိုင်ခြေလည်း ၁၁ ရာခိုင်နှုန်း မြင့်တက်လာနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ဘီအမ်အိုင်အညွှန်းကိန်းပုံမှန်ထက်ပိုလာပါက နှလုံးသွေးကြောရောဂါများ မရှိသူ၊ ပုံစံ-၂ ဆီးချိုရောဂါမရှိသူများမှာပင်လျှင် အဝလွန်မှုနှင့်ဆက်စပ်နေသည့် ကင်ဆာရောဂါများဖြစ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း သိရသည်။

ကိုယ်အလေးချိန် ပုံမှန်ထက်လွန်ကဲလာပါက ကင်ဆာဆဲလ်များကြီးထွားမှုကို အားပေးတတ်သည့် ရောင်ရမ်းမှုပြဿနာများ ပေါ်လာတတ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## အသားငါးများ၌တွေ့ရသည့်မော်လီကျူးတစ်မျိုးက ကင်ဆာဆဲလ်များကို ဖျက်ဆီးရှင်းလင်းပေးနိုင်

**နယူးယောက် နိုဝင်ဘာ ၂၅**

အသားငါးများ၌ တွေ့ရသည့် မော်လီကျူးတစ်မျိုးသည် ကင်ဆာဆဲလ်များကို ဖျက်ဆီးရှင်းလင်းပေးနိုင်ကြောင်း သုတေသနပညာရှင်များက နိုဝင်ဘာ ၂၄ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ ချီကာဂိုတက္ကသိုလ်မှ သုတေသနပညာရှင်များသည် ကင်ဆာဆဲလ်များကြီးထွားမှုအပေါ် အကျိုးသက်ရောက်မှုရှိသည့် အာဟာရဓာတ်အမျိုးမျိုးကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ Trans Vaccenic Acid (TVA) ခေါ် အဆီမော်လီကျူးတစ်မျိုးသည် ကင်ဆာဆဲလ်များအတွင်း ထိုးဖောက်ဝင်ရောက်၍ ဖျက်ဆီးနိုင်စွမ်းရှိသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် သွေးအတွင်း TVA မော်လီကျူးပါဝင်မှု မြင့်မားသူကင်ဆာလူနာများသည် ကုထုံးများကို သာမန်ထက်ပို၍ တုံ့ပြန်နိုင်စွမ်းရှိကြောင်း အမေရိကန် သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့သည်။

TVA မော်လီကျူးကြွယ်ဝသည့် အစားအစာများ ကင်ဆာလူနာများကို ကျွေးမွေးခြင်း၊ ၎င်းမော်လီကျူးများကို ဖြည့်စွက်ဆေးအဖြစ် တိုက်ကျွေးခြင်းတို့ဖြင့် ကင်ဆာဆဲလ်များ အရွယ်အစားကိုလျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

ဓာတ်ခွဲခန်း စမ်းသပ်မှုရလဒ်များအရ TVA သည် ကြွက်များ၏ အရေပြားကင်ဆာဆဲလ်များကြီးထွားလာနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# နိုင်ငံတကာ အားကစားသတင်းများ

## မန်ယူကွင်းလယ်ကစားသမားမေဆင်မောင့် ဒဏ်ရာပြဿနာကြောင့် တစ်လခန့်အနားယူရမည်

**မန်ချက်စတာ နိုဝင်ဘာ ၂၅**

မန်ယူအသင်း ကွင်းလယ်ကစားသမား မေဆင်မောင့်သည် နိုင်ငံတကာပြိုင်ပွဲကာလပြီးဆုံးပြီးနောက် အသင်းနှင့်ပြုလုပ်ခဲ့သည့် လေ့ကျင့်ရေးအစီအစဉ်တွင် ခြေသလုံးကြွက်သားဒဏ်ရာ ရရှိခဲ့သောကြောင့် တစ်လခန့်အနားယူရမည်ဖြစ်ကြောင်း အသင်းတာဝန်ရှိသူများက ထုတ်ပြန်ခဲ့သည်။

မေဆင်မောင့်သည် လာမည့်တနင်္ဂနွေနေ့တွင် ကစားရမည့် အဲဗာတန်အသင်းနှင့် ပွဲစဉ်အတွက် ပြုလုပ်ခဲ့သည့် လေ့ကျင့်ရေးအစီအစဉ်တွင် ခြေသလုံးကြွက်သားဒဏ်ရာရရှိခဲ့သဖြင့် အသင်းဆေးအဖွဲ့က လိုအပ်သည့်စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ၎င်း၏ဒဏ်ရာမှာ ရက်သတ္တသုံးပတ် သို့မဟုတ် လေးပတ်ခန့် အနားယူရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အသက် ၂၄ နှစ်ရှိ ကွင်းလယ်ကစားသမား မေဆင်မောင့်သည် ပြီးခဲ့သည့်နွေရာသီက ချဲလ်ဆီးအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင်သန်း ၆၀ ဖြင့်ရောက်ရှိခဲ့ပြီးနောက် အသင်းတွင် ပုံစံကောင်းရရှိရန် ရုန်းကန်ခဲ့ရသည့်အပြင် ပြီးခဲ့သည့်လကလည်း ဒဏ်ရာပြဿနာကြောင့် ပြိုင်ပွဲစုံခြောက်ပွဲခန့်လွဲချော်ခဲ့ရပြီး လက်ရှိတွင်လည်း ခြေသလုံးဒဏ်ရာကြောင့် တစ်လခန့်ထပ်မံအနားယူရမည်ဖြစ်သည်။

လက်ရှိ မန်ယူအသင်းတွင် ခံစစ်ကစားသမား လုခ်ရှော၊ မာလာစီယာ၊ အီဗန်၊မာတီနက်ဇ်၊ ဂိုးသမားအိုနာနာ၊ ကွင်းလယ်ကစားသမားအယ်ရစ်ဆင်၊ ကက်စမဲရိုး၊ တိုက်စစ်မှူးပယ်လီစထရီ၊ဟိုက်လန်းတို့အပြင် မေဆင်မောင့်လည်း ဒဏ်ရာ ထပ်မံရရှိခဲ့သောကြောင့် ဒဏ်ရာရကစားသမား များပြားနေသော်လည်း နည်းပြတန်ဟတ်က လုခ်ရှော၊ အိုနာနာ၊ ဟိုက်လန်းတို့အနေဖြင့် လာမည့်အဲဗာတန်အသင်းနှင့်ပွဲစဉ်တွင် ပါဝင်နိုင်မည်ဟု ထုတ်ဖော် ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**



### အားကစားသတင်း အတိုအထွာများ

- လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ကွင်းလယ်ကစားသမား ကက်စမဲရိုးကိုခေါ်ယူလိုသည့် အသင်းများအနေဖြင့် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၅၀ ပေးချေနိုင်ပါက လက်လွှတ်သွားမည်ဖြစ်ကြောင်း မန်ယူအသင်းက ထုတ်ပြန်ခဲ့သည်။
- ကိုလုံးအသင်းနှင့်ပွဲစဉ်တွင် အနိုင်ဂိုးသွင်းယူခဲ့သည့်တိုက်စစ်မှူးဟယ်ရီကိန်းသည် ယခုနှစ် ဘွန်ဒက်လီဂါတွင် သွင်းဂိုး ၁၈ ဂိုးထိရှိလာခဲ့သောကြောင့် တိုက်စစ်မှူး ကီဗင်ကီဂန်းနှင့် ကွင်းလယ်ကစားသမား ဆန်ချိုတို့၏ ဂိုးသွင်းစံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။
- မန်ယူအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့က လေဗာကူဆင်အသင်းတွင်ခြေစွမ်းပြနေသည့် ခံစစ်ကစားသမား ဖရင်ပေါင်ကိုခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ML

### ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၁၂) ရလဒ်

| | | | | |
|---|---|---|---|---|
| ဒေါ့မွန် | ၄ | - | ၂ | ဂလာဘတ် |
| ဖရိုင်းဘတ် | ၁ | - | ၁ | ဒမ်စတက် |
| ယူနီယံဘာလင် | ၁ | - | ၁ | အော့စ်ဘတ် |
| ဝါဒါဘရီမင် | ၀ | - | ၃ | လေဗာကူဆင် |
| ဝုဖ်ဘတ် | ၂ | - | ၁ | လိုက်ပ်ဇစ် |

(ဝ၄ဝ)

## နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၀)တွင် ရှမ်းယူနိုက်တက်အသင်းက မဟာယူနိုက်တက်အသင်းကို လေးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိ



**ရန်ကုန် နိုဝင်ဘာ ၂၅**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၀)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက ပွဲစကတည်းက မဟာယူနိုက်တက် အသင်းကို ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၂၄ မိနစ်တွင် ရဲရင့်အောင်က ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီးနောက် တစ်မိနစ်အကြာ ပွဲချိန် ၂၅ မိနစ်တွင် မက်ဆာကီက ရှမ်းယူနိုက်တက်အသင်းအတွက် ဒုတိယဦးဆောင်ဂိုးကိုလည်းကောင်း၊ ပွဲချိန် ၃၁မိနစ်တွင် သက်ပိုင်ထွေးက တတိယဦးဆောင်ဂိုးကို လည်းကောင်း အသီးသီး သွင်းယူပေးနိုင်ခဲ့ပြီး ပထမပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက သုံးဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် မဟာယူနိုက်တက်အသင်းက ချေပဂိုးများအတွက် ပြန်လည်ဖိအားပေး ကစားခဲ့သော်လည်း ထိရောက်သည့်တိုက်စစ်ဆင်မှုမလုပ်နိုင်ခဲ့ဘဲ ရှမ်းယူနိုက်တက်အသင်းကပင် ဆက်လက်ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၇၆ မိနစ်တွင် လင်းထက်စိုးက ရှမ်းယူနိုက်တက်အသင်းအတွက် စတုတ္ထဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့ပြီးနောက် ပွဲချိန် ၉၁ မိနစ်တွင် ကောင်းမြတ်သူက မဟာယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသောချေပဂိုးကို သွင်းယူပေးနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက်အသင်းက မဟာယူနိုက်တက်အသင်းကို လေးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး အမှတ်ပေးဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် အကောင်းဆုံးကစားသမားဆုကို ရှမ်းယူနိုက်တက်အသင်းနှင့်အတူ ခြေစွမ်းပြသနိုင်ခဲ့ပြီး သွင်းဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့သည့် ကွင်းလယ်ကစားသမား လင်းထက်စိုးက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ **STA**

## Davis Cup တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဩစတြေးလျအသင်းက ဖင်လန်အသင်းကိုအနိုင်ရရှိ

**မာလာဂါ နိုဝင်ဘာ ၂၅**

စပိန်နိုင်ငံ မာလာဂါမြို့တွင် ကျင်းပနေသည့် Davis Cup တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ် ဩစတြေးလျအသင်းနှင့် ဖင်လန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဩစတြေးလျအသင်းက (၂-၀)ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲစဉ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဩစတြေးလျနှင့် ဖင်လန်အသင်းတို့ပွဲစဉ်တွင် တစ်ဦးချင်းပွဲစဉ်(၁)အဖြစ် ဩစတြေးလျအသင်းမှ ပေါ့ပရင်နှင့်ဖင်လန်အသင်းမှ ဗက်တာနင်တို့ယှဉ်ပြိုင်ကစားခဲ့ရာ ပေါ့ပရင်က(၇-၆၊ ၆-၂)ရလဒ်ဖြင့်အနိုင်ရရှိကာ ဩစတြေးလျအသင်းက (၁-၀)ရလဒ်ဖြင့် ဦးဆောင်ခွင့်ရသွားခဲ့သည်။

တစ်ဦးချင်း ပွဲစဉ်(၂)အဖြစ် ဩစတြေးလျအသင်းမှ အဲလက်စ်ဒီမီနော့နှင့် ဖင်လန်အသင်းမှ ရှုဆူဂူအိုရီတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အဲလက်စ်ဒီမီနော့က (၆-၄ ၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည့်အတွက် ဩစတြေးလျအသင်းက (၂-၀) ရလဒ်ဖြင့်အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲစဉ်အဆင့်သို့တက်ရောက်ခဲ့သည်။

ဩစတြေးလျအသင်းအနေဖြင့် ဗိုလ်လုပွဲစဉ်အဆင့်ကို နှစ်နှစ်ဆက်တိုက် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး ဩစတြေးလျအသင်းသည် ၂၀၀၃ ခုနှစ်နောက်ပိုင်း ချန်ပီယံဆုဖြင့်ဝေးကွာခဲ့ရသည့်အခြေအနေမှ ရုန်းထွက်နိုင်ရန် ပစ်မှတ်ထားနေသည်။

ဩစတြေးလျအသင်း၏ အသင်းခေါင်းဆောင်ဖြစ်သူ လေတန်က "Davis Cup တင်းနစ်ပြိုင်ပွဲမှာ လွယ်ကူတဲ့အဆင့်မရှိပါဘူး။အဆင့်အားလုံးမှာ အခက်အခဲတွေရှိပါတယ်။ အသင်းလိုက်ယှဉ်ပြိုင်ရတာဖြစ်တဲ့အတွက်ကြောင့် အသင်းသားအားလုံး ညီညွတ်နေဖို့လိုတယ်။ ဩစတြေးလျအသင်းသားတွေ ညီညီညွတ်ညွတ်နဲ့ ကစားနိုင်ခဲ့ကြလို့ ဗိုလ်လုပွဲစဉ်အဆင့်ကိုတက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : AZL**

## ကွင်းလယ်ကစားသမား ဂန်ဒိုဂမ်အနေဖြင့် ဆော်ဒီကလပ်အသင်းသို့ ပြောင်းရွှေ့ရန်ကြိုးပမ်းနေဟုဆို

**ဘာစီလိုနာ နိုဝင်ဘာ ၂၅**

ဘာစီလိုနာအသင်း နည်းပြဇာဗီက မကြာသေးမီကပြုလုပ်ခဲ့သည့် အင်တာဗျူးအစီအစဉ်တစ်ခုတွင် ဂန်ဒိုဂမ်နှင့်ပတ်သက်၍ မေးမြန်းခဲ့ရာတွင် ၎င်းအနေဖြင့် လာမည့်အပြောင်းအရွှေ့ကာလတွင် ဆော်ဒီကလပ်အသင်းသို့ပြောင်းရွှေ့နိုင်ကြောင်း အရိပ်အမြွက်ပြောကြားခဲ့သည်။

ကွင်းလယ်ကစားသမားဂန်ဒိုဂမ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက မန်စီးတီးအသင်းနှင့်အတူ အဓိကဆုဖလား သုံးလုံးရရှိခဲ့ပြီးနောက် စာချုပ်ကုန်ဆုံးချိန်တွင် ဘာစီလိုနာအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့်ရောက်ရှိခဲ့ကာ နည်းပြဇာဗီလက်အောက်တွင် ပြိုင်ပွဲစုံ ၁၇ ပွဲပါဝင်ကစားခဲ့ရာ သွင်းဂိုး တစ်ဂိုးသွင်းယူကာ ဂိုးဖန်တီးမှု ငါးကြိမ်ပြုလုပ်၍ ခြေစွမ်းပြသနိုင်ခဲ့သည်။

သို့သော် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ဂန်ဒိုဂမ်အနေဖြင့် ဘာစီလိုနာအသင်းတွင် ဆက်ဆံရေးအဆင်မပြေမှုများ ရှိလာသောကြောင့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ဆော်ဒီကလပ်အသင်းတစ်သင်းသို့ ပြောင်းရွှေ့ရန် ချိတ်ဆက်မှုများပြုလုပ်နေသည်ဟု သတင်း ထွက်ပေါ်ခဲ့သောကြောင့် အင်တာဗျူးအစီအစဉ်တွင် နည်းပြဇာဗီကိုမေးမြန်းခဲ့ရာ ၎င်းအနေဖြင့် လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ဆော်ဒီပရိုလိဂ်သို့ ပြောင်းရွှေ့နိုင်ကြောင်းကို အရိပ်အမြွက် ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**



# ထိန်းသိမ်းကာကွယ်ရမည့် မျိုးသုဉ်းရန်အန္တရာယ်ရှိသော မျိုးစိတ်များ

မေဇင်ထွန်း


အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ (IUCN)၏ Red List စာရင်းဝင် မျိုးသုဉ်းရန်အန္တရာယ်ရှိသော မျိုးစိတ်များသည် လက်ရှိကမ္ဘာပေါ်တွင် အကောင်အရေအတွက် လျော့နည်းသွားသည့် သတ္တဝါနှင့်အပင်မျိုးစိတ်များပင်ဖြစ်သည်။ ထိုမျိုးစိတ်များကို အပြည်ပြည်ဆိုင်ရာသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့က ထိန်းသိမ်းရန်လိုအပ်လာသောမျိုးစိတ်များအဖြစ် ထုတ်ပြန်ကြေညာခဲ့ပါသည်။ မျိုးသုဉ်းရန်အန္တရာယ်ရှိသောမျိုးစိတ်များထဲတွင် ကုန်းနေရေနေသတ္တဝါများ၊ နို့တိုက်သတ္တဝါများ၊ တွားသွားသတ္တဝါများ၊ ငါးများ၊ ငှက်မျိုးစိတ်များနှင့် အပင်မျိုးစိတ်ပေါင်းများစွာပါဝင်ပြီး ၎င်းတို့သည် သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှု၊ တရားမဝင်ထုတ်ယူမှုနှင့် အမဲလိုက်စားသုံးမှုစသော အခြေအနေများကြောင့် မျိုးသုဉ်းရန် စိုးရိမ်ရသည့်အခြေအနေသို့ ရောက်ရှိလာခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့၏ ၂၀၀၆ ခုနှစ်က ပြုစုထားသည့်အချက်အလက်များအပေါ် အခြေခံ၍ ဆိုရမည်ဆိုလျှင် မျိုးသုဉ်းရန်စိုးရိမ်ရသည့် အခြေအနေရှိသော သတ္တဝါများ၏ရာခိုင်နှုန်းမှာ သက်ရှိသတ္တဝါအားလုံး၏ ၄၀ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။ ထို့ကြောင့် နိုင်ငံအတော်များများတွင် ထိုမျိုးစိတ်များ မျိုးမသုဉ်းရေး၊ ရှားပါးမျိုးစိတ်များနှင့် ရှားပါးအပင်မျိုးစိတ်များကို ထိန်းသိမ်းရေးအတွက် အစိုးရအဖွဲ့များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်သူများ၊ သစ်တောရေးရာတာဝန်ရှိသူများ၊ ကျွမ်းကျင်သူများက ပြည်သူများနှင့်အတူပူးပေါင်းပြီး ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးဥပဒေများပြဋ္ဌာန်း၍ မျိုးသုဉ်းမှုကို တတ်နိုင်သမျှ ကာကွယ်ထိန်းချုပ်ကြရမည်ဖြစ်သည်။ ဆိုလိုသည်မှာ အမဲလိုက်ခြင်းကို ဥပဒေများထုတ်ပြန်တားမြစ်ခြင်း၊ မြေလွတ်မြေရိုင်းချဲ့ထွင်ခြင်းကို ကန့်သတ်ထိန်းချုပ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနယ်မြေများသတ်မှတ်ခြင်းတို့ဖြစ်ကြသည်။

လက်ရှိတွင် မျိုးသုဉ်းရန်စိုးရိမ်ရသည့်အခြေအနေရှိသော သတ္တဝါများထဲမှ လူသိများသည့် ပန်ဒါဝက်ဝံ၊ ဘင်္ဂလားကျားများကဲ့သို့ သတ္တဝါကြီးတချို့ကိုသာလျှင် တရားဥပဒေကြောင်းအရ ထိရောက်စွာကာကွယ်စောင့်ရှောက်နိုင်ပြီး အခြားသောရှားပါးမျိုးစိတ်သတ္တဝါများနှင့် အပင်အတော်များများမှာ ရှားပါးမျိုးစိတ်အဖြစ် သတ်မှတ်ထားသော်လည်း သက်ဆိုင်ရာအာဏာပိုင်များနှင့် အများပြည်သူများ၏ ထိထိရောက်ရောက်အရေးတယူ ကာကွယ်စောင့်ရှောက်မှုမခံရခြင်းတို့ကြောင့် မျိုးသုဉ်းပျောက်ကွယ်ခြင်း၊ ရှားပါးလာခြင်းစသောအခြေအနေများနှင့်ရင်ဆိုင်နေရသည်။

ရှားပါးလာသည့်သတ္တဝါ၊ အပင်မျိုးစိတ်တစ်ခုကို ထိန်းသိမ်းရာ၌ ၎င်း၏မျိုးသုဉ်းပျောက်ကွယ်နိုင်ခြေကို ဖော်ပြတွက်ချက်ပေးရပြီး ကျန်ရှိနေသောအပင်နှင့် အကောင်အရေအတွက်ကို စနစ်တကျကောက်ယူရန်လိုအပ်သည်။ ထိုသို့ကောက်ယူရာတွင် အချိန်နှင့်အမျှ ပြောင်းလဲနေသော၊ မျိုးပွား၍ တိုးပွားလာသော၊ အမဲလိုက်ခြင်းကြောင့် ဆုံးရှုံးသွားသော အကောင်အရေအတွက်နှင့် တရားမဝင်ခုတ်ယူခြင်းကြောင့် ဆုံးရှုံးသွားသော၊ သဘာဝဘေးများကြောင့် ပျက်စီးသွားသော အပင်အရေအတွက်တို့ကို စနစ်တကျကောက်ယူရမည်ဖြစ်သည့်အပြင် မျိုးသုဉ်းရှားပါးမှုကိုဖြစ်စေသော အကြောင်းအရာဖြစ်သည့် သဘာဝဘေးများနှင့် လူသားတို့၏လုပ်ရပ်များကို ထည့်သွင်းတွက်ချက်မှသာလျှင် အနီးစပ်ဆုံးသောရလဒ်ကိုရရှိမည်ဖြစ်သည်။ ထိုသို့ မျိုးသုဉ်းမျိုးစိတ်ဖြစ်နိုင်ခြေ စစ်တမ်းကောက်ယူထားသည့်စာရင်းများထဲတွင် IUCN ၏ Red List စာရင်းသည် လူသိအများဆုံးစာရင်းတစ်ခုဖြစ်သည်။

ကမ္ဘာတစ်ဝန်းတွင်ရှိသော ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်နိုင်ရန်အတွက် နိုင်ငံပေါင်း ၁၉၁ နိုင်ငံသည် ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်ရေးအတွက် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာလုပ်ဆောင်ချက်အစီအစဉ် (Biodiversity Action Plans-BAP) ကို အတူ ပူးတွဲဆောင်ရွက်ရေး သဘောတူလက်မှတ်ရေးထိုးထားကြသည်။ BAP သည် ခြိမ်းခြောက်ခံနေရသောမျိုးစိတ်များနှင့် ၎င်းမျိုးစိတ်များ၏နေထိုင်ရှင်သန်ရာ မျိုးရင်းဒေသများ ပျက်စီးမှုနှင့်ပတ်သက်ပြီး ကာကွယ်ဖြေရှင်းပေးနေသည့် နိုင်ငံတကာအသိအမှတ်ပြုအစီအစဉ်တစ်ခုဖြစ်သည်။ ထိုအစီအစဉ်သည် ဂေဟဗေဒစနစ်များကိုကာကွယ်ရန်နှင့် ယိုယွင်းသွားသောဂေဟစနစ်များ ကောင်းမွန်စွာပြန်လည်ထူထောင်နိုင်ရေးအတွက် ရည်ရွယ်ရေးဆွဲခဲ့သော အစီအစဉ်တစ်ရပ်ဖြစ်သည်။ ၎င်းအစီအစဉ် ဖြစ်ပေါ်လာခဲ့ခြင်း၏မူလအစမှာ ၁၉၉၂ ခုနှစ်က ချုပ်ဆိုခဲ့သည့်ဇီဝစုံမျိုးကွဲများဆိုင်ရာသဘောတူစာချုပ် (CBD)မှ ဆင်းသက်လာခြင်းဖြစ်




**IUCN ၏ Red List တွင်ပါသော မျိုးသုဉ်းရန်အန္တရာယ်ရှိမျိုးစိတ်များကို တွေ့ရစဉ်။**

သည်။ ထိုအစီအစဉ်ကို မွမ်းမံဖြည့်စွက်ပြင်ဆင်ပြီး နောက် ၂၀၀၉ ခုနှစ်တွင် BAP အစီအစဉ်ဟူ၍ ဖြစ်လာခြင်းဖြစ်သည်။ မျိုးသုဉ်းရှားပါးသတ္တဝါများစာရင်း (IUCN Red List of Threatened Species)တွင် မျိုးသုဉ်း ရှားပါးသတ္တဝါများနှင့် အပင်မျိုးစိတ်များကို ထိုစာရင်းထဲတွင် ထည့်သွင်းဖော်ပြပြီး ၎င်းသတ္တဝါများ၏ မျိုးသုဉ်းနိုင်မှု၊ ရှားပါးနိုင်မှုအခြေအနေများကိုလည်း အဆင့်အလိုက်ခွဲခြားပေးထားသည်။ ထိုသို့ အဆင့်အလိုက်ခွဲခြားရာတွင် မျိုးသုဉ်းရှားပါးသတ္တဝါများကို ထိခိုက်နိုင်ဖွယ်မှ အလွန်အန္တရာယ်ရှိအဆင့်ထိ ခွဲခြားပေးထားသည်။

တောရိုင်းတိရစ္ဆာန်များရှားပါးလာပြီး မျိုးသုဉ်းပျောက်ကွယ်ရသည့်အကြောင်းရင်းမှာ သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းလာမှု၊ စားကျက်မြေများ ရှားပါးလာမှု၊ နေထိုင်ရာမျိုးရင်းဒေသများ ဆုံးရှုံးမှုတို့ကြောင့်ဖြစ်သည်။ တောရိုင်းတိရစ္ဆာန်များသည် တော၊ တောင်၊ ရေ၊ မြေသဘာဝများကိုမှီခိုကာ ရှင်သန်၊ ကျက်စားကြရသည်။ ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝပတ်ဝန်းကျင် ပြောင်းလဲလာသည့်အခါ အဆိုပါတောရိုင်းတိရစ္ဆာန်များ လျော့ပါးရှားပါးလာပြီး မျိုးသုဉ်းပျောက်ကွယ်မည့်အန္တရာယ်နှင့် ရင်ဆိုင်လာရခြင်းဖြစ်ကြောင်း သိရသည်။ ထိုသို့ရှားပါးမှုနှင့် မျိုးသုဉ်းမှုအန္တရာယ်များမှ လျော့နည်းစေရန်အတွက် တောရိုင်းတိရစ္ဆာန်များကို ကာကွယ်ထိန်းသိမ်းထားသည့် တိရစ္ဆာန်ဥယျာဉ်များ၌ တိရစ္ဆာန်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက စနစ်တကျမျိုးပွားမှုများ ပြုလုပ်ပေးခြင်းက ၎င်းတိရစ္ဆာန်အကောင်ရေများကို တိုးပွားလာစေမည်ဖြစ်သည့်အပြင် တိရစ္ဆာန်များကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့်ပတ်သက်သည့် အသိပညာပေးခြင်းများကို ပြည်သူများသို့ ဖြန့်ဝေပေးခြင်း၊ သဘာဝအတိုင်း ရှင်သန်ခြင်းက ပိုမိုကောင်းမွန်သည့် အချို့ရှားပါးတိရစ္ဆာန်များကို သဘာဝသစ်တောများအတွင်းသို့ စနစ်တကျပြန်လွှတ်ပေးခြင်းများဖြင့် ရှားပါးမျိုးစိတ်များကို အဘက်ဘက်မှကာကွယ်ထိန်းသိမ်းလျက်ရှိကြောင်း သိရသည်။

ကမ္ဘာပေါ်တွင် မျိုးစိတ်ပေါင်း ၁၅၀၃၀၀ ကျော်ရှိပြီး လက်ရှိတွင် IUCN ၏ Red List ၌ထည့်သွင်းဖော်ပြထားသည့် မျိုးသုဉ်းရန်ခြိမ်းခြောက်ခံနေရသော မျိုးစိတ်ပေါင်း ၄၂၁၀၀ ကျော်ရှိသည်။ ရှားပါးလာပြီး ခြိမ်းခြောက်ခံနေရသော မျိုးစိတ်များထဲတွင် ကုန်းနေရေနေသတ္တဝါများ၊ ငါးမန်းနှင့် ငါးလိပ်ကျောက်မျိုးစိတ်များ၊ သန္တာကျောက်တန်းမျိုးစိတ်များ၊ ထင်းရှူးပင်မျိုးစိတ်၊ နို့တိုက်သတ္တဝါများနှင့် ငှက်မျိုးစိတ်များစသည်တို့ပါဝင်သည်။ အဆိုပါတိရစ္ဆာန်များကို တောလိုက်မုဆိုးများက မှောင်ခိုဖမ်းဆီးပြီး အသား၊ အစွယ်၊ ချို၊ အမြီး၊ အရေခွံ စသည့်အဖိုးတန်အစိတ်အပိုင်းများကို မှောင်ခိုနည်းလမ်းမျိုးစုံဖြင့် ရောင်းဝယ်ဖောက်ကားလျက်ရှိခြင်းကြောင့် တိရစ္ဆာန်များသည် တရားမဝင်ကုန်သွယ်မှုဒဏ်၏ဆိုးကျိုးကို ထိခိုက်ခံစားနေကြရခြင်းဖြစ်သည်။ အဆိုပါရှားပါးလာသည့် တိရစ္ဆာန်မျိုးစိတ်များကို ဖော်ပြရမည်ဆိုလျှင် ဝက်ကြံ့၊ ကြံ့ဆင်၊ နှာခေါင်းလန်မျောက်၊ ကြံ့သူတော်၊ စိုင်၊ ကျွဲ၊ ကျား၊ ဆင်၊ တောခွေး၊ ကြောင်တံငါ၊ တတိုးချေ၊ ရွှေသမင်၊ ဒရယ်၊ ပသျှူးသင်းခွေချပ်၊ မျောက်လွဲကျော် (လက်ဖြူ)၊ မျောက်မျက်ကွင်းဖြူ၊ မျောက်လွဲကျော် (မျက်ခုံးဖြူ)၊ ဖျံ၊ အန်သိုရီလင်းနို့၊ လော့ဖရီလင်းနို့၊ ပြောင်၊ အင်းကျား၊ ဟိမဝန္တာဝက်ဝံ၊ ပန်ဒါနီ၊ သားမင်း၊ တောင်ဆိတ်နီ၊ ချိုတစ်ချောင်းကြံ့၊ အမွှေးပါကြံ့တို့ပါဝင်ပြီး ၎င်းမျိုးစိတ်အများစုကို လူသားတို့၏ အစားအသောက်အတွက်သော်လည်းကောင်း၊ မှောင်ခိုရောင်းဝယ်ဖောက်ကားသည့်ဈေးကွက်အတွက်သော်လည်းကောင်း အမဲလိုက်ခံရခြင်းကြောင့် မျိုးသုဉ်းလုနီးပါးဖြစ်လာသည်ကို တွေ့ရှိရပါသည်။

ထို့ပြင် လိပ်များသည်လည်း ရှားပါးကာ မျိုးသုဉ်းလုနီးပါးမျိုးစိတ်များတွင်ပါဝင်လာပါသည်။ လိပ်များကို တောရိုင်းတိရစ္ဆာန် မှောင်ခိုရောင်းဝယ်ဖောက်ကားသော ဈေးကွက်များတွင် လိပ်မျိုးစိတ်များ၏တန်ဖိုးမြင့်မားခြင်းကြောင့် အလွန်အကျွံရှာဖွေဖမ်းဆီးခြင်း၊ လိပ်မျိုးစိတ်များ၏ မျိုးပွားမှုနှုန်းအလွန်နှေးကွေးခြင်းနှင့် ဥထားသောလိပ်ဥများကို အကောင်မပေါက်မီကတည်းက တူးဖော်စားသောက်ခြင်းများကြောင့် လိပ်မျိုးစိတ်များ ရှားပါးလာခြင်းဖြစ်သည်။ IUCN ၏ ၂၀၁၁ ခုနှစ်က ထုတ်ပြန်ထားသော ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ အချက်အလက်များအရ ကမ္ဘာလုံးဆိုင်ရာမျိုးသုဉ်းရန် အန္တရာယ်အဆင့်အတွင်းရှိ မျိုးစိတ်များတွင် ငှက်မျိုးစိတ်များပါဝင်လာသည်။ ရှားပါးငှက်မျိုးစိတ်များထဲတွင် မျက်ခုံးဖြူငှက်ပြာခြောက်၊ ငဟစ်ဝမ်းဖြူ၊ ဒေါင်း၊ ငုံး၊ အောက်ချင်းငှက်၊ အောင်လောင် စသည့်ငှက်မျိုးများသည် လူသားတို့၏ သဘာဝအရင်းအမြစ်များကို မဆင်မခြင်ထုတ်ယူသုံးစွဲမှုများ၊ အလွန်အကျွံသုံးစွဲမှုများကြောင့် နေထိုင်ရာမျိုးရင်းဒေသများ ပျက်စီးပျောက်ဆုံးခြင်းကြောင့် ရှားပါးလာကာ မျိုးသုဉ်းလုနီးပါးဖြစ်လာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

အထက်တွင် ဖော်ပြထားသော ရှားပါးလာသော မျိုးသုဉ်းလုနီးမျိုးစိတ်များမှာ IUCN ၌ ဖော်ပြထားသည့် အချက်အလက်များအရ ဖော်ပြထားခြင်းဖြစ်သည်။ ငှက်မျိုးစိတ်များရှားပါးလာခြင်းသည် ရေတိမ်ဒေသ၏ဂေဟစနစ်များ ကမောက်ကမဖြစ်မှုများကြောင့်ဖြစ်သည်။ ရေတိမ်ဒေသဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်းဆောင်ရွက်မှုများမှာ နည်းပါးသဖြင့် ရေတိမ်ဒေသများ၏ဂေဟစနစ်သည် သစ်တောဂေဟစနစ်များထက် ပိုမိုခြိမ်းခြောက်ခံနေခြင်းဖြစ်ပြီး အဆိုပါဒေသများတွင် နေထိုင်ကျက်စားကြသည့် ငှက်မျိုးစိတ်များအပါအဝင် တောရိုင်းတိရစ္ဆာန်မျိုးစိတ်များရှားပါလာကာ မျိုးသုဉ်းအန္တရာယ်များနှင့်ရင်ဆိုင်တွေ့ကြုံလာရခြင်းဖြစ်သည်။ ယနေ့ခေတ်တွင် စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတုပစ္စည်းများနှင့် မွေးမြူရေးလုပ်ငန်းသုံး ဓာတုဆေးဝါးပစ္စည်းများ၏ အဆိပ်သင့်မှု ဆိုးကျိုးများကြောင့် တောရိုင်းတိရစ္ဆာန်များ၊ ငှက်မျိုးစိတ်များနှင့် ရေနေသတ္တဝါများ၏ အကောင်အရေအတွက်များ ကျဆင်းလာခြင်းဖြစ်သည်။

ထို့ကြောင့် ကမ္ဘာလုံးဆိုင်ရာပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များဖြင့် သဘာဝပတ်ဝန်းကျင်တွင် နေထိုင်ကျက်စားနေသော သက်ရှိသတ္တဝါများနှင့် သစ်တောသစ်ပင်များကို လွှမ်းခြုံကာ ထိန်းသိမ်းကာကွယ်ထားခြင်းသည် ကမ္ဘာကြီးကို ပိုမိုကောင်းမွန်စေမည်ဖြစ်သည်။ ပိုမိုကောင်းမွန်သော ထိန်းသိမ်းမှုနှင့် မူဝါဒဆိုင်ရာများချမှတ်ခြင်းက ရှားပါးလာသောမျိုးစိတ်များအားလုံးအတွက် စိတ်ချဘေးကင်းသောရှင်သန်မှုကိုလည်း ပေးစွမ်းနိုင်မည်ဖြစ်သည်။ IUCN ၏ Red List သည် မျိုးစိတ်များအတွက် လိုအပ်သောပြန်လည်ထူထောင်ရေးကြိုးပမ်းမှုများကိုဖော်ဆောင်ရာတွင် ကူညီပေးနိုင်ရုံသာမက ကာကွယ်ထိန်းသိမ်းရန်လိုအပ်သောမျိုးစိတ်များနှင့် ၎င်းမျိုးစိတ်များနေထိုင်ကျက်စားရှင်သန်ရာ မူရင်းဒေသများ ပျက်စီးဆုံးရှုံးမှုကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးအစီအစဉ်များဖြင့် လျှော့ချပေးနိုင်ရန် အလွန်အရေးကြီးပါသည်။ ထိုကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးအစီအစဉ်များအတိုင်း သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ကျွမ်းကျင်ပညာရှင်များနှင့် ပြည်သူများ အတူပူးပေါင်း၍ ရှားပါးလာသော မျိုးသုဉ်းလုနီးပါးမျိုးစိတ်များကို ဝိုင်းဝန်းထိန်းသိမ်းခြင်းက အနာဂတ်တွင် သာယာလှပသောဂေဟစနစ်ကို ဖြစ်ပေါ်စေမည်ဖြစ်ပြီး ဇီဝမျိုးစုံများ၏ အကောင်ရေလျော့ကျမှုကို ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း ရေးသားအပ်ပါသည်။

**ကိုးကား**

- **ကမ္ဘာလုံးဆိုင်ရာမျိုးသုဉ်းရန်အန္တရာယ်အဆင့်အတွင်းရှိ မျိုးစိတ်များ (သစ်တောဦးစီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**
- **Endangered speciesby the International Union for the Conservation of Nature (IUCN)**

# ကုသိုလ်စိတ်လေး မွေးမြူပါ

ဖျာပုံမောင်သုည

တစ်ခါတုန်းက သီဟိုဠ်ကျွန်းမှာ တိသဆိုတဲ့ ကိုရင်တစ်ပါး ရှိခဲ့ဖူးတယ်။ ကိုရင်တိသဟာ သာသနာ့ဘောင်မှာ မပျော်ပါဘူး။ တစ်နေ့မှာ စိတ်ညစ်စရာ အာရုံနဲ့တွေ့ပြီး လူထွက်ချင်လာပါတယ်။ ဒါကြောင့် ဆရာဘုန်းကြီးကို သူလူထွက်တော့မယ်လို့ သွားလျှောက်ပါတယ်။ ဒီတော့ ဆရာဘုန်းကြီးက "အင်း. . . အာရုံကြောင့်ဖြစ်တဲ့စိတ်ဟာ အမြဲတမ်း အဆိုးဘက်ကို ချည်း ယိမ်းမနေဘူး။ အာရုံကြောင့်ဖြစ်တဲ့စိတ်ကို အာရုံနဲ့ပြန်ကုပေးမှပဲ။ လူဆိုတာ အာရုံသစ်ကိုအမြဲတည်ပြီး ပျော်ရွှင်တတ်ကြတယ်။ အာရုံသစ်တစ်ခု ပြောင်းပေးမယ်"ဆိုပြီး တွေးမိလိုက်ပြီးနောက်-

"ကောင်းပြီ ငါ့တပည့်၊ လူထွက်ဖို့ဆုံးဖြတ်ရင်လဲ မတားလိုဘူး။ ဒါပေမဲ့ ငါနေတဲ့ကျောင်းဟာ ချိုးရေအလွန်ရှားတယ်။ မင်းလူမထွက်ခင် ငါ့ကို ရေပေါရာ စိတ္တရတောင်ကို ပို့ပေးခဲ့ပါ"လို့ မိန့်လိုက်ပါတယ်။ ကိုရင်တိသကလဲ ဆရာဘုန်းကြီး ပြောတဲ့အတိုင်း ဆရာဘုန်းကြီးကို စိတ္တရတောင်ဆီ ပို့ပေးရှာပါတယ်။ စိတ္တရတောင်ကိုရောက်တော့ ဆရာဘုန်းကြီးက "ငါ့တပည့်ရယ် ဒီစိတ္တရတောင်မှာရှိတဲ့ ကျောင်းတွေဟာ သံဃာပိုင်ကျောင်းတွေဆိုတော့ အစစအရာရာ ဆင်ခြင်ပြီးတော့ နေနေရတယ်။ သိပ်လွတ်လပ်မှုမရှိဘူး။ ဒါကြောင့် ကိုယ်ပိုင်ကျောင်းလေး လိုချင်တယ်။ ဖြစ်နိုင်ရင် စီစဉ်ပေးခဲ့ပါအုံးကွယ်"လို့ မိန့်ပြန်ပါတယ်။ ကိုရင်တိသလဲ လူထွက်ခါနီး ဆရာသမားကို နောက်ဆုံးပြုစုပေးခြင်းဆိုတဲ့အသိနဲ့ တက်တက်ကြွကြွပြုပေးရှာပါတယ်။ ကိုရင်တိသဟာ ဆရာဘုန်းကြီး ကမ္မဋ္ဌာန်းအားထုတ်ဖို့ အဆင်ပြေမဲ့ ကျောင်းပုံစံကို စိတ်ကူးနဲ့ ဦးစွာသေချာစဉ်းစားတယ်။ ပြီးတော့မှ ဥတုသုံးပါးနဲ့သင့်လျော်မဲ့ တောင်ခြေတစ်ခုမှာ လိုဏ်ခေါင်းစတူးပါတယ်။ အတုယူဖို့ကောင်းတာတစ်ခုကတော့ ကိုရင်တိသဟာ နောက်ဆုံးအခွင့်အရေးဆိုတဲ့အသိနဲ့ အလုပ်သုံးခုကို တစ်ပြိုင်နက်တည်း လုပ်နေတာပါပဲ။ သူလုပ်နေတဲ့ အလုပ်သုံးခုကတော့-

၁။ ကမ္မဋ္ဌာန်းကျောင်းအတွက် လိုဏ်ဂူတူးတာရယ်၊

၂။ ဆရာဘုန်းကြီးဆီမှာသင်ခဲ့တဲ့ သံယုတ္တနိကာယ်ကျမ်းကြီးကို ရွတ်ဖတ်သရဇ္ဈာယ်နေတာရယ်၊

၃။ တေဇောကသိုဏ်းကို ရှုမှတ်ပွားများနေတာရယ်ပါ။

ကိုရင်တိသဟာ ဆရာဘုန်းကြီးခိုင်းတဲ့ အလုပ်တွေကို စေတနာပါပါနဲ့လုပ်ပါတယ်။ စေတနာပါတော့ သဒ္ဓါတရားတွေကလဲ အားကောင်းလာပါတယ်။ ဒါကြောင့်လဲ အလုပ်သုံးခုကို တစ်ပြိုက်တည်းလုပ်နိုင်တာပါ။ ဆရာဘုန်းကြီးနေဖို့ တစ်ပါးနေလိုဏ်ဂူကျောင်းလေးပြီးစီးတဲ့အချိန်မှာတော့ ကိုရင်တိသ ပွားများနေတဲ့ တေဇောကသိုဏ်းဟာလဲ အပ္ပနာဈာန်အဆင့်ထိကို ရောက်လာခဲ့ပါတယ်။ ကိုရင်တိသရဲ့ဖြစ်ပေါ်နေတဲ့ အတွင်းကစိတ်တွေကို ဆရာဘုန်းကြီးက သိနေပါတယ်။ လိုဏ်ဂူလေးပြီးသွားတဲ့အခါမှာတော့ ကိုရင်တိသလဲ ဝမ်းသာအားရနဲ့ကျောင်းဆောက်ပြီးသွားကြောင်း ဆရာဘုန်းကြီးကို သွားလျှောက်ပါတယ်။ ဆရာဘုန်းကြီးက လိုဏ်ဂူကျောင်းကလေးကိုကြည့်ပြီး "အိုး. . . ကောင်းလိုက်တဲ့ လိုဏ်ဂူလေးပါလား။ ငါတော်တော် သဘောကျပါတယ်။ ငါ့တပည့် ပင်ပင်ပန်းပန်းနဲ့လုပ်ထားရတာဆိုတော့ အနားယူပြီး ဒီနေ့တစ်ရက်လောက်နေလိုက်ပါအုံး။ ငါ့တပည့်လူထွက်သွားရင် သာသနာ့ဘောင်ထဲ ပြန်ရောက်ဖို့ဆိုတာ မလွယ်တော့ဘူး။ ဆရာပေးထားတဲ့ ကမ္မဋ္ဌာန်းနည်းလေးနဲ့ ဒီနေ့တစ်ရက်တော့ ရှုပွားလိုက်ပါအုံး။ မနက်ဖြန်မှ လူထွက်ပေါ့"လို့ ဆက်မိန့်လိုက်ပြန်ပါတယ်။ ကိုရင်တိသလဲ ဆရာ့စကားအတိုင်း မိမိပြုလုပ်ထားတဲ့ လိုဏ်ဂူထဲမှာပဲ တရားရှုမှတ်ပါတယ်။ ဆရာသမား ဖြစ်ချင်တဲ့ ဆန္ဒတွေကိုလဲ စေတနာပါပါနဲ့လုပ်ပေး၊ လိုဏ်ဂူလေးကလဲ အသစ်လှလှလေး၊ ရာသီဥတုကလဲ သာယာဆိုတော့ ကိုရင်တိသရဲ့ စိတ်ကလေးက သိပ်ကို ကြည်လင်နေပါတယ်။ စိတ်ကလေး ကြည်လင်နေတာနဲ့အမျှ ပီတိတွေလဲဖြစ်လာပါတယ်။ လိုဏ်ဂူတူးတုန်းကလဲ တေဇောကသိုဏ်းပွားပြီး အပ္ပနာဈာန်ထိ ရထားတာဆိုတော့ အဲဒီအပ္ပနာဈာန်ကိုပဲ အခြေခံပြီး တရားအားထုတ်လိုက်တာ ရဟန္တာဖြစ်သွားပါတော့တယ်။ ဒီတော့မှ ကိုရင်တိသလဲ ဆရာ့ကျေးဇူးကို သိပြီး ဆရာရှိရာအရပ်ကို မှန်းပြီး ဦးချကန်တော့လိုက်ပါတယ်။ "သြော်. . . စိတ်ဆိုတာ အမြဲတမ်း အဆိုးချည်းဖြစ်နေတာ မဟုတ်ပါလား။ အာရုံပြောင်းလိုက်တာနဲ့ ဘဝတစ်ဆစ်ချိုးပြီး အမြင့်ဆုံးပန်းတိုင်တစ်ခုကို မထင်မှတ်ဘဲ ရောက်သွားတာပါလား။ ဖြစ်ပေါ်လာတတ်တဲ့ မကောင်းတဲ့စိတ်တွေကို ကောင်းတဲ့စိတ်ကလေးတွေနဲ့ အစားထိုးလဲလှယ်လို့ရပါလား။ ကောင်းတဲ့စိတ်ကလေးတွေဆိုတာ အမြဲတမ်းမွေးမြူထားဖို့ လိုအပ်ပါလား" လို့ ကိုရင်တိသ ဆင်ခြင်မိလိုက်ပါတယ်။

**❖ အချိန်တိုင်း အကုသိုလ်စိတ်တွေပဲကြီးစိုးနေတဲ့ လူတစ်ယောက်မှာ အကောင်းမြင်စိတ်ဆိုတာလဲ ရှိတော့မှာမဟုတ်ပါဘူး။ ကောင်းတဲ့ကုသိုလ်စိတ်ကလေးကို အမြဲမွေးမြူထားရင်တော့ နာရီတိုင်း၊ မိနစ်တိုင်း၊ စက္ကန့်တိုင်း ကုသိုလ်တွေဖြစ်နေမှာပါ။ ကုသိုလ်တွေပဲဖြစ်နေတဲ့ စိတ်ကလေးဟာ သူ့အလိုလို ကြည်လင်လာတတ်ပါတယ်။ စိတ်ကလေးကြည်လင်လာတဲ့အခါ အကောင်းအမြင်စိတ်တွေလဲ ဖြစ်ပေါ်လာတတ်ပါတယ်။ အကောင်းမြင်စိတ်ဖြစ်ပေါ်လာတဲ့အခါ အလုပ်အကိုင်၊ လူမှုဆက်ဆံရေး စတဲ့နေရာတွေမှာလဲ အဆင်ပြေလာတတ်ပါတယ်။ တကယ်တော့ကုသိုလ်စိတ်ကလေး အမြဲဖြစ်နေတာကိုက တန်ဖိုးရှိနေတာပါ။ ဒါကြောင့် ကောင်းတဲ့ကုသိုလ်စိတ်ကလေးကို အမြဲတမ်းမွေးမြူထားဖို့ ဖြစ်ပါတယ်။ ❖**

ကိုရင်တိသ ဆင်ခြင်မိသလိုပါပဲ။ စိတ်ဆိုတာ မကောင်းတဲ့စိတ်တွေဖြစ်ပေါ်လာရင် ကောင်းတဲ့စိတ်နဲ့ လဲလှယ်လို့ရပါတယ်။ နောက်ပြီး ကောင်းတဲ့စိတ်ကလေးတွေကိုလဲ အမြဲတမ်းမွေးမြူထားဖို့ သိပ်အရေးကြီးပါတယ်။ ကောင်းတဲ့စိတ်ဆိုတာ ကုသိုလ်စိတ်ပါ။ မကောင်းတဲ့စိတ်ဆိုတာကတော့ အကုသိုလ်စိတ်ပါ။ မကောင်းတဲ့ အကုသိုလ်စိတ်ကို မွေးမြူထားမိရင်တော့ အချိန်တိုင်းအကုသိုလ် ဖြစ်နေမှာပါ။ အချိန်တိုင်း အကုသိုလ်စိတ်တွေပဲကြီးစိုးနေတဲ့ လူတစ်ယောက်မှာ အကောင်းမြင်စိတ်ဆိုတာလဲ ရှိတော့မှာမဟုတ်ပါဘူး။ ကောင်းတဲ့ ကုသိုလ်စိတ်ကလေးကို အမြဲမွေးမြူထားရင်တော့ နာရီတိုင်း၊ မိနစ်တိုင်း၊ စက္ကန့်တိုင်း ကုသိုလ်တွေဖြစ်နေမှာပါ။ ကုသိုလ်တွေပဲဖြစ်နေတဲ့ စိတ်ကလေးဟာ သူ့အလိုလိုကြည်လင်လာတတ်ပါတယ်။ စိတ်ကလေးကြည်လင်လာတဲ့အခါ အကောင်းအမြင်စိတ်တွေလဲ ဖြစ်ပေါ်လာတတ်ပါတယ်။ အကောင်းမြင်စိတ်ဖြစ်ပေါ်လာတဲ့အခါ အလုပ်အကိုင်၊ လူမှုဆက်ဆံရေးစတဲ့နေရာတွေမှာလဲ အဆင်ပြေလာတတ်ပါတယ်။ တကယ်တော့ ကုသိုလ်စိတ်ကလေး အမြဲဖြစ်နေတာကိုက တန်ဖိုးရှိနေတာပါ။ ဒါကြောင့် ကောင်းတဲ့ ကုသိုလ်စိတ်ကလေးကို အမြဲတမ်းမွေးမြူထားဖို့ ဖြစ်ပါတယ်။ စိတ်ဆိုတာ သိပ်ကိုလျင်မြန်ပါတယ်။ စိတ်ကလေးဟာ မျက်စိတစ်မှိတ်အတွင်းမှာ ကုဋေပေါင်းများစွာ ဖြစ်ပျက်နေကြတာပါ။

မိမိတို့က သတိမထားမိကြလို့သာ မသိကြတာပါ။ အဲဒီလို သတိမထားမိလေလေ စိတ်ကလေးက လွင့်ချင်ရာ လွင့်လေပါပဲ။ စိတ်ဆိုတာ မကောင်းတဲ့အာရုံမှာ ပိုပျော်မွေ့တတ်တဲ့ အလေ့အကျင့်ရှိပါတယ်။ သတိမထားမိလို့ လွင့်ချင်ရာလွင့်နေတဲ့ စိတ်ကလေးဟာ အကုသိုလ်ဖြစ်နေဖို့ ရာခိုင်နှုန်းများပါတယ်။ တစ်ခါတလေ သတိမထားမိဘဲ တွေးဖြစ်သွားတဲ့ အကုသိုလ်စိတ်ကလေးတွေ ရှိတတ်ကြပါတယ်။ စိတ်ကလေးက အကုသိုလ်ဖြစ်သွားတယ်ဆိုတာ မိမိကတော့ သတိမထားမိလိုက်ပါဘူး။ မိမိက သတိမထားမိပေမဲ့ ကံကတော့ အကုသိုလ်အဖြစ် မှတ်တမ်းတင်ထားမှာ။ သံသရာဘဝတစ်ခုခုမှာတော့ အဲဒီအကုသိုလ်စိတ်ကလေးကို ခန္ဓာနဲ့ရင်းပြီး အကြွေးဆပ်ကြရမှာပါ။ သိပ်ကြောက်ဖို့ကောင်းပါတယ်။ စိတ်ကလေးကိုလဲ အမြဲတမ်း သတိနဲ့စောင့်ကြည့်နေသင့်ပါတယ်။ မိမိစိတ်ကလေးက အကုသိုလ်ဖြစ်နေတယ်ဆိုရင် ကုသိုလ်စိတ်ကလေးနဲ့အမြန်ဆုံးအစားထိုးဖို့ လိုပါတယ်။ ဒီလို အစားမထိုးနိုင်ရင် အကုသိုလ်စိတ်တွေကြီးစိုးပြီး နစ်သည်ထက်နစ်ဖို့ပဲ ရှိပါတယ်။ ဒါကြောင့် အချိန်ရရင် ရသလို မိမိတို့စိတ်ကလေးကို အမြဲစောင့်ကြည့်ဖို့လိုပါတယ်။ အကုသိုလ်ဖြစ်နေရင် အဲဒီ အကုသိုလ်စိတ်ကလေးကို ဖျောက်လိုက်ပါ။ ဖျောက်ပြီးတော့ အဲဒီ အကုသိုလ်စိတ်ကလေးရဲ့နေရာမှာ ကုသိုလ်စိတ်ကလေးကို မွေးမြူပါ။ စိတ်ကလေးကို စောင့်ကြည့်ဖို့၊ ကုသိုလ်စိတ်ကလေးမွေးမြူဖို့ဆိုတာ အစပိုင်းမှာတော့ ခက်ကောင်းခက်ပါလိမ့်မယ်။ ဒါပေမဲ့ လေ့ကျင့်ပါများလာရင် အဆင်ပြေလာမှာပါ။ လေ့ကျင့်ပါများလာရင် အကျင့်ဖြစ်လာပါလိမ့်မယ်။ အကျင့်ဖြစ်လာတဲ့အခါမှာတော့ မိမိတို့စိတ်ကလေး အကုသိုလ်ဖြစ်နေပြီဆိုရင် ချက်ချင်းသိလာတော့မှာပါ။ အရင်လို စိတ်ကလေးက မိမိတို့မသိလိုက်ဘဲ အကုသိုလ်ဖြစ်သွားတာမျိုး ရှိလာတော့မှာ မဟုတ်ပါဘူး။ စိတ်ကလေးက အကုသိုလ်ဖြစ်နေပြီဆိုတာ ချက်ချင်းသိလာမှာပါ။ အဲဒီလို သိလာတဲ့အခါ မိမိတို့စိတ်ကလေးကို ပြုပြင်ယူလို့ရတာပေါ့။

ကုသိုလ်၊ အကုသိုလ်ဆိုတာ ဘယ်အရာကိုမှ အထင်မသေးသင့်ပါဘူး။ အကုသိုလ်သေးသေးလေး တစ်ခုကနေလဲ အခွင့်သင့်ရင် မိမိတို့ကို အပါယ်ဘဝရောက်အောင် ဆွဲခေါ်သွားနိုင်ပါတယ်။ အဲဒီလိုပါပဲ။ ကုသိုလ်သေးသေးလေးတစ်ခုကလဲ မိမိတို့ကို သုဂတိဘဝတွေရောက်အောင်ဆွဲတင်သွားနိုင်ပါတယ်။ အခွင့်သင့်ရင် အဲဒီကုသိုလ်သေးသေးလေး တစ်ခုကပဲ နိဗ္ဗာန်ထိရောက်အောင် အကျိုးပေးနိုင်စွမ်းရှိပါတယ်။ ဒါကြောင့် အကုသိုလ်ကို "ငါ စိတ်နဲ့တွေးရုံလေး တွေးမိလိုက်တာပဲ ဘာမှမဖြစ်ပါဘူး"လို့ အထင်မသေးလိုက်ပါနဲ့။ မိမိတို့စိတ်မှာ ခဏလေးဖြစ်ပေါ်လိုက်တဲ့ အကုသိုလ်စိတ်ကလေးက အပါယ်ကိုဆွဲချနိုင်တဲ့ သတ္တိတွေ အပြည့်ရှိပါတယ်။ ပိုဆိုးတာက အဲဒီအကုသိုလ်သေးသေးလေးတွေကို ကုသိုလ်နဲ့အစားထိုးမကုသရင် စုထားသလို ဖြစ်သွားတတ်ပါတယ်။ ဟုတ်ပါတယ်။ အကုသိုလ်သေးသေးလေးတွေကို ကုသိုလ်နဲ့အစားထိုးပြီး မဖျောက်ပစ်ဘူးဆိုရင် တဖြည်းဖြည်းနဲ့အကုသိုလ်တွေစုလာနိုင်ပါတယ်။ အဲဒီလိုစုလာရင် အကုသိုလ်အသေးစားလေးကနေ အကုသိုလ်အကြီးစားကြီးဖြစ်လာမှာပါ။ အဲဒီလိုသာဖြစ်လာခဲ့ရင် သိပ်ကြောက်စရာကောင်းပါတယ်။ အပါယ်ဘဝတွေကနေ ခေါင်းတောင်ဖော်ခွင့်ရတော့မှာ မဟုတ်ပါဘူး။

တကယ်တော့ ကုသိုလ်နဲ့ အကုသိုလ်ကြားမှာ သတိဆိုတဲ့ စည်းပါးပါးလေးတစ်ခုပဲ ခြားတာပါ။ စိတ်ဟာ ကုသိုလ်ဖြစ်ဖို့လဲ လွယ်ပါတယ်။ အကုသိုလ်ဖြစ်ဖို့လဲ သိပ်ကိုလွယ်ကူပါတယ်။ ဒါပေမဲ့ သတိမထားဘူးဆိုရင်တော့ အကုသိုလ်ပဲ အဖြစ်များနေမှာပါ။ ဒီတော့ ကုသိုလ်၊ အကုသိုလ်ဖြစ်ဖို့သိပ်လွယ်တဲ့ စိတ်ကလေးကို မိမိတို့က သတိလက်လွတ် ပစ်မထားသင့်ပါဘူး။ စိတ်ကလေးကို ကုသိုလ်အာရုံတွေမှာပဲပျော်မွေ့လာအောင် မွေးမြူလေ့ကျင့်ပေးရမှာပါ။ မိမိတို့စိတ်ကလေး အကုသိုလ်ဖြစ်နေတယ်ဆိုရင်လဲ ကုသိုလ်နဲ့ အစားထိုး ကုစားနိုင်အောင် ကြိုးစားရမှာပါ။

လူရယ်လို့ဖြစ်လာရင်တော့ ကုသိုလ်ကော၊ အကုသိုလ်ကော အားလုံးတွေ့ဖူးကြမှာပါပဲ။ သတိထားဆင်ခြင်ကြည့်ရင် အကုသိုလ်တွေကို တွေးမိတဲ့အခါ စိတ်နှလုံးမသာမယာတွေ ဖြစ်လာတတ်ပါတယ်။ စိတ်ကမှ မသာယာရင် ခန္ဓာကိုယ်ကလဲ ညှိုးနွမ်းလာပါတယ်။ မလန်းဆန်းတော့ပါဘူး။ ကုသိုလ်ကတော့ အဲဒီလို မဟုတ်ပါဘူး။ ကုသိုလ်အကြောင်းလေးများ တွေးမိတဲ့အခါ သိပ်ကို စိတ်ချမ်းသာပါတယ်။ စိတ်က ချမ်းသာတဲ့အခါ ခန္ဓာကိုယ်ကလဲ လန်းဆန်းနေတတ်ပါတယ်။ ကုသိုလ်အကြောင်းတွေးနေတဲ့ လူတစ်ယောက်မျက်နှာကိုကြည့်လိုက်ရင် အဲဒီလူရဲ့ မျက်နှာလေးဟာကြည်လင်နေတာကို တွေ့ရမှာပါ။ လူကလဲ တက်ကြွလန်းဆန်းနေတာပါပဲ။ ဒါဟာ ကုသိုလ်၊ အကုသိုလ်တို့ရဲ့ကွာခြားချက်တွေပါပဲ။ သံသရာနဲ့ ယှဉ်ကြည့်ရင်လဲ အကုသိုလ်က မကောင်းတဲ့အကျိုးကို ပေးမှာပါ။ ကုသိုလ်ကတော့ ကောင်းတဲ့အကျိုးကိုပေးမှာပါ။ ဘယ်သူကမှတော့ မကောင်းကျိုးကို လိုချင်ကြမှာ မဟုတ်ပါဘူး။ ကောင်းကျိုးတွေကိုပဲ လိုချင်ကြမှာပါ။ ကောင်းကျိုးတွေများများလိုချင်ရင်တော့ ကောင်းတဲ့ကုသိုလ်စိတ်ကလေးတွေကို များများမွေးမြူနိုင်ကြဖို့ပါပဲ။ အထက်ကပြောခဲ့သလို ခဏလေးပဲ စိတ်နဲ့တွေးမိလိုက်တဲ့ အကုသိုလ်စိတ်ကလေးဟာ ငါတို့ ဘာမှမဖြစ်ပါဘူးလို့ မထင်ပါနဲ့။ အဲဒီ အကုသိုလ်အတွေးလေး တစ်ချက်ဟာ ကံမှတ်တမ်းစာအုပ်မှာ အကုသိုလ်အဖြစ်နဲ့ စာရင်းဝင်သွားမှာပါ။ မိမိက မေ့မေ့ပျောက်ပျောက်ဖြစ်သွားပေမဲ့ ကံမှတ်တမ်းကတော့ မေ့မှာမဟုတ်ပါဘူး။ တစ်နေ့နေ့တစ်ချိန်ချိန်မှာ ဧကန်မုချ မကောင်းကျိုးကိုပေးမှာပါ။ မကောင်းကျိုးကို မလိုချင်ဘူးဆိုရင်တော့ အကုသိုလ်အတွေးလေးတွေ မတွေးမိဖို့ အရေးကြီးပါတယ်။ တကယ်လို့ အကုသိုလ်အတွေးလေးတွေ တွေးမိတယ်ဆိုရင်လဲ ကုသိုလ်အတွေးလေးနဲ့ပြောင်းပြီး လဲလှယ်လိုက်ပါ။ ကုသိုလ်စိတ်ကလေးကိုမွေးမြူပြီး အကုသိုလ်စိတ်ကလေးတွေကို ဖျောက်ပစ်လိုက်ပါ။ ဒီလိုဆိုရင် ပစ္စုပ္ပန်ဘဝမှာကော သံသရာဘဝတွေမှာပါ ကောင်းကျိုးတွေကို ခံစားလာရမှာပါ။ ဒါကြောင့် လူလောကမှာနေထိုင်တဲ့ လူသားအားလုံး ကုသိုလ်စိတ်ကလေးတွေ မွေးမြူနိုင်ကြပြီး ကောင်းကျိုးတွေ ခံစားနိုင်ကြပါစေလို့ ရေးသားလိုက်ပါတယ်။

**ကိုးကား**

– **မူလပဏ္ဏာသအဋ္ဌကထာ။**

# Maravijaya Monastery holds Kathina robe offering ceremony



Senior General Min Aung Hlaing, Daw Kyu Kyu Hla and the congregation hear a sermon delivered by Sayadaws.



Senior General Min Aung Hlaing and Daw Kyu Kyu Hla offer Kathina robes and alms to a Sayadaw.

**Nay Pyi Taw November 25**

Kathina robe offering ceremony of Maravijaya Monastery in the compound of Buddha Park of the Maravijaya Buddha Image in Dekkhinathiri Township, Nay Pyi Taw Union Territory was held at the monastery this morning, attended by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla, who donated kathina robes and offertories.

Present were Sayadaws led by Patron of Puakmyaing Monastery, Leway, Abhidhja Maharatthaguru Bhaddanta Janinda and Sayadaws of the Maravijaya Monastery. Present together with the Senior General and wife were the SAC Secretary, the Joint SAC Secretary and wife, SAC members and wives, union ministers, the Nay Pyi Taw Council chair, senior military officers and wives, the Nay Pyi Taw Command commander and officials.

First, the Senior General offered a meal in the emerald bowl, fruits, flowers and water to the Buddha Image in the monastery.

The Senior General and the congregation looked around the display of donations including robes, and cash and kind for the monastery.

The Senior General and the congregation opened the ceremony by reciting namotassa three times, and received the Five Perspectives from Paukmyaing Sayadaw. Sayadaws recited religious verses.

The Senior General and wife presented kathina robes and offertories to Paukmyaing Sayadaw and to Sayadaw Agga Maha Pandita Bhaddanta Neminda, the principal of the monastery.

The SAC Secretary, the Joint Secretary and wife, SAC members and wives, senior military officers and wives presented kathina robes and offertories to Sayadaws.

Senior General Min Aung Hlaing and the congregation listened to the religious discourse delivered by Patron of Pali Tekkatho Mingalazeyon Pariyatti School in Pyinma, Sayadaw Agga Maha Pandita Agga Maha Saddhamajotikadhaja Bhaddanta Vimalabuddhi, with reverence.

Merits gained were shared and the principal Sayadaw of Maravijaya Monastery delivered a sermon.

The ceremony concluded with three times recitation of Buddha sasanam ciramtithatu, and the Senior General and wife threw confetti to mark the success of the ceremony.

The Senior General and wife and the congregation offered day meal to Buddhist monks led by Paukmyaing Sayadaw.

100



Senior General Min Aung Hlaing views the display of Kathina robes and alms.

# Kalaw to celebrate traditional oil lamp conveyance ceremony from 28 November to 1 December



A previous traditional oil lamp conveyance ceremony in progress.

**Kalaw November 25**

The oil lamp conveyance ceremony in conjunction with flame post erection ceremony as Shan ethnic traditions will take place in Kalaw of Shan State (South) from 28 November to 1 December, said U Zaw Zaw Win, member of the organizing committee for the ceremonies.

This year, the oil lamp conveyance ceremony is one of the significant festivals of Shan ethnics in Kalaw township.

The 18th ceremony of the township will take place from 28 November to 1 December. It was suspended for three years during the Covid-19.

"The ceremony will last for four days. Regularly, the festival is held for about one week but this year's festival will last for four days only. Kalaw is formed with 11 words which lights one flame post each. The people also convey oil lamps in lotus flowers around the township. They call it flame posts but Tazaungdine festival. After Tauggyi Tazaugdine festival, they hold the Kalaw tazaungdine festival," he explained.

Flame post festival will take place in Kalaw MawmyayU Park near the clock tower in Kalaw where special market fair will be held.

The more than 25 feet high flame post is made of pine woods rapped with bamboo rind strips.

Some 20 persons carry a flame post to be set fire in the ground in the festival.

ASH

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Hot-air balloons launch at Maravijaya Buddha Image Tazaungdine Lighting Festival



The ceremony to release hot-air balloons to open the Maravijaya Buddha Image Tazaungdine Lighting Festival in progress.



Fireworks being set-off at the ceremony.



Senior General Min Aung Hlaing watches the dance by cultural troupe.





Senior General Min Aung Hlaing and Daw Kyu Kyu Hla applaud as a hot-air balloon is being released.

**Nay Pyi Taw November 25**

A ceremony to release hot-air balloons to launch the Maravijaya Buddha Image Tazaungdine Lighting Festival took place on a grand scale in the Maravijaya Buddha Park in Dakhinathiri Township, Union Territory Nay Pyi Taw this evening.

Present on the occasion were Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla, the SAC Secretary, the SAC Joint Secretary and wife, SAC members and wives, Union level persons, Union Ministers and wives, the Nay Pyi Taw Council chairman, senior military officers and wives, the Nay Pyi Taw Command commander and officials, and public members including monks and nuns came to watch the ceremony.

First, the Senior General and wife arrived at the venue where the ceremony was to be held. The ethnic nationals from the Myanmar Radio and Television were holding lotus lanterns, while the cultural troupes from the Fine Arts Department of the Ministry of Religious Affairs and Culture were doing a dance of U Shwe Yoe and Daw Moe by playing drums.

After that, the Senior General and wife cut the ribbon to open the ceremony.

As soon as the ribbon was cut, 450 small hot-air balloons were released. Fireworks were set off, dance performances were performed with the music of Myaing Myaig Sai Sai Latazaungdine, and the Arojan Seinnapan hot-air balloon was released. The Senior General and wife and those in attendance enjoyed the event.

Next, the Senior General and wife and those in attendance watched the release of hot-air balloons namely Swanahshin (1), Thitsamandine Seinnapan, Ahmanthit, Seinnapan and Hsinhnakaung Seinnapan.

While preparations were being made to release the balloons, the modern music band from the MRTV of the Ministry of Information, artistes of the Myawady music band from the Directorate of Public Relations and Psychological Warfare and external artistes performed Yein dances and played songs.

Afterwards, the Senior General and wife paid obeisance to the Maravijaya Buddha Image and offered flowers, water and candle lights. They then walked around on the platform and offered 3,600 oil lamps together with the pilgrims.

The Senior General and wife walked around on the platform, viewed stone tablet pagodas and cordially greeted the people who came to the Maravijaya Buddha Image Tazaungdine Lighting Festival.

In the Buddha Park, the Tazaungdine Lighting Festiva will be held from November 25 to 27. During the festival, there will be other events such as offering 9,000 oil lamps, ceaseless recitation of Maha Pathan, religious recitations by Wut associations, offering firecrackers, release of hot-air balloons and the first-time weaving of Matho Shwekya Thingan robes. Inside the Buddha Park will be LED lights and there will be booths showcasing and selling local products, food and consumer products from MSMEs, and Myanmar traditional snack shops.

100



Senior General Min Aung Hlaing greets pilgrims.



A hot-air balloon being released.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## တူကီယဲနိုင်ငံက ယူရိုတိုင်ဖွန်းတိုက်လေယာဉ် အစင်း ၄၀ ဝယ်ယူရန်စီစဉ်



အမေရိကန်ထံမှ ဝယ်ယူ၍မရသည့် F-35 တိုက်လေယာဉ်များအစား ယူရိုတိုင်ဖွန်းတိုက်လေယာဉ်အစင်း ၄၀ ကို တူကီယဲနိုင်ငံကဝယ်ယူရန် စီစဉ်နေကြောင်း တူကီယဲနိုင်ငံကာကွယ်ရေးဝန်ကြီး Yasar Guler က ပြီးခဲ့သည့် သီတင်းပတ်အတွင်း လွှတ်တော်တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု The Defense Post သတင်းဌာနက နိုဝင်ဘာ ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယူရိုတိုင်ဖွန်းတိုက်လေယာဉ်ကို မိတ်ဖက်နိုင်ငံ သုံးနိုင်ငံဖြစ်သည့် ဗြိတိန်၊ စပိန်နှင့်ဂျာမနီနိုင်ငံတို့က ပူးပေါင်းထုတ်လုပ်ထားခြင်းဖြစ်ပြီး ယခုအခါ အဆိုပါ လေယာဉ်ကို တူကီယဲသို့ရောင်းချရန် ဆန္ဒရှိနေကြောင်းနှင့် ဂျာမနီနိုင်ငံက ရောင်းချမှုကို သဘောတူခွင့်ပြုရန် တုံ့ဆိုင်းနေမှုအပေါ် စည်းရုံးဆွဲဆောင်နေကြောင်း တူကီယဲနိုင်ငံကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။

"ကျွန်တော်တို့ ယူရိုတိုင်ဖွန်းတိုက်လေယာဉ်ကိုဝယ်ချင်ပါတယ်။ အလွန်ထိရောက်ကောင်းမွန်တဲ့ တိုက်လေယာဉ်ဖြစ်ပါတယ်။ ဒီလေယာဉ်တွေကို ဗြိတိန်၊ ဂျာမနီ၊ စပိန် နည်းပညာတွေနဲ့ ပေါင်းစပ်ထုတ်လုပ်ထားတာပါ။ ဗြိတိန်နဲ့စပိန် နှစ်နိုင်ငံစလုံးက ရောင်းချပေးဖို့ သဘောတူတယ်လို့ပြောထားပေမဲ့ အခု ဂျာမနီကိုစည်းရုံးဖို့ အဲဒီနိုင်ငံတွေက ဆောင်ရွက်ပေးနေပါတယ်။ ဂျာမနီကိုစည်းရုံးနိုင်ရင် ယူရိုတိုင်ဖွန်းတိုက်လေယာဉ်အစင်း ၄၀ ဝယ်ယူဖို့စီစဉ်ထားပါတယ်"ဟု Guler ၏ပြောကြားချက်ကိုကိုးကား၍ Anadolu Agency သတင်းဌာနက ရေးသားဖော်ပြထားကြောင်း သိရသည်။

ထို့ပြင် တူကီယဲသမ္မတ Tayyip Erdogan သည် ယခုသီတင်းပတ်အတွင်း ဂျာမနီနိုင်ငံသို့ တစ်ရက်တာခရီးလာရောက်လည်ပတ်နေစဉ် ၎င်းကိစ္စရပ်ကိုဆွေးနွေးညှိနှိုင်းနေကြောင်း Daily Sabah သတင်းဌာနက ဖော်ပြခဲ့သည်။

ဥရောပနိုင်ငံ စစ်လက်နက်ထုတ်လုပ်သည့် ကုမ္ပဏီများဖြစ်သော အဲဘတ်စ်၊ BAE Systems လီယိုနာဒိုတို့သည် ဗြိတိန်၊ စပိန်၊ ဂျာမနီနှင့် အီတလီတို့၏ လေတပ်များအတွက် တိုင်ဖွန်းတိုက်လေယာဉ်ကို တီထွင်ထုတ်လုပ်ခဲ့ရာ ၂၀၀၃ ခုနှစ်က စတင်အသုံးပြုခဲ့ပြီးကတည်းက ဩစတြီးယား၊ ဆော်ဒီအာရေဗျ၊ ကူဝိတ်၊ ကာတာ၊ အိုမန်နိုင်ငံတို့က လေကြောင်းစွမ်းအားသာလွန်ကောင်းမွန်သော တိုင်ဖွန်းတိုက်လေယာဉ်များကို ဝယ်ယူအားပေးခဲ့ကြသည်။

ယူရိုတိုင်ဖွန်း တိုက်လေယာဉ်များ ဝယ်ယူဖြစ်ခဲ့သည်မှာ ရုရှား၏ S-400 လေကြောင်းရန် ကာကွယ်ရေးစနစ်ကို တူကီယဲနိုင်ငံကဝယ်ယူခဲ့ပြီးနောက် အမေရိကန်သည် F-35 တိုက်လေယာဉ် ဝယ်ယူရောင်းချသည့် အစီအစဉ်မှ ၂၀၁၉ ခုနှစ်တွင် တူကီယဲနိုင်ငံကို ဖယ်ရှားပစ်ခဲ့သည်။ S-400 လက်နက်စနစ် ဝယ်ယူမှုသည် F-35 ၏ အရေးကြီးသော ကိုယ်ပျောက်နည်းပညာကို သက်ရောက်မှုရှိစေနိုင်သည်ဟု အမေရိကန်က အကြောင်းပြချက်ပေးခဲ့သည်။

ထိုအချိန်မှစ၍ တူကီယဲနိုင်ငံသည် ၎င်း၏ သက်တမ်းကြာမြင့်နေပြီဖြစ်သော F-16 တိုက်လေယာဉ်များကို အပိုထပ်မံဝယ်ယူမှုများနှင့် ပြည်တွင်း၌ အဆင့်မြှင့်တင်ရေးအစီအစဉ်များ အကောင်အထည်ဖော်လုပ်ဆောင်နိုင်ရေးနည်းလမ်းရှာဖွေနေခဲ့သည်။

**Turkey Plans to Buy 40 Eurofighter Typhoons as Interim Solution ကို ဘာသာပြန်ဆိုထားပါသည်။**

## ဘင်္ဂလားပင်လယ်အော်တွင် အိန္ဒိယနှင့်ရုရှားရေတပ် ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်



အိန္ဒိယနှင့်ရုရှား ရေတပ်တို့သည် ဘင်္ဂလားပင်လယ်အော်တွင် ပူးတွဲစစ်ရေးလေ့ကျင့်မှုများပြုလုပ်နေကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက နိုဝင်ဘာ ၂၁ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုသည် နှစ်နိုင်ငံကြား ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး ရေတပ်ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊ ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်မှုများကို ပူးတွဲတန်ပြန်ရန်၊ အာရှ-ပစိဖိတ်ဒေသအတွင်း ဘေးကင်းလုံခြုံသော ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်မှုတို့ကို အာမခံချက်ပေးနိုင်စေရန် ရည်ရွယ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

စစ်ရေးလေ့ကျင့်မှုအတွင်း နှစ်နိုင်ငံစလုံးမှ ရေတပ်တပ်ဖွဲ့ဝင်များသည် ရေကြောင်းဖွဲ့စည်းပုံအမျိုးမျိုးတွင် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြပြီး လေကြောင်းရန်ကာကွယ်ရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ လေ့ကျင့်မှုများလည်း ပါဝင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

နိုဝင်ဘာ ၂၂ ရက်က ပြီးဆုံးသည့် နှစ်ရက်တာ စစ်ရေးလေ့ကျင့်မှုအတွင်း နှစ်နိုင်ငံ ရေတပ်စစ်သင်္ဘောများအနေဖြင့် ရွှေ့ပြောင်းသွားလာမှုတွင် ရိက္ခာများဖြည့်တင်းသယ်ဆောင်ခြင်းနှင့် သင်္ဘောတင်ရဟတ်ယာဉ်များ ပူးတွဲပျံသန်းဆင်းသက်တပ်ဖြန့်ချထားခြင်းတို့ကိုလည်းလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံ ပစိဖိတ်ရေယာဉ်စုမှ စစ်သင်္ဘောနှစ်စီးဖြစ်သည့် ရေငုပ်သင်္ဘောဖျက်ပဲ့ထိန်းဒုံးကျည်တင် Admiral Tributs ဖျက်သင်္ဘောနှင့် Pechenga အလတ်စားဆီသယ်ရေယာဉ်တို့သည် အိန္ဒိယရေတပ်မှ Rajput-Class အတန်းအစား INS Ranvijay ဖျက်သင်္ဘော၊ တန်ပြန်ရေငုပ်သင်္ဘောတိုက်ဖျက်ရေး INS Kiltan အမြန်သွားတိုက်ရေယာဉ်တို့နှင့် ပူးတွဲကာ ရေကြောင်း စစ်ရေးလေ့ကျင့်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

ရုရှားရေတပ်မှ စစ်သင်္ဘောများသည် အိန္ဒိယဆိပ်ကမ်း Visakhapatnam သို့ နိုဝင်ဘာ ၁၉ ရက်က ရောက်ရှိလာခဲ့ကြောင်း ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

ကုန်သွယ်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ကွန်ရက်ချိတ်ဆက် လုပ်ဆောင်နိုင်မှုနှင့် ကာကွယ်ရေးအပါအဝင် နှစ်နိုင်ငံကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲများ ရုရှားနှင့် အိန္ဒိယတို့ ပြုလုပ်ခဲ့ကြပြီးနောက် သီတင်းတစ်ပတ်အကြာတွင် ယခုကဲ့သို့ ရေတပ်ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Andrey Rudenko နှင့် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး Vinay Kwatra တို့သည် ယခုလ ၁၃ ရက်က အိန္ဒိယတွင် တွေ့ဆုံခဲ့ပြီး အဓိကကျသော ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများတွင် ဇွဲစပ်ညှိနှိုင်းအကောင်အထည်ဖော်ရေးအတွက် အသေးစိတ်ဆွေးနွေးခဲ့ကြကာ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာနယ်ပယ်များတွင် ညှိနှိုင်းဆောင်ရွက်မှု အားကောင်းလာစေရန် နှစ်နိုင်ငံစလုံးက ကတိကဝတ်များကို အတည်ပြုနိုင်ခဲ့ကြသည်။ ဂျီ-၂၀ အုပ်စု၊ BRICS နှင့် SCO မဟာမိတ်အဖွဲ့များကြားတွင်လည်း စစ်ရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားရန်ရှိသည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ ပူးပေါင်းရေကြောင်းစစ်ရေးလေ့ကျင့်မှုအတွင်း အိန္ဒိယနိုင်ငံသည် အိန္ဒိယကြည်းတပ်နှင့် အမေရိကန်ကြည်းတပ် အထူးတပ်ဖွဲ့များပါဝင်သော ၎င်း၏ ၁၄ ကြိမ်မြောက် Vajra Prahar စစ်ရေးလေ့ကျင့်မှုကိုလည်း ပြုလုပ်လျက်ရှိကြောင်း အိန္ဒိယနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက နိုဝင်ဘာ ၂၀ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါအမေရိကန်နှင့် စစ်ရေးလေ့ကျင့်မှုကို အရှေ့မြောက်ပိုင်း Meghalaya ပြည်နယ်ရှိ Umroi ဒေသ Joint Training Node ပူးပေါင်းစစ်ဆင်ရေးဌာနချုပ်တွင် ပြုလုပ်နေခြင်းလည်းဖြစ်သည်။ လေ့ကျင့်မှု သုံးပတ်တာကာလအတွင်း နှစ်နိုင်ငံစလုံးမှ ပူးပေါင်းစီစဉ်ထားသည့် အထူးစစ်ဆင်ရေးများ၊ အကြမ်းဖက်နှိမ်နင်းရေး စစ်ဆင်ရေးများနှင့် တောင်ထူထပ်သော မြေမျက်နှာသွင်ပြင်အနေအထားများတွင် လေကြောင်းချီစစ်ဆင်ရေးများ ဆက်တိုက်ပြုလုပ်သွားမည်ဖြစ်သည်။

**India and Russia hold naval drills together ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# မွန်ပြည်နယ်မှ ဆားကြမ်းများကို တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံသို့ တင်ပို့နိုင်ရေးဆောင်ရွက်နေ



**မော်လမြိုင် နိုဝင်ဘာ ၂၅**

မွန်ပြည်နယ်မှ ဆားကြမ်းများကို တောင်ကိုရီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံသို့ တင်ပို့နိုင်ရေးဆောင်ရွက်နေကြောင်း မွန်ပြည်နယ် ဆားလုပ်ငန်းရှင်များအသင်း၏ နိုဝင်ဘာ ၂၄ ရက် သတင်းများအရ သိရသည်။

မြန်မာနိုင်ငံတွင် ဆားကို မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အဓိကလုပ်ကိုင်နေကြပြီး နှစ်စဉ် ဆားတန်ချိန် လေးသိန်းကျော်ထုတ်လုပ်လျက်ရှိကြောင်း၊ မွန်ပြည်နယ်သည် ဒုတိယအများဆုံး ဆားထွက်ရှိရာဒေသဖြစ်ပြီး နှစ်စဉ် ဆားကွင်းဧက ၄၅၀၀ ကျော်လုပ်ကိုင်နေပြီး ဆားတန်ချိန် ၅၀၀၀၀ ကျော်ထိ ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

မွန်ပြည်နယ်အပါအဝင် မြန်မာနိုင်ငံမှထွက်ရှိနေသည့် ဆားများသည် ပြည်ပဈေးကွက်မရှိသဖြင့် ပြည်တွင်းဈေးကွက်တို့သို့သာ တင်ပို့ရောင်းချပေးနေခဲ့ရကြောင်း၊ ယခုအခါ မွန်ပြည်နယ်မှထွက်ရှိလာသည့် ဆားကြမ်းများကို ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံသို့ တင်ပို့ရောင်းချပေးရန်ရှိနေသဖြင့် ပြည်တွင်းထုတ်ဆားများမှာ ပြည်ပဈေးကွက်ဝင် ကုန်ပစ္စည်းများဖြစ်လာတော့မည်ဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံသည် နှစ်စဉ်ဆားတန်ချိန် သုံးသန်းခန့်ထွက်ရှိနေသော်လည်း ဆားလိုအပ်ချက်အရ နှစ်စဉ်ဆားတန်ချိန် ခုနစ်သန်းခန့် တင်သွင်းနေရကြောင်း၊ ထို့အတူ ဂျပန်နိုင်ငံတွင်လည်း မွန်ပြည်နယ်ထွက် ဆားကြမ်းများကို ဝယ်ယူလိုသဖြင့် နမူနာများပေးပို့ရန် ကမ်းလှမ်းလာခဲ့သောကြောင့် တောင်ကိုရီးယားနိုင်ငံသို့ စက်တင်ဘာလတွင်လည်းကောင်း၊ ဂျပန်နိုင်ငံသို့ ဩဂုတ်လတွင်လည်းကောင်း မွန်ပြည်နယ်မှ ဆားတန်ချိန် ၂၀ ပါဝင်သည့် ကွန်တိန်နာတစ်လုံးစီ နမူနာပေးပို့ခဲ့ကြောင်း သိရသည်။

ထိုသို့ဆားကြမ်းနမူနာများ ပေးပို့ပြီး ဂျပန်နိုင်ငံမှ ယခုဆားလုပ်ငန်းရာသီတွင် အနည်းဆုံးကွန်တိန်နာအလုံး ၃၀ (ဆားကြမ်းတန်ချိန် ၆၀၀) မှာယူထားပြီး တောင်ကိုရီးယားနိုင်ငံမှကုမ္ပဏီတစ်ခုနှင့်လည်း နှစ်နိုင်ငံကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခြင်းကို စက်တင်ဘာလနောက်ဆုံးပတ်တွင် ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ကြောင့် ပြည်နယ်အတွင်း ထွက်ရှိသည့်ဆားကြမ်းများကို ယခုနှစ်မကုန်မီ တင်ပို့သွားနိုင်ရေးအတွက် ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။ **ချမ်းချမ်း**

# မိုင်းပန်မြို့နယ် မိုင်းဟောင်းကျေးရွာ၌ ဆိုလာရေသန့်စင်စက် တပ်ဆင်ပြီးစီးမှု စစ်ဆေး

**မိုင်းပန် နိုဝင်ဘာ ၂၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းဟောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာရေသန့်စင်စက် တပ်ဆင်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်းနှင့် တာဝန်ရှိသူများက မိုင်းဟောင်းကျေးရွာ၌ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာရေသန့်စင်စက်တပ်ဆင်ပြီးစီးမှုကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားရန်၊ အကျိုးရှိစွာ အသုံးပြုရန်နှင့် ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။



မိုင်းပန်မြို့နယ် မိုင်းဟောင်းကျေးရွာ၌ ဆိုလာရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ ကျပ် သုံးသန်းအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက ဦးဆောင်ပြီး ကျေးရွာပြည်သူလူထုကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများပြီးစီးပြီဖြစ်၍ မိုင်းဟောင်းကျေးရွာနေ ပြည်သူများ သန့်ရှင်းသောသောက်သုံးရေဖူလုံစွာ ရရှိပြီဖြစ်ကြောင်း သိရသည်။

**အေးသူ**

# ပြည်မြို့နယ် မြို့မကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပြည် နိုဝင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက MCB ဘဏ်နှင့်ပူးပေါင်း၍ မြို့မကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင်ကျေးရွာများရှိ ကျေးလက်နေပြည်သူများ ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီစေရန်နှင့် အုပ်ချုပ်မှုဆိုင်ရာဝန်ထုပ်ဝန်ပိုးများလျှော့ချနိုင်စေရန်ရည်ရွယ်၍ Mobile Phone အသုံးပြုကာ ချေးငွေထုတ်ယူခြင်းအစီအစဉ်ကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ Mobile Financial Payment စနစ်ဖြင့် ချေးငွေများထုတ်ချေးပေးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ အရင်းဆပ်ကာလ၊ အတိုးဆပ်ကာလနှင့် စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံ ဦးစီးအရာရှိ ဒေါ်သော်သော်သိန်းအေးက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြို့မကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၉ ဒသမ ၆၅ သန်း လွှဲပြောင်းပေးအပ်သည်။

ပြည်မြို့နယ် မြို့မကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၂၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၉ ဒသမ ၆၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုနိုင်**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၅-၁၁-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၄၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၄၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၂၂၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၃၅၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

[၇] ရှေ့စာမျက်နှာမှအဆက်

ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မာရဝိဇယ ကျောင်းဆောင်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီးနှင့်ပန်းမန်၊ သောက်တော်ရေချမ်းများ ကပ်လှူပူဇော်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာသည့် ဧည့်ပရိသတ်များသည် ကထိန်ခံမာရဝိဇယကျောင်းတော်ကြီးသို့ လှူဒါန်းရန်ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားကို "နမော တဿ"သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် ပေါက်မြိုင်ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်၍ သံဃာတော်အရှင်သူမြတ်များရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ပေါက်မြိုင်ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ကထိန်အလှူခံကျောင်း

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယ ကျောင်းဆောင်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီးနှင့် ပန်းမန်၊ သောက်တော်ရေချမ်းများ ကပ်လှူပူဇော်စဉ်။**







**လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက်ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဓနိန္ဒထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်စဉ်။**





**လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက်ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဓနိန္ဒအမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ကထိန်အလှူခံကျောင်း မာရဝိဇယ ကျောင်းတော်ကြီးသို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ် ပစ္စည်းများနှင့် ပဒေသာပင်များကို လှည့်လည်ကြည့်ရှုစဉ်။**

မာရဝိဇယကျောင်းတော် ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနေမိန္ဒထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်ပြီး ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက ဆရာတော်သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျာ့ပရိယတ္တိစာသင်တိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိဆရာတော်ကြီးထံမှ အနုမောဒနာတရားနာကြားသည်။

၎င်းနောက် မာရဝိဇယကျောင်းထိုင်ဆရာတော်ကြီးထံမှ ရေစက်သွန်းတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် အခမ်းအနားကို "ဗုဒ္ဓသာသနံစိရံတိဋ္ဌတု"သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး အခမ်းအနားအောင်မြင်ခြင်းအထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ရတနာရွှေမိုးငွေမိုးများရွာသွန်းဖြိုးကြသည်။ အခမ်းအနားအပြီးတွင် ပေါက်မြိုင်ဆရာတော်ကြီးအမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်(ငြိမ်း) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ အာဆီယံနိုင်ငံများစစ်မှုထမ်းဟောင်းအဖွဲ့၏ (၃၅)ကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးနှင့် (၂၂)ကြိမ်မြောက် အထွေထွေညီလာခံတက်ရောက်ရန် ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့သို့ ထွက်ခွာ



မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် (ငြိမ်း) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၅**

ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့ Sofitel Philippine Plaza Manila ဟိုတယ်၌ နိုဝင်ဘာ ၂၆ ရက်မှ ၃၀ ရက်ထိကျင်းပပြုလုပ်မည့် အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့၏ (၃၅)ကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးနှင့် (၂၂)ကြိမ်မြောက် အထွေထွေညီလာခံသို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်(ငြိမ်း) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာဒုံအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့သို့ထွက်ခွာကြသည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဒုတိယဥက္ကဋ္ဌ(၁) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့(စည်ပင်အတွင်း/ပြင်ပ)မှ တာဝန်ရှိသူတို့က လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

# (၃၁)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင် မြန်မာ့တပ်မတော်သေနတ်ပစ်အသင်း ရွှေတံဆိပ် ရှစ်ခု၊ ငွေတံဆိပ် ခုနစ်ခု၊ ကြေးတံဆိပ် ခုနစ်ခုတို့ရရှိခဲ့ပြီး နိုင်ငံအလိုက် စတုတ္ထအဆင့်နေရာတွင် ရပ်တည်နိုင်ခဲ့



မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးနှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်စဉ်။



မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းမှ ဆုတံဆိပ်ရရှိသူကို တာဝန်ရှိသူတစ်ဦးက ဆုချီးမြှင့်စဉ်။



မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းမှ ဆုတံဆိပ်ရရှိသူနှင့် ပြိုင်ပွဲဝင်နိုင်ငံများမှ ဆုတံဆိပ်ရရှိသူများ ဆုတံဆိပ်ရယူပြီး ရုပေါင်းဓာတ်ပုံရိုက်စဉ်။





(၃၁)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ(AARM-31)တွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းကို တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၅**

(၃၁)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များသေနတ်ပစ်ပြိုင်ပွဲ (AARM-31)ကို နိုဝင်ဘာ ၁၀ ရက်မှ ၂၄ ရက်ထိ ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့ပြီး မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းမှလည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ထိုသို့ ယှဉ်ပြိုင်ခဲ့ရာတွင် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းအနေဖြင့် ပစ္စတိုအမျိုးသားအသင်းတွင် ငါးဦး၊ပစ္စတိုအမျိုးသမီးအသင်းတွင် ငါးဦး၊ ကာဘိုင်အမျိုးသားအသင်းတွင် ငါးဦး၊ ရိုင်ဖယ်အမျိုးသားအသင်းတွင် ငါးဦးနှင့်စက်သေနတ်အမျိုးသားအသင်းတွင် ငါးဦး စုစုပေါင်း သေနတ်ပစ်အားကစားသမား ၂၅ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြရာ အသင်းလိုက်အမှတ်ပေးပြိုင်ပွဲတွင် ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် လေးခု၊ကြေးတံဆိပ် ငါးခု၊ ထိလဲပြားပစ်ခတ်စဉ်ပြိုင်ပွဲတွင် ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် သုံးခု၊ကြေးတံဆိပ် နှစ်ခုတို့ရရှိခဲ့ပြီး စုစုပေါင်း ရွှေတံဆိပ် ရှစ်ခု၊ ငွေတံဆိပ် ခုနစ်ခု၊ ကြေးတံဆိပ် ခုနစ်ခု ဆွတ်ခူးရရှိခဲ့ကာ နိုင်ငံအလိုက် စတုတ္ထအဆင့်နေရာတွင် ရပ်တည်နိုင်ခဲ့သည်။

အဆိုပါမြန်မာ့တပ်မတော်သေနတ်ပစ်အသင်းသည် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးနှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ဒဂုံမြို့နယ်ပြည်သူ့ရင်ပြင်၌ ထုတ်ကုန်စက်ပစ္စည်းများနည်းပညာပြပွဲ၊စက်မှုထုတ်ကုန်ပစ္စည်းများပြပွဲနှင့် တန်ဆောင်တိုင်ဈေးရောင်းပွဲတော်ဖွင့်ပွဲကျင်းပ



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းတို့ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ပြည်သူ့ရင်ပြင်၌ ၂၀၂၃ ခုနှစ် ထုတ်ကုန်စက်ပစ္စည်းများနည်းပညာပြပွဲ၊ စက်မှုထုတ်ကုန်ပစ္စည်းများပြပွဲနှင့် တန်ဆောင်တိုင်ဈေးရောင်းပွဲတော်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်၌ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ UMFCCI နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ စက်မှုဇုန်အသီးသီးမှတာဝန်ရှိသူများ၊ စက်မှုလုပ်ငန်းရှင်များ၊ MSME လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အခမ်းအနားကို တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းနှင့် စက်မှုဇုန်များမှ ဇုန်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ယခင်သီတင်းကျွတ်ဈေးရောင်းပွဲတော်နှင့် မီးထွန်းပွဲတော်တွင် ရွှေတိဂုံစေတီတော်အား အလှပန်းခင်းများဖြင့် ပူဇော်ထားရှိသည့် ပန်းပြပွဲတွင်ဆုရရှိသော ရန်ကုန်တိုင်းဒေသကြီး စည်ပင်(ပြင်ပ)မြို့နယ်များကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးညီညီနှင့် တာဝန်ရှိသူများက ဆုတံဆိပ်နှင့်ဂုဏ်ပြုငွေများ ချီးမြှင့်သည်။

ထို့နောက် ဘင်ခရာအဖွဲ့များနှင့် ပန်းဖွားအကများဖြင့် ဖျော်ဖြေကြရာ တိုင်းဒေသကြီးဝန်ကြီးများက ဂုဏ်ပြုငွေများ ချီးမြှင့်ကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှ လုပ်ငန်းရှင်များ၊ အသေးစား၊ အငယ်စား၊ အလတ်စား(MSME) လုပ်ငန်းရှင်များ၏ထုတ်ကုန်အရောင်းပြခန်းများ၊ ဆန်၊ ဆီ အရောင်းဆိုင်များ၊ အခြားတိုင်းဒေသကြီး၊ ပြည်နယ်များမှ လာရောက်ရောင်းချသောထုတ်ကုန်ပစ္စည်း အရောင်းပြခန်းများ အပါအဝင် ဆိုင်ခန်းပေါင်း ၅၀၀ခန့် ပြသရောင်းချသွားမည်ဖြစ်သည်။

ပွဲတော်ရက်များအတွင်း နေ့စဉ် E-Sport Game ပြိုင်ပွဲများ၊ စတုဒိသာကျွေးမွေးခြင်းများ၊ ရုပ်ရှင်၊ သဘင်၊ ဂီတနှင့်ဟာသပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများ၊ Circus၊ မျက်လှည့်၊ Dancer များ၏ ဖျော်ဖြေတင်ဆက်မှုများ၊ မီးရှူးမီးပန်းပစ်ဖောက်မည့် အစီအစဉ်များကို ကြည့်ရှုခံစားနိုင်ကြမည်ဖြစ်ပြီး ပွဲတော်လာပြည်သူများ သွားရေးလာရေးလွယ်ကူစေရန် အကြိုအပို့ ကားများစီစဉ်ထားရှိပေးထားကြောင်းနှင့် ပွဲတော်ကို နိုဝင်ဘာ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ ဆေးရုံ၊ ဆေးခန်းများ၌ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၅**

မိမိတို့၏ နေ့စဉ်လူမှုဘဝနေထိုင်ဖြတ်သန်းရာတွင် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်နေမှသာ ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး မျက်စိပသာဒဖြစ်ဖွယ်ရာ သန့်ရှင်းသာယာလှပသော မြို့ရွာ Clean City၊ Clean Village များဖြစ်လာမည်ဖြစ်ကာ ကျန်းမာရေးနှင့် ညီညွတ်မှုတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာသန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင်တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးတာဝန်ရှိသူများက မပြတ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ တပ်မတော်သားများ၊ ဌာနဆိုင်အဖွဲ့အစည်းများ၊ ဒေသခံပြည်သူအားလုံးတို့က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ်စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့ရွာများရှိ ဆေးရုံ၊ဆေးခန်းများ၌ ခြင်၊ယင်ပေါက်ဖွားမှုမရှိစေရေးနှင့် ဆေးရုံတက်ရောက်ကုသနေသော လူနာများကို လေကောင်းလေသန့်ရရှိစေရန် ချုံနွယ်၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းများကို အားတက်သရော ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နှင့် မိုင်းဖြတ်မြို့တို့၌လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်နှင့် ချောင်းဆုံမြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်လေးမြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၁၃ မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နှင့်ရွှေကျင်မြို့တို့၌လည်းကောင်း ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊



နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ မျက်စိ၊နား၊နှာခေါင်း၊လည်ချောင်း၊ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ရောဂါအထူးကုဆေးရုံကြီး၌ ရပေါင်းသန့်ရှင်းရေးဆောင်ရွက်နေစဉ်။

ဌာနဆိုင်ရာဝန်ထမ်းများ၊စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံဆေးခန်းများရှိ ခြင်ခိုအောင်းနိုင်သော ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ဆေးရုံဝင်းအတွင်း၊ အပြင် သန့်ရှင်းရေးဆောင်ရွက်ပေးခြင်းနှင့် ခြင်၊ ယင်၊ ပိုးမွှားများ ပေါက်ဖွားမှုမရှိစေရန် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# မြန်မာ့မီးရထားမှ တန်ဆောင်တိုင်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားမိဘပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်မိသားစုများ အဆင်ပြေစွာခရီးသွားလာနိုင်ရန်အတွက် အထူးရထားခရီးစဉ်များ ပြေးဆွဲပေး

**နေပြည်တော် နိုဝင်ဘာ ၂၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် တန်ဆောင်တိုင်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားမိဘပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်မိသားစုများ အဆင်ပြေစွာခရီးသွားလာနိုင်ရန်အတွက် ရန်ကုန်-နေပြည်တော်-ရန်ကုန်၊ ရန်ကုန်-မော်လမြိုင်-ရန်ကုန်နှင့် ရန်ကုန်-ပြည်-ရန်ကုန် ခရီးစဉ်များကို အထူးရထားများဖြင့် အစုန်၊အဆန်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

နိုဝင်ဘာ ၂၄ ရက်တွင် နေပြည်တော်-ရန်ကုန်အစုန်အထူးရထား၊ ရန်ကုန်-ပြည်-ရန်ကုန် အစုန်၊အဆန်အထူးရထား၊ရန်ကုန်-မော်လမြိုင်-ရန်ကုန် အစုန်၊အဆန်အထူးရထားများကို ပြေးဆွဲပေးခဲ့ပြီး ယနေ့တွင် ရန်ကုန်-မော်လမြိုင်-ရန်ကုန် အစုန်၊အဆန်အထူးရထား၊ ရန်ကုန်-ပြည်-ရန်ကုန်အစုန်၊အဆန်အထူးရထားများဆက်လက်ပြေးဆွဲပေးခဲ့သည်။

ထို့ပြင် နိုဝင်ဘာ ၂၆ ရက်တွင် ရန်ကုန်-မော်လမြိုင်-ရန်ကုန် အစုန်၊အဆန် အထူးရထား၊ ရန်ကုန်-ပြည်-ရန်ကုန်အစုန်၊အဆန်အထူးရထားများကိုလည်းကောင်း၊နိုဝင်ဘာ ၂၇ ရက်တွင် ရန်ကုန်-နေပြည်တော် အဆန်အထူးရထား၊ ရန်ကုန်-ပြည်-ရန်ကုန် အစုန်၊အဆန် အထူးရထားနှင့် ရန်ကုန်-မော်လမြိုင်-ရန်ကုန် အစုန်၊အဆန် အထူးရထားများကို လည်းကောင်း တန်ဆောင်တိုင်ရုံးပိတ်ရက် ပြီးဆုံး၍ ခရီးသွားမိဘပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုများ မိမိတို့နေရပ်သို့အဆင်ပြေစွာ ပြန်လည်ခရီးသွားလာနိုင်ရန်အတွက် ထပ်မံပြေးဆွဲပေးသွားမည်ဖြစ်ကြောင်းနှင့် ရထားပြေးဆွဲပေးမှုအပေါ် ခရီးသွားပြည်သူများက သဘောကျနှစ်သက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)၊ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



တပ်မတော်နှင့်ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၅**

ကမ်းရိုးတန်းဒေသတစ်လျှောက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် တောင်ကလေးကျေးရွာသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်အထူးကုဆေးအဖွဲ့သည် တောင်ကလေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၄၇၂ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၁၉၂ဦး၊ ခွဲစိတ်ရောဂါ ၂၃ဦး၊ သားဖွားမီးယပ်ရောဂါဦးရေ ၂၀၊ ကလေးရောဂါ ၂၄ဦး၊ အရိုးရောဂါ ၆၁ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၉ဦး၊ မျက်စိရောဂါ ၉၅ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၃၈ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ခြောက်ဦး၊ မျက်စိခွဲစိတ်လူနာ ငါးဦး၊ ဓာတ်မှန်ရိုက်လူနာ ခြောက်ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၄ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၂ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၂ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင်ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့ အမှတ်(၂)ရပ်ကွက်ရှိ မြို့မဓမ္မာရုံ၌ အခြေပြု၍ ဓနုဖြူမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၇၈၈ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာရောဂါ ၂၁၅ဦး၊ ခွဲစိတ်ရောဂါ ၁၀ဦး၊ သားဖွားမီးယပ်ရောဂါ ၂၂ဦး၊ ကလေးရောဂါ ၄၆ဦး၊ အရိုးရောဂါ ၂၀၄ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါဦးရေ ၄၀၊ မျက်စိရောဂါ ၂၁၆ဦးနှင့် သွားရောဂါ ၃၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ခုနစ်ဦး၊ မျက်စိခွဲစိတ်လူနာ လေးဦး၊တယ်လီဖေးရှင်းဓာတ်မှန်ရိုက်လူနာ ၃၅ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၂ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၆ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

**ဒေါ်ပြုံးပြုံးအောင်**

ကျွန်မက တောင်ကလေးကျေးရွာကပါ။ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့



က ယခုလိုအခမဲ့လာရောက်ဆေးကုသပေးတဲ့အတွက် မျက်စိလာရောက်ပြသတာပါ။ ဇက်ကြောတွေတက်ပြီး မျက်စိကြည့်ရတာ နည်းနည်းဝါးလို့ ဆရာဝန်ကြီးတွေက သေချာစမ်းသပ်ပြီးတော့ ကုသပေးတယ်။ သောက်ဖို့ဆေးဝါးတွေကိုလည်း အခမဲ့ပေးလိုက်ပါတယ်။ တချို့ ရွာသူရွာသားတွေက ငွေကုန်ကြေးကျအများကြီးခံပြီးတော့ မကုနိုင်တဲ့အတွက် အခုလိုမျိုး တပ်မတော်က လာရောက်ပြီး အခမဲ့ဆေးကုသပေးတဲ့အတွက် ရွာသူ၊ရွာသားတွေအတွက် အကုန်လုံးအဆင်ပြေပါတယ်။ တစ်နေရာထဲမှာ ပါရဂူကြီးတွေအစုံနဲ့ ပြသရတဲ့အတွက်လည်း သူတို့အတွက် အကျိုးကျေးဇူးရှိပါတယ်။ ဒီအတွက်လည်း တောင်ကလေးရွာသူရွာသားတွေကိုယ်စား၊ အနီးနားပတ်ဝန်းကျင်မှာရှိတဲ့ ရွာသူ၊ရွာသားတွေရဲ့ကိုယ်စား ကျွန်မကကျေးဇူးအများကြီးတင်ပါတယ်လို့ပြောချင်ပါတယ်။ နောက်ထပ်လည်း ယခုလိုဆေးလာကုပေးပါလို့ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့ကို ဖိတ်ခေါ်ပါတယ်ရှင့်။ ဆေးကုသပေးနိုင်အောင် စီစဉ်ပေးတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ ဆရာဝန်များ၊ ပါရဂူကြီးများကိုလည်း ကျေးဇူးအထူးပဲတင်ရှိပါတယ်။ ကျွန်မတပ်မတော်သားတွေကိုအရမ်းပဲချစ်ပါတယ်။ ယခုလိုတိုင်းပြည်မအေးချမ်းတဲ့အချိန်မှာ လာရောက်ပြီး ရွာသူ၊ ရွာသားတွေ၊ ဒေသခံတွေရဲ့ကျန်းမာရေးကို အဓိကထားပြီး ဆေးကုသပေးတဲ့အတွက် ကျွန်မကကျေးဇူးအထူးတင်ရှိပါတယ်။ ယခုဆိုရင် တပ်မတော်သားတွေက မြန်မာတစ်နိုင်ငံလုံး အေးချမ်းသာယာဖို့အတွက် တိုင်းဒေသကြီးနဲ့ပြည်နယ်အသီးသီးမှာ ရှေ့တန်းတာဝန်တွေကို ထမ်းဆောင်နေရတယ်လို့ကြားသိရတဲ့အတွက် ကျွန်မချစ်တဲ့ တပ်မတော်သားတွေအတွက် အရမ်းလည်း ဂုဏ်ယူမိပါတယ်ရှင်။ ဘုရားရှိခိုးတိုင်းလည်း တပ်မတော်သားတွေဘေးအန္တရာယ်ကင်းရှင်းပါစေ၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ပြည့်စုံပြီး လိုအင်ဆန္ဒတွေပြည့်ဝပါစေလို့ ဆုတောင်းမေတ္တာ ပို့သပေးပါတယ်ရှင်။ တပ်မတော်ကြီးလည်း ရေရှည်တည်တံ့ခိုင်မြဲပါစေလို့ ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်ဟုပြောသည်။

**ဦးအေးကိုတင့်**

ကျွန်တော်တို့မြို့နယ်က နယ်မြို့လေးလည်းဖြစ်တဲ့အတွက်ကြောင့် မြို့နယ်မှာလည်းခုတင် ၅၀ နဲ့ ဆရာဝန်အထိုက်အသင့်တော့ရှိပါတယ်။ဒါပေမဲ့ယခုလို တပ်မတော်နယ်လှည့် ဆေးကုအဖွဲ့က ပါရဂူတွေ၊ ဆရာဝန်ကြီးတွေ လာရောက်တဲ့အပေါ်မှာ ကျွန်တော်တို့က အရမ်းကိုဝမ်းသာအားရဖြစ်မိပါတယ်။ ယခုလည်း အားလုံးမြင်တဲ့အတိုင်း ကျွန်တော်တို့ဒီမှာ လူနာတွေက အုန်းအုန်းကျွက်ကျွက်နဲ့ ဒီမြို့နယ်လေးမှာ အားကိုးတကြီး လာရောက်ကုသနေကြတာကိုတွေ့ကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်မှာရှိတဲ့ ပရဟိတအဖွဲ့တွေ၊ Ambulance အဖွဲ့တွေ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့တွေရယ်၊ အရန်မီးသတ်တပ်ဖွဲ့တွေ၊ တခြား ပရဟိတအဖွဲ့တွေ အားလုံးစုပေါင်းပြီး မြို့နယ်မှာရှိတဲ့လူနာတွေကိုသွားရေး၊ လာရေးကအစ အခက်အခဲမရှိအားလုံးအဆင်ပြေအောင်နဲ့ နယ်လှည့်ဆေးကုသအဖွဲ့တွေ ချောချောမွေ့မွေ့ကုသနိုင်အောင် ကျွန်တော်တို့ ဝိုင်းဝန်းပူးပေါင်းပြီးတော့



ကြိုးစားဆောင်ရွက်လျှက်ရှိပါတယ်။ အရမ်းလည်းဝမ်းသာပါတယ်။ဘာ့ကြောင့်လဲဆိုတော့ ဒီဘက်ခေတ်မှာဆေးကုဖို့ဆိုတာ ခက်ခဲတာပေါ့။ သွားရေးလာရေးကအစ ကုန်ကျစရိတ်ကြီးမြင့်တာတွေဖြစ်တဲ့အခါမှာ ယခုလို နယ်လှည့်ဆေးကုသရေးအဖွဲ့က လာရောက်ကုသပေးတဲ့အပေါ် ကျွန်တော်တို့ကတစ်မြို့နယ်လုံးမှာရှိတဲ့ လူနာတွေကိုစုစည်းပြီးတော့ ခေါ်ပေးတယ်။ခေါ်ပေးတဲ့အတွက်လူနာတွေကလည်း အရမ်းကိုဝမ်းသာပါတယ်။တချို့ဆိုရင်အဝေးဆုံးမှာရှိတဲ့ လူနာတွေကတောင် လာရောက်ပြီးကုသနေတာကိုတွေ့ရပါတယ်ခင်ဗျ။ ယခုလိုကုသပေးဖို့စီစဉ်ပေးတဲ့ ကျွန်တော်တို့ရဲ့ နိုင်ငံတော်အကြီးအကဲကို အထူးကျေးဇူးတင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ဒီမှာက ဆရာဝန်ကြီးတွေ၊အထူးကုပါရဂူကြီးတွေနဲ့ပြချင်ရင်တောင် ရန်ကုန်တို့၊ ပုသိမ်တတို့လို ခရိုင်မြို့ကြီးတွေကိုသွားကုသရတဲ့အနေအထားကနေ ကျွန်တော်တို့ဆီမှာရှိတဲ့ပြည်သူလူထုအနေနဲ့ယခုဒီနေရာမှာ အထူးကုပါရဂူကြီးတွေလာရောက်ကုသပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲတွေကို အရမ်းကိုကျေးဇူးတင်ရှိပါတယ်လို့ပြည်သူလူထုကိုယ်စားပြောကြားလိုပါတယ်ဟုပြောသည်။

# နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများကို ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၅**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သော ပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှ တစ်ဆင့်မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများက လိုအပ်သည့် စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း တရုတ်နိုင်ငံသား အမျိုးသား ၇၁၅ ဦး၊ အမျိုးသမီးဦးရေ ၁၀၀ ၊ စုစုပေါင်း ၈၁၅ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂၅ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၇၂၆၆ ဦး၊အမျိုးသမီး ၇၂၇ ဦး၊ စုစုပေါင်း ၇၉၉၃ ဦးတို့ကို ဖော်ထုတ် ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့် စိစစ်ခြင်းများဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင်ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်း လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်စဉ်။**



# တရုတ်-မြန်မာ နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေဒေသလုံခြုံအေးချမ်းရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တောင်ပိုင်းစစ်ဒေသကြီး၏ ပုံမှန်စစ်ရေးလေ့ကျင့်မှုကို တရုတ်-မြန်မာ နယ်စပ်ဒေသတွင် နိုဝင်ဘာ ၂၅ ရက်၌ လုပ်ဆောင်သွားမည့်အခြေအနေနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တောင်ပိုင်းစစ်ဒေသကြီးရဲ့ ပုံမှန်စစ်ရေးလေ့ကျင့်မှုကို နိုဝင်ဘာ ၂၅ ရက်မှာ စတင်လုပ်ဆောင်မှာဖြစ်ပါတယ်။ လုပ်ဆောင်မယ့်နေရာကတော့ တရုတ်-မြန်မာနိုင်ငံနယ်စပ်ဒေသမှာဖြစ်ပါတယ်။ လုပ်ဆောင်ရခြင်းရဲ့ရည်ရွယ်ချက်ကတော့ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ နယ်မြေဒေသလုံခြုံအေးချမ်းရေးအတွက် ဆောင်ရွက်ရခြင်းဖြစ်တယ်ဆိုတာကို မြန်မာနိုင်ငံဘက်ကို အကြောင်းကြားလာပါတယ်။ ဒါ့အပြင် တရုတ်နိုင်ငံရဲ့မူဝါဒအနေနဲ့ မြန်မာနိုင်ငံရဲ့ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေးမူဝါဒအပေါ်မှာ ရပ်တည်လျက်ရှိပြီးတော့ မြန်မာ့တပ်မတော်နဲ့အတူ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးကို အမြဲတမ်းလက်တွဲဆောင်ရွက်သွားမှာဖြစ်




ကြောင်း အကြောင်းကြားလာပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း တရုတ်နိုင်ငံနဲ့အတူ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ရပ်ကို လိုက်နာပြီး နေထိုင်ဆောင်ရွက်လျက်ရှိပါတယ်။ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးကို ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တပ်မတော်ရေရဲ့ ရေတပ်စစ်သင်္ဘောများလည်း မြန်မာနိုင်ငံကို ချစ်ကြည်ရေးခရီး မကြာခင်မှာ လာရောက်လည်ပတ်ဖို့ရှိပါတယ်။ တရုတ်-မြန်မာ နှစ်နိုင်ငံတပ်မတော်ချင်း ပူးပေါင်းဆောင်ရွက်မှုက ခိုင်မြဲလျက်ရှိကြောင်းနဲ့ ချစ်ကြည်ရင်းနှီးစွာ တည်ဆောက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

➤ ➤ ➤

# MNDAA ၊ TNLA ၊ AA အကြမ်းဖက်သမားသောင်းကျန်းသူများက တရုတ်-မြန်မာ နှစ်နိုင်ငံ၏အကျိုးစီးပွားထိခိုက်စေရန်ရည်ရွယ်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ တရုတ်-မြန်မာ ရေနံသဘာဝဓာတ်ငွေ့ပိုက်လိုင်းထိန်းချုပ်ရေးစခန်းတစ်ခုကို ဝင်ရောက်ဖျက်ဆီးခဲ့မှု၊ လျှပ်စစ်ကဏ္ဍထိခိုက်ပျက်စီးစေရန်ရည်ရွယ်၍ KNU ၊ PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့က မြိုင်ကလေး-သထုံ-ဘီးလင်းနှင့် မြိုင်ကလေး-ရန်ကုန် သဘာဝဓာတ်ငွေ့ပိုက်လိုင်းတို့ကို မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ဖျက်ဆီးခဲ့မှုနှင့် လိုအပ်သော ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းဆိုင်ရာများ ဆောင်ရွက်မှုအခြေအနေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် တောင်ပိုင်းစစ်ဒေသကြီး၏ ပုံမှန်စစ်ရေးလေ့ကျင့်မှုကို နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေဒေသလုံခြုံအေးချမ်းရေးအတွက် ယနေ့တွင် လုပ်ဆောင်လျက်ရှိမှု၊ နယ်စပ်ဒေသများတွင် တရားမဝင်နေထိုင်သူများကို တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှု အခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်




MNDAA, TNLA, AA အကြမ်းဖက်သောင်းကျန်းသူများအနေနဲ့ တရုတ် - မြန်မာ နှစ်နိုင်ငံစီးပွားရေး ဆက်သွယ်ရေးမှာ အဓိကကျတဲ့ မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်မှာ တံတားများကို ဖောက်ခွဲဖျက်ဆီးတာတွေ၊ လမ်းများပိတ်ဆို့တာတွေ၊ လမ်းတွေကို ဖျက်ဆီးတာတွေကိုဆောင်ရွက်ပြီး နှစ်နိုင်ငံစီးပွားရေးဆက်သွယ်ရေးနဲ့ ပြည်သူလူထုရဲ့စီးပွားရေး၊ လူမှုဘဝတည်ငြိမ်ရေးကို ထိခိုက်စေရုံသာမကဘဲ နောက်ပိုင်း တရုတ်-မြန်မာ နှစ်နိုင်ငံရဲ့ စီးပွားရေးနဲ့ ဆက်ဆံရေး မဟာဗျူဟာကျတဲ့ တရုတ်-မြန်မာ ရေနံဓာတ်ငွေ့ပိုက်လိုင်းကိုပါ အနှောင့်အယှက်ပေးလာတာကို တွေ့ရပါတယ်။ TNLA, AA ပူးပေါင်းအကြမ်းဖက်အဖွဲ့အနေနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ဇီပင်ကျေးရွာအနီးမှာရှိတဲ့ တရုတ်-မြန်မာ ရေနံသဘာဝဓာတ်ငွေ့ပိုက်လိုင်း ထိန်းချုပ်ရေးစခန်းတစ်ခုကို ဒီနိုဝင်ဘာ ၁၅ ရက်ကနေ ၁၈ ရက်ထိ ဝင်ရောက်နေထိုင်ပြီးတော့ ထိန်းချုပ်ရေးစခန်းအတွင်းမှာရှိတဲ့ ဆက်သွယ်ရေးကိရိယာတွေ၊ လုံခြုံရေးကိရိယာတွေ၊ လုပ်ငန်းသုံးပစ္စည်းများကို ဝင်ရောက်ဖျက်ဆီးသွားတာကိုတွေ့ရပါတယ်။ စွမ်းအင်ဝန်ကြီးဌာန တာဝန်ရှိသူတွေ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ အချိန်မီထိန်းသိမ်းပြုပြင်ခဲ့ရပါတယ်။ နှစ်နိုင်ငံရဲ့အကျိုးစီးပွားကို ထိခိုက်အောင်ရည်ရွယ်ပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရပါတယ်။ မြန်မာနိုင်ငံအစိုးရအနေနဲ့ သဘာဝဓာတ်ငွေ့ပိုက်လိုင်းနေရာတွေမှာ လုံခြုံရေးတိုးမြှင့်ချထားပြီး လုံခြုံမှုရှိအောင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းပြောလိုပါတယ်။ အလားတူပဲ လျှပ်စစ်ဓာတ်အားကဏ္ဍထိခိုက်အောင်လည်း ဆောင်ရွက်နေတာတွေ့ရပါတယ်။ KNU, PDF အကြမ်းဖက်အဖွဲ့တွေအနေနဲ့ သထုံဓာတ်ငွေ့ပိုက်လိုင်းကို ဒီလ ၁၆ ရက်မှာ ကရင်ပြည်နယ် ဘားအံနောင်ကျန်အုပ်စု ဆယ်မိုင်ကုန်းအနီးမှာ မိုင်းထောင်ဖောက်ခွဲခဲ့ပါတယ်။ ဒါကြောင့် သထုံဓာတ်အားပေးစက်ရုံကနေ ဓာတ်အားပေးနေရတဲ့ ဓာတ်အား မဂ္ဂါဝပ် ၃၀ လျော့နည်းပြီး ရန်ကုန်၊ ဘားအံ၊ သထုံ စတဲ့နေရာတွေမှာ လျှပ်စစ်ဓာတ်အားလျော့နည်းမှုဖြစ်ခဲ့ပါတယ်။ ဒါကို ဒီလ ၁၈ ရက်မှာ အမြန်ဆုံးပြုပြင်ပြီးဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဒါ့ပြင် ရန်ကုန်ကိုပေးပို့နေတဲ့ သဘာဝဓာတ်ငွေ့ပိုက်လိုင်းကို မွန်ပြည်နယ် သထုံ၊ ညောင်ချောင်းကျေးရွာအနီးမှာ ဒီလ ၂၃ ရက် ည ၇ နာရီခွဲလောက်မှာ မိုင်းထောင်ဖောက်ခွဲခဲ့ပါတယ်။ ရန်ကုန်ကိုပို့နေတဲ့ သဘာဝဓာတ်ငွေ့များ လျော့နည်းပြီး ရန်ကုန်ကိုပေးပို့နေတဲ့ လျှပ်စစ်ဓာတ်အား ၅၅ မဂ္ဂါဝပ်ခန့် လျော့နည်းခဲ့ကြောင်း တွေ့ရပါတယ်။ အမြန်ပြုပြင်ရေး၊ လုံခြုံရေး ဆောင်ရွက်နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ဒီအကြမ်းဖက်အဖွဲ့တွေအနေနဲ့ ပြည်သူလူထုကိုဖြန့်ဖြူးနေတဲ့ စီးပွားရေးလုပ်ငန်းတွေ၊ အဓိကကျတဲ့ လျှပ်စစ်ဓာတ်အားကဏ္ဍကို အဓိကထားပြီး နောက်ပိုင်းမှာ တိုက်ခိုက်လာတာရှိပါတယ်။ တာဝါတိုင်များကို ဖုံးခွဲတိုက်ခိုက်တာတွေ၊ လျှပ်စစ်ဓာတ်အားခွဲစက်ရုံတွေကို Drop Bomb နဲ့ လာချတာတွေ၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်းတွေကို ဖျက်ဆီးတာတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါတွေဟာ ပြည်သူလူထုရဲ့ အကျိုးစီးပွားကို တိုက်ရိုက်ထိခိုက်အောင်လုပ်နေခြင်းဖြစ်ပါတယ်။ သူတို့အနေနဲ့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအရေး၊ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေတာမဟုတ်ဘဲနဲ့ ၎င်းတို့ရဲ့အကျိုးအတွက်၊ ၎င်းတို့ရဲ့အာဏာရရှိရေး၊ လက်နက်စွဲကိုင်နိုင်ရေးအတွက်ကိုပဲဦးတည်ပြီး အတ္တကြီးစွာ ဆောင်ရွက်နေတဲ့သူတွေဖြစ်ပါတယ်။ ဒါတွေကို ပြည်သူလူထုတစ်ရပ်လုံးကသိရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနဲ့အတူ ပူးပေါင်းပြီးအမြစ်ပြတ်ချေမှုန်းသွားရမှာဖြစ်ကြောင်းပြောလိုပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေနဲ့ ဒီနေ့မှာ တောင်ပိုင်းစစ်ဒေသကြီးမှာ ပုံမှန်စစ်ရေးလေ့ကျင့်မှု စတင်ဆောင်ရွက်လျက်ရှိပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသလုံခြုံရေးအတွက် ဆောင်ရွက်တာဖြစ်ပါတယ်။ တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံတို့ဟာ ယခင်ကတည်းကတိုင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်နဲ့အညီ နှစ်ပေါင်းများစွာ ဆက်သွယ်ဆက်ဆံပြီးဆောင်ရွက်လာတာဖြစ်ပါတယ်။ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အနေနဲ့လည်း နီးကပ်စွာဆက်ဆံဆောင်ရွက်လျက်ရှိပါတယ်။ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံမှုရှိစေရေး၊ တရားဥပဒေစိုးမိုးရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောလိုပါတယ်။ ဒီသတင်းအပေါ်မှာလည်း ပြည်ဖျက်မီဒီယာများ၊ အနောက်နိုင်ငံကထောက်ပံ့ပေးထားတဲ့ မီဒီယာများအနေနဲ့ သတင်းအမျိုးမျိုးထုတ်လွှင့်ပြီး နှစ်နိုင်ငံကြားဆက်ဆံရေးများ မပြေမလည်ဖြစ်လာအောင် တွန်းအားပေးဆောင်ရွက်နေတာများရှိပါတယ်။ ဒါတွေကို ပြည်သူလူထုတစ်ရပ်လုံးက သတိရှိရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ နှစ်နိုင်ငံရဲ့ ဆက်ဆံရေးသည် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး၊ မဟာဗျူဟာမိတ်ဖက်ဆက်ဆံရေးသည် ဘယ်တော့မှလျော့နည်းသွားမယ့် ဆက်ဆံရေးမဟုတ်ကြောင်း ပြောကြားလိုပါတယ်။ ဒီနေ့ နိုဝင်ဘာ ၂၅ ရက်မှာတော့ နယ်စပ်ဒေသမှာ ဝင်ရောက်နေထိုင်နေတဲ့၊ တရားမဝင်နေထိုင်နေတဲ့ တရုတ်နိုင်ငံသား အမျိုးသား ၇၁၅ ဦး၊ အမျိုးသမီး ဦးရေ ၁၀၀ စုစုပေါင်း ၈၁၅ ဦးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ တာဝန်ရှိသူများထံကို ကျွန်တော်တို့ လွှဲပြောင်းပေးနိုင်ခဲ့ပါတယ်။ အောက်တိုဘာ ၃၁ ရက်ကနေ နိုဝင်ဘာ ၂၅ ရက်ထိ ကျား ၇၂၆၆ ဦး၊ မ ၇၂၇ ဦး စုစုပေါင်း ၇၉၉၃ ဦးကို လွှဲပြောင်းပြီးဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့နိုင်ငံထဲမှာ ရောက်ရှိနေတဲ့ မည်သည့်နိုင်ငံခြားသားမဆို ကျွန်တော်တို့အနေနဲ့ ကာကွယ်စောင့်ရှောက်ပေးရမယ့်တာဝန်ရှိပါတယ်။ သူတို့ရဲ့ နေရပ်ပြန်နိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးကိစ္စများနဲ့ ဝင်ရောက်နေထိုင်သူများကို အမြန်လွှဲပြောင်းပေးနိုင်ရေး စာမျက်နှာ ၂၄ သို့





အကြမ်းဖက်သမားများက သဘာဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများသို့ပို့လွှတ်သည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများကလှူဒါန်းသော ဒံပေါက်ထမင်းဘူးများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း



လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများကလှူဒါန်းသော ဒံပေါက်ထမင်းဘူးများနှင့် စားသောက်ဖွယ်ရာများကို တပ်မတော်မော်တော်ယာဉ်ဖြင့် ပို့ဆောင်ပေးစဉ်။



စေတနာရှင်အလှူရှင် ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် ဆုတောင်းမေတ္တာစာလွှာများကို တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၅**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက အလှူငွေများပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင်လည်း စေတနာရှင်အလှူရှင်ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။

စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တပ်မတော်သားများ ကျန်းမာပါစေကြောင်း၊ ဘေးအန္တရာယ်ကင်းရှင်းပါစေကြောင်းနှင့် တိုက်ပွဲတိုင်းအောင်မြင်ပါစေကြောင်း"စသည့် ဆုတောင်းမေတ္တာစာလွှာများပါရှိကြောင်း သတင်းရရှိသည်။

**စာမျက်နှာ ၂၂ မှအဆက်**

မြန်မာနိုင်ငံအစိုးရအနေနဲ့ တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။ ဒီနေ့မှာ ထိတွေ့တိုက်ပွဲများအနေနဲ့ ရှမ်းပြည်နယ်အရှေ့မြောက်ဘက်မှာ နမ့်ခမ်းမှာရှိတဲ့ လုံခြုံရေးတပ်စခန်းကို MNDAA အကြမ်းဖက်သောင်းကျန်းသူများအနေနဲ့ မနေ့ညကနေစပြီး အကြိမ်ကြိမ် အင်အားအလုံးအရင်းနဲ့ ဝင်ရောက်တိုက်ခိုက်ခဲ့တာရှိပါတယ်။ ထိခိုက်ကျဆုံးမှုများစွာနဲ့ ပြန်လည်ဆုတ်ခွာသွားကြောင်းတွေ့ရပါတယ်။ ကုန်းကြမ်းဘက်မှာလည်း ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိပါတယ်။ တာရွှေထန်နားမှာလည်း ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိပါတယ်။ ဒါ့ပြင် TNLA၊ AA အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့တဲ့ မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ် မှာရှိတဲ့ ကျင်သီတံတားနားမှာ တပ်မတော်အနေနဲ့ လမ်းပန်းဆက်သွယ်မှုပြန်လည်ရရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိခဲ့ပါတယ်။ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်တဲ့ ရခိုင်ပြည်နယ် ထရွန်အိုင်နဲ့နှန်းဘူးမှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိခဲ့ပါတယ်။ ပလက်ဝရဲ့မြောက်ခြမ်းနေရာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်ယခင်ကပြောခဲ့သလို အဓိကအားဖြင့် ချင်းတိုင်းရင်းသားလူမျိုးစုများနေထိုင်ရာဖြစ်ပါတယ်။ ဒီစခန်းနှစ်ခုသည် အိန္ဒိယ- မြန်မာချစ်ကြည်ရေးလမ်းဖောက်လုပ်တဲ့နေရာမှာ အဓိကထားတဲ့ လုံခြုံရေးစခန်းဖြစ်ပါတယ်။AA အကြမ်းဖက်သောင်းကျန်းသူများအနေနဲ့ အိန္ဒိယနဲ့ မြန်မာနိုင်ငံ နှစ်နိုင်ငံဆက်သွယ်ရေးလမ်းကြောင်း ပွင့်လာမှာကိုမလိုလားတဲ့အတွက် ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ ရခိုင်ပြည်နယ်သည် ယခင်က လမ်းပန်းဆက်သွယ်မှုအလွန်ခက်ခဲတဲ့ ပြည်နယ်တစ်ခုဖြစ်ပါတယ်။ရေလမ်းကြောင်းကိုသာ အဓိကထား ဆက်သွယ်ရတဲ့ ပြည်နယ်တစ်ခုဖြစ်ပါတယ်။ နဝတ၊ နယက အစိုးရလက်ထက်မှာမှ ရခိုင်ပြည်နယ်ရဲ့ မြောက်ပိုင်းဒေသဖြစ်တဲ့ အမ်း၊ စစ်တွေဒေသကို ပြည်ထောင်စုလမ်းမကြီးဖောက်လုပ်ပြီး စတင်ဖွံ့ဖြိုးတိုးတက်စေခဲ့တာဖြစ်ပါတယ်။ ယခုအချိန်မှာတော့ အိန္ဒိယနိုင်ငံနဲ့ ဆက်သွယ်တဲ့ လမ်းကို အဓိကထားတိုက်ခိုက်နေတာဟာ AA က ရခိုင်ပြည်နယ်၊ ရခိုင်ပြည်သူလူထုအပေါ် ထားရှိတဲ့ စေတနာလားလို့ပဲ မေးခွန်းထုတ်စရာဖြစ်တယ်လို့ ပြောကြားလိုပါတယ်။

ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံအစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေနဲ့ ကျွန်တော်တို့ရဲ့ရည်မှန်းချက်အတိုင်းပဲ ပြည်သူလူထုဘဝ တည်ငြိမ်အေးချမ်းရေး၊ တိုးတက်စေရေးကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ဖြစ်တဲ့ တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေး၊ နိုင်ငံရေးရည်မှန်းချက်ဖြစ်တဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ပြည်ထောင်စုစနစ်တည်ထောင်ရေးတို့ကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါတွေသည်ပင်လျှင် ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ အနာဂတ်အတွက် အာမခံနိုင်တဲ့အချက်တွေဖြစ်ပါတယ်။ ဒါတွေကိုပဲ အလေးထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ပြည်သူတစ်ရပ်လုံးအနေနဲ့လည်း ပြည်သူ့အကျိုးစီးပွားကိုတိုက်ရိုက်စော်ကားထိပါးလာတဲ့ အကြမ်းဖက်သောင်းကျန်းသူများရဲ့ လုပ်ရပ်တွေကိုလက်မခံဖို့နဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်များနဲ့ပူးပေါင်းပြီးမြန်မာနိုင်ငံအမြန်ဆုံးတည်ငြိမ်အေးချမ်းလာအောင် ပူးပေါင်းဆောင်ရွက်ကြဖို့ မေတ္တာရပ်ခံလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။





ရေနံပိုက်လိုင်းထိန်းချုပ်ရေးစခန်းအဆောက်အအုံ၏ အတွင်းအပြင်ရှိ လုပ်ငန်းသုံးပစ္စည်းများကို ဖျက်ဆီးထားသည့်မှတ်တမ်းဓာတ်ပုံ။

# ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ရှိ သန်လျင်ရေတပ်မှ တပ်ဖွဲ့ဝင်များက လက်နက်များယူဆောင်၍ ထွက်ပြေးသွားကြောင်း လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် နိုဝင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ရှိ သန်လျင်ရေတပ်စခန်းဌာနချုပ်မှ တပ်ဖွဲ့ဝင် ၁၇ ဦးက လက်နက်အချို့ယူဆောင်ပြီး တပ်မှထွက်ပြေးသွားကြောင်း ကောလာဟလသတင်းများ လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါ တပ်ဖွဲ့ဝင် ၁၇ ဦး တပ်မှထွက်ပြေးခြင်းမရှိကြောင်း တပ်တွင်းအခိုင်အမာ သတင်းများအရသိရှိရပြီး ပြည်ဖျက်မီဒီယာအချို့က လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည့် လုပ်ကြံသတင်းများသာဖြစ်ပြီး နိုင်ငံတော်တာဝန်များကို တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ ၎င်းတို့၏ မိသားစုဝင်များနှင့် အများပြည်သူများ ထင်ယောင်ထင်မှားဖြစ်လာစေရန်နှင့် တပ်တွင်းစည်းလုံးညီညွတ်မှုကို ထိခိုက်ပျက်ပြားစေရန် ဝါဒဖြန့်ရေးသားမှုသက်သက်သာဖြစ်ကြောင်း သတင်းရရှိသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်


၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အကြမ်းဖက်သမားများက စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများသို့ပို့လွှတ်သည့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ပြည်သူများအသုံးပြုလျက်ရှိသည့် လျှပ်စစ်ဓာတ်အားများအား လျှော့နည်း၍ ဖြန့်ဖြူးပေးခဲ့ရ

မြိုင်ကလေး-ရန်ကုန် လက်မ ၂၀ ဓာတ်ငွေ့ပိုက်လိုင်းကို အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့သည့် တည်နေရာပြမြေပုံ



မြိုင်ကလေး-သထုံ-ဘီးလင်း ၁၄/၁၀လက်မ ဓာတ်ငွေ့ပိုက်လိုင်းကို အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့သည့် တည်နေရာပြမြေပုံ







အကြမ်းဖက်သမားများက သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံများသို့ပို့ လွှတ်သည့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းများကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးထားမှု မှတ်တမ်း ဓာတ်ပုံ။







အကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးထားသည့် သဘာဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများသို့ ပို့လွှတ်သည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဝန်ထမ်းများက ပြန်လည်ပြုပြင်နေမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် နိုဝင်ဘာ ၂၅**

အကြမ်းဖက်သမားများ အနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့်ရုံးဌာနအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ အများပြည်သူနေထိုင်လျက်ရှိသောနေအိမ်များ၊ လမ်း၊ တံတားများကို မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ ကျေးရွာများအတွင်း ဝင်ရောက်၍ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ နိုဝင်ဘာ ၂၃ ရက် ည ၇ နာရီခွဲခန့်တွင် အကြမ်းဖက်သမားများက ရန်ကုန်မြို့မှ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများသို့ ပို့လွှတ်ရန်သွယ်တန်းထားသည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းကို မွန်ပြည်နယ် သထုံမြို့နယ် ညောင်ချောင်းကျေးရွာအနီး အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ပိုက်လိုင်းပေါက်ကွဲပျက်စီးခဲ့သည်။

အဆိုပါ ပိုက်လိုင်းပေါက်ကွဲပျက်စီးမှုကြောင့် ရန်ကုန်မြို့ရှိ လှော်ကားဓာတ်အားပေးစက်ရုံသည်ရပ်တန့်ခဲ့ရသဖြင့်၅၅ မဂ္ဂါဝပ် ဆုံးရှုံးခဲ့ရပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကျဆင်းခဲ့သဖြင့်ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိပြည်သူများ အသုံးပြုရန်အတွက် လျှပ်စစ်ဓာတ်အားကို လျှော့နည်း၍ဖြန့်ဖြူးခဲ့ရသည်။ ပိုက်လိုင်းပျက်စီးခဲ့သည့်နေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းဝန်ထမ်းများက အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေးဆောင်ရွက်လျက်ရှိသည်။

အလားတူ မြိုင်ကလေးဓာတ်ငွေ့ထိန်းဖြန့်စခန်းမှတစ်ဆင့် Gas Turbine(သထုံ)သို့ ဓာတ်ငွေ့ပို့လွှတ်လျက်ရှိသော ပိုက်လိုင်းကို နိုဝင်ဘာ ၁၆ ရက် ညနေ ၃ နာရီ ၁၅ မိနစ်ခန့်တွင် ကရင်ပြည်နယ်ဘားအံမြို့နယ် နောင်ကျန်အုပ်စု ဆယ်မိုင်ကုန်းကျေးရွာအနီးတွင် အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် ပိုက်လိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။

အဆိုပါ ပိုက်လိုင်းပေါက်ကွဲမှုကြောင့် Gas Turbine(သထုံ)သည် ရပ်ဆိုင်းခဲ့ရသဖြင့်လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကျဆင်းခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး၊ မော်လမြိုင်မြို့နယ်နှင့်သထုံမြို့နယ်တို့ရှိ ဒေသများရှိပြည်သူများထံသို့ လျှပ်စစ်ဓာတ်အားကို လျှော့နည်း၍ ဖြန့်ဖြူးခဲ့ရသည်။ ပိုက်လိုင်းပျက်စီးခဲ့သည့်နေရာသို့ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းဝန်ထမ်းများက ကွဲအက်သည့်ပိုက်လိုင်းများကို အမြန်ဆုံးပြုပြင်ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၈ ရက်တွင် ပြန်လည်ဆောင်ရွက်ပြီးစီးခဲ့သဖြင့် Gas Turbine(သထုံ)သို့ ဓာတ်ငွေ့များ ပုံမှန်အတိုင်း ပြန်လည်ပို့လွှတ်ဖြန့်ဖြူးနိုင်ခဲ့ကြောင်းသိရသည်။

ထိုသို့ အကြမ်းဖက်သမားများ၏ စစ်ရေးနှင့်မသက်ဆိုင်သည့်အကြမ်းဖက်လုပ်ရပ်များကြောင့်ပြည်သူလူထုတို့၏ လူမှုစီးပွားဘဝများစွာထိခိုက်နစ်နာမှုဖြစ်ပေါ်ခဲ့ရကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက်အကြမ်းဖက်မှုချေမှုန်းရေးစစ်ဆင်ရေးကို ပြည်သူလူထုနှင့်ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်း ရွာတချို့တွင် ပြည်သူ့စစ်အတွက် တစ်အိမ်ထောင် ၂၀၀၀ ကျပ် ကောက်နေကြောင်း မဟုတ်မမှန်သတင်းများ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် နိုဝင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းရှိ ကျေးရွာတချို့တွင် နိုဝင်ဘာ ၂၄ ရက်ညပိုင်း ကပြည်သူ့စစ်ထောက်ပံ့ကြေးအတွက်ဆိုပြီး တစ်အိမ်ထောင်လျှင် ၂၀၀၀ ကျပ် ထည့်ရန် အုပ်ချုပ်ရေးအဖွဲ့များက အသံချဲ့စက်နှင့် အသိပေးခဲ့ပြီး မဖြစ်မနေထည့်ဝင်ရမည်ဟုဆိုကာ ခြိမ်းခြောက်သွားကြောင်း၊ ဒေသခံများကို နည်းလမ်းမျိုးစုံဖြင့် ငွေကြေးရယူမှုတွေ မကြာခဏလုပ်နေကြောင်း၊ ကဝမြို့ဒေသခံများမှ ပြောကြားချက်အရ သိရှိရတယ်လို့ မဟုတ်မမှန်သတင်းများ လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။


အဆိုပါ သတင်းနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦးက “လုပ်ကြံသတင်းသာဖြစ်ကြောင်း၊ဒေသခံပြည်သူများ၏ ရိုးသားသည့်စိတ်ဓာတ်ကို အခြေခံအသုံးချပြီး အထင်အမြင်လွဲမှားမှုဖြစ်စေရန်ရည်ရွယ်၍ သတင်းတုထုတ်လွှင့်ခြင်းသာဖြစ်ကြောင်း” ၎င်း၏ ပြောကြားချက်အရ သိရသည်။

သို့ဖြစ်ပါ၍ အကြမ်းဖက်မှုအားပေး ပြည်ဖျက်မီဒီယာအချို့သည် လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းတု၊ သတင်းအမှားများကို နည်းလမ်းမျိုးစုံအသုံးပြု၍ ဖြန့်ဝေရေးသားလျက်ရှိပြီး အများပြည်သူများ စိုးရိမ်ထိတ်လန့်ပူပန်မှုများ ဖြစ်ပေါ်စေရန်နှင့် သက်ဆိုင်ရာအုပ်ချုပ်ရေး တာဝန်ထမ်းဆောင်နေသူများအပေါ် ကြောက်ရွံ့မုန်းတီးပြီး အထင်အမြင်လွဲမှားမှုများဖြစ်ပေါ်စေရန် ရည်ရွယ်လျက် သတင်းတု၊သတင်းအမှားများ ဖန်တီးရေးသားလျက်ရှိကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# TNLA အဖွဲ့နှင့်PDF အမည်ခံ ပူးပေါင်းအကြမ်းဖက်သမားများက တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သဘာဝဓာတ်ငွေ့နှင့်ရေနံစိမ်းများပို့လွှတ်သည့်ပိုက်လိုင်းစီမံကိန်းကို နှောင့်ယှက်ဖျက်ဆီး













ရေနံပိုက်လိုင်း ထိန်းချုပ်ရေးစခန်းအဆောက်အအုံ၏ အတွင်းအပြင်ရှိ လုပ်ငန်းသုံးပစ္စည်းများ ဖျက်ဆီးထားသည့် မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် နိုဝင်ဘာ ၂၅**

TNLA အဖွဲ့နှင့်PDF အမည်ခံပူးပေါင်း အကြမ်းဖက်သမားများသည် ဒေသအတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် အစိုးရအုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရန် အတွက် အကြမ်းဖက်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သဘာဝဓာတ်ငွေ့နှင့် ရေနံစိမ်းများပို့လွှတ်လျက်ရှိသည့် ပိုက်လိုင်းတွင် အဓိကကျသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ဇီပင်ကျေးရွာအနီးရှိ ထိန်းချုပ်ရေးစခန်းကို TNLA အကြမ်းဖက်သမားများက နိုဝင်ဘာ ၁၅ ရက်မှ ၁၈ ရက်ထိ ဝင်ရောက်နေထိုင်ခဲ့ပြီး ထိန်းချုပ်ရေးစခန်းရှိ ထိန်းချုပ်ရေးပစ္စည်းများ ထိခိုက်စေရန်ရည်ရွယ်၍ ဖျက်ဆီးမှုများဆောင်ရွက်ခဲ့သည်။

အဆိုပါ အကြမ်းဖက်သမားများ၏ စစ်ရေးနှင့်မသက်ဆိုင်သည့် အကြမ်းဖက်လုပ်ရပ်များကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သဘာဝဓာတ်ငွေ့နှင့် ရေနံစိမ်းများ ပို့လွှတ်ခဲ့ရာတွင် ထိခိုက်မှုရှိခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Nan Dar 78987"Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် သံလျက်မော်တောင်ရပ်ကွက်နေ ဝင်းချိုဇင်ကို မွန်းလွဲ ၁၂ နာရီမိနစ် ၄၀ တွင် လည်းကောင်း၊"Ko Hein Min" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ သံလျက်မော်တောင်ရပ်ကွက်နေ ဇာမင်းဟိန်းကို မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ "@aungkolatt1987" Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ကစင်ကျေးရွာနေ အောင်ကိုလတ်(ခ) အောင်အောင်ကို ညနေ ၄ နာရီ မိနစ်၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# မြန်မာ့ရိုးရာလက်မှုရက်ကန်းပညာနှင့် မသိုးသက်န်းရက်လုပ်လှူဒါန်းခြင်း

နခန့်ယဉ်(ရစ်ကန်ကြီး)

မြန်မာလူမျိုးတို့သည် ခေတ်အဆက်ဆက်တိုးတက်ပြောင်းလဲခဲ့ပြီး အစားအသောက်များကို ချက်ပြုတ်စားသောက်ခြင်း၊ အဝတ်အထည်၊ နေအိမ်အဆောက်အအုံများကို ခေတ်နှင့်အညီပြုလုပ်ခြင်းများ တိုးတက်လာခဲ့သည်။ အထူးသဖြင့် မြန်မာ့လက်မှုပညာများတွင် မြန်မာ့ရက်ကန်းလုပ်ငန်းသည်လည်း ထင်ပေါ်ကျော်ကြားလာခဲ့သည်။ မြန်မာ့ရက်ကန်းပညာသည် ရှေးယခင်မှစ၍ ယနေ့ထက်ထိတိုင် မြန်မာ့ယဉ်ကျေးမှုပြယုဂ်အဖြစ် ရပ်တည်လျက်ရှိပေသည်။

**အထက်တန်းစားမြန်မာ့ရက်ကန်းပညာ**

မြန်မာ့ရက်ကန်းပညာသည် ရှေးနှစ်ပေါင်းထောင်ကျော်မှစ၍ တည်ရှိခဲ့ခြင်းဖြစ်သည်။ ရှေးခေတ်မြန်မာတို့၏ အိမ်တိုင်းနီးပါးတွင် ရက်ကန်းစင်များတည်ရှိကြပြီး ဝါမှထုတ်လုပ်သည့် ချည်မျှင်များဖြင့် အဝတ်အထည်ရက်လုပ်ကြသည်။ အိမ်တိုင်းလိုလို၌လည်း တစ်နိုင်တစ်ပိုင်အထည်ရက်လုပ်ရန် ဝါကိုစိုက်ပျိုးကြသည်။ မြန်မာ့ရက်ကန်းမှ ထွက်ရှိသောချည်ထည်များသည် မြန်မာမှာသာမက ကမ္ဘာတွင်လည်း နာမည်ကျော်ကြားခဲ့သည်။ မြန်မာလူမျိုးတို့၏ စိတ်သဘောထားနူးညံ့ခြင်း၊ ယဉ်ကျေးပျူငှာခြင်းတို့ကြောင့် စိတ်နေစိတ်ထားယဉ်ကျေးမှုများသည် အထက်တန်းစားအဖြစ် တည်ရှိခဲ့ပြီး မြန်မာ့ရက်ကန်းလုပ်ငန်းသည်လည်း အထက်တန်းနေရာတွင် တည်ရှိခဲ့ပေသည်။

လွန်ခဲ့သောနှစ်ပေါင်း ၁၀၀၀ ကျော် မြန်မာဘုရင်မင်းများလက်ထက်တွင် မြန်မာ့ရက်ကန်းမှထွက်ရှိသောအဝတ်အထည်များကို ဂျီ၊ အီး၊ ဟာဗေး၏မြန်မာနိုင်ငံသမိုင်းတွင် "မြန်မာဘုရင်တိုင်းပြည်တွင် တွေ့ရသောအဝတ်အထည်များကို အခြားအရပ်တွင်မတွေ့ရချေ၊ ထိုအဝတ်အထည်သည် ပါးလှပ်ချောမွေ့သောကြောင့် ချုပ်လုပ်ထားသောအင်္ကျီသည် လက်စွပ်ကွင်းထဲ၌ပင် ထည့်သွင်းနိုင်သည်။ ကျွန်ုပ် ကိုယ်တိုင်တွေ့ဖူးသော ထိုအထည်သည် ဝါဂွမ်းဖြင့် ရက်လုပ်ထား၏"ဟု ဖော်ပြထားလေသည်။ ရှေးအခါ ကပင်မြန်မာတို့သည် နူးညံ့ချောမွေ့၍ လှပတင့်တယ် သောအဝတ်အထည်များကို ရက်လုပ်သုံးစွဲလေ့ရှိသည်။ မြန်မာ့ရက်ကန်းပညာသည် ကမ္ဘာတွင်အထက်တန်းစားဖြစ်ခဲ့သည်။

**မြန်မာ့ရိုးရာလက်မှုရက်ကန်းပညာ**

ရှေးမြန်မာတို့သည် အိမ်တိုင်းလိုလို ဝါဂွမ်းစိုက်ပျိုးကြသည်။ အိမ်ရှင်မအများစုသည် ဝါကြိတ်ခြင်း၊ ဝါဖန်ခြင်း၊ ဗိုင်းလိပ်ခြင်း၊ ဗိုင်းငင်ခြင်း၊ ဆေးရောင်စုံဆိုးခြင်း၊ ရက်ကန်းရက်ခြင်းများကို ပြုလုပ်ကြသည်။ရှေးခေတ်စကားပုံတွင် "မိန်းမများ ရက်ကန်းမတတ်လျှင် အကျိုးနှင့်တူသည်"ဟုပင် တင်စားပြောဆိုကြလေသည်။ ရက်ကန်းရက်သည့်အခါ ချည်ငင်ရသည်။ "လသာတုန်းဗိုင်းငင်"ဟူသောစကားသည် မြန်မာလုပျိုဖြူများ လသာသောညများတွင် ချည်ထွေးကိုရှင်း၍ ချည်ငင်ခြင်းကို မရပ်မနားပြုလုပ်ကြခြင်းကို တင်စားထားခြင်းဖြစ်ပေသည်။ ချည်ငင်ပြီးနောက် ရက်ကန်းတွင် ရက်ချည်များကိုဆင်၍ လွန်းပြန်တွင် လည်းဖောက်ချည်များကို ထည့်ရသည်။ လွန်းကို လက်တစ်ဖက်မှကိုင်၍ ချည်မျှင်များကြား ထိုးသွင်းသောအခါ ကျန်သောလက်တစ်ဖက်မှလွန်းကို ဖမ်းရသည်။ စိတ်ရှည်ရှည်နှင့်အာရုံစူးစိုက်ကာ စေတနာထား၍ ရက်လုပ်ရသောရက်ကန်းပညာပင်ဖြစ်သည်။ မြန်မာတို့၏ စိတ်ရှည်သည်းခံခြင်း၊ နူးညံ့သောစိတ်နေသဘောထားကို ရက်ကန်းထည်များတွင်မြင်တွေ့နိုင်သည်ဟုပင် ဆိုနိုင်ပေသည်။

**မြန်မာ့ရက်ကန်းနှင့်ဝံသာနုစိတ်**

မြန်မာ့ရက်ကန်းပညာသည် အမျိုးသားရေးဆောင်ရွက်မှုကဏ္ဍတွင် ပါဝင်ခဲ့ပေသည်။ ရက်ကန်းမှထွက်ရှိသော လက်မှုပညာအဝတ်အထည်များဖြင့် ကမ္ဘာတွင် မြန်မာဟုဂုဏ်ယူဝင့်ကြွားစွာ ပြသနိုင်ခဲ့သည်။ ဖျင်အင်္ကျီကိုသစ်ခေါက်ဆိုး၍ ဝတ်ဆင်ခဲ့ကြသည်။ နယ်ချဲ့အင်္ဂလိပ်လက်အောက်သို့ ကျရောက်ခဲ့စဉ်က ပင်နီအင်္ကျီနှင့် ယောလုံချည်ကိုသာဝတ်ဆင်၍ အနောက်တိုင်းယဉ်ကျေးမှုကို ဆန့်ကျင်ခဲ့ကြသည်။ မြန်မာ့ဝတ်စားဆင်ယင်မှုဖြင့် "ဝံသာနုအထည်"ကို

**တစ်ဖက်တစ်ချက်ရယ်က ခိမ်းနဖြယ်၊ ခိမ်းနဖြယ်၊ အလယ်မှာအရောင်ကွက်တယ် ချစ်တဲ့သူရက်ခဲ့တယ်"** ဟုဖော်ညွှန်းထားသည်။ မိမိတို့ရက်လုပ်ပြီးသားအထည်များသည် သေသပ်လှပနေမည်ကို ကြည်နူးနေကြသည်မှာလည်း ရက်ကန်းသမလေးတို့၏မေတ္တာမုဒိတာများဖြစ်ကြောင်းကို "**ရက်ကန်းစင်၊ အကွက်ဆန်းထွင်၊ ပျို့မောင်ကြီး ကိုယ်ယောင်ပွားနဲ့အတော်လိုက်မယ့်အဆင်**"ဟူ၍ ဖော်ကျူးခဲ့ကြပေသည်။

ခေတ်မီတိုးတက်လာသောခေတ်တွင် လက်မှုလုပ်ငန်းမှ စက်မှုလုပ်ငန်းသို့ပြောင်းလဲလာကြသည်။ လက်ရက်ကန်းမှသည် စက်ရက်ကန်းအဖြစ်သို့လည်း တိုးတက်မှုများ ရှိလာခဲ့သည်။ သို့သော်လည်း မြန်မာ့

> ❖ မသိုးသက်န်းရက်လုပ်ရန်အတွက် တန်ဆောင်မုန်းလဆန်း(၁၄)ရက်တွင် လူအများကိုဖိတ်ကြား၍ ဝါစေ့ကိုကြဲပက်ရသည်။ ဤကဲ့သို့ ပက်ကြဲပြီးနောက် ဝါပေါက်ကိုကောက်၍ ဝါဖန်ကြရသည်။ ဝါကြိတ်ကြရသည်။ ရရှိလာသောဝါဂွမ်းကို ဖတ်ကြရသည်။ ထို့နောက် ဂွမ်းဖတ်ကို ဗိုင်းတောင့်လိပ်ကြရသည်။ ဗိုင်းတောင့်ကိုချည်ငင်၏။ ချည်ခင်ကို ယောက်ကြရ၏။ ယောက်ပြီးချည်ခင်ကို ဆေးဆိုးအစာတင်ပြီး မီးကင်လွန်းကြရ၏။ ခြောက်သွေ့အောင်လှန်းပြီး ချည်ကိုရက်ဖောက်ယောက်ကြရ၏။ ရက်ဖောက်ယောက်ပြီး ရက်ကန်းရှယ်ကြသည်။ ရက်ကန်းရှယ်ပြီးနောက် ရက်ကန်းစင်တွင်တင်၍ လျင်မြန်စွာရက်လုပ်ကြရသည်။ အရဏ်မတက်မီအပြီးရက်လုပ်ပြီး မသိုးသက်န်းလှူဒါန်းကြပေသည်။ ❖

ဝတ်ဆင်လျက် အမျိုးသားရေးစိတ်ဓာတ်ကိုနိုးကြားစေခဲ့သည်။ မြန်မာ့ရက်ကန်းပညာနှင့်အတူ ဝံသာနုစိတ်ဓာတ်များသည် ရက်ကန်းသမလေးများ၏ လက်ခတ်သံနှင့်အတူ ကမ္ဘာသို့ပင်လွှမ်းနိုင်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

**မြန်မာ့ရက်ကန်းအထည်များ**

မြန်မာ့ရက်ကန်းမှထွက်ရှိသော အဝတ်အထည်များသည် ရာသီဥတုနှင့်ကိုက်ညီရုံသာမက ဈေးနှုန်းလည်း သင့်တင့်ပေသည်။ "**ရက်ကန်းတွင် လွန်းပြန်ထိုးပါလို့၊ ပန်းဆိုးကာကိုယ်စီဝတ်ကြရ၊ မိုးစွတ်နှင့်နေပူစ**" ဟုပင် မောင်းထောင်ဦးကျော်လှက စပ်ဆိုခဲ့ကြသည်။ ထို့ပြင် ရက်ကန်းစင်မှရရှိသော အထည်များသည် အဆင်ဒီဇိုင်းဆန်းပြား၍ အမြင်မရိုးဘဲရှုမြင်သူတိုင်းအတွက် အေးမြစေသည်။ " **ပျိုလေးရက်တဲ့အဆင်၊ ဘာအဆင်လို့မေး၊ မေးပါနဲ့အေး၊ ပဆစ်အိမ်ကွက်နံ့စင်းတယ်၊ တင်းထိမ်တဲ့လေး**"ဟု ပင်စာပန်းချီခြယ်သခဲ့ကြသည်။ ဝါမှရသောချည်တို့ကို အထည်ရက်လုပ်၍ ဆေးဆိုးပြုလုပ်နိုင်သည်မှာ အံ့မခန်းပညာပင်ဖြစ်သည်။ တိုင်းတစ်ပါးမှ အဝတ်အထည်တို့ကိုယှဉ်ပြိုင်၍ သက်သောင့်သက်သာဖြင့် အေးမြသောအထည်မှာ မြန်မာ့ရက်ကန်းအထည်များပင်ဖြစ်သည်။

လက်မှုပညာရက်ကန်းပညာသည် အနုပညာဆန်သည်၊ ကဗျာဆန်သည်။ စေတနာကို အရင်းခံ၍ အလှအပကို မြတ်နိုးစွာဆင်ယင်ကြသည်။ ချစ်ခြင်းမေတ္တာတို့ဖြင့်ဖော်ကျူး၍ အလှဆင်ကြသည်ကို"**အနား**

လက်မှုပညာရက်ကန်းအထည်များကိုမူ အမြတ်တနိုးပြန်လည်ဝတ်ဆင်လာကြသည်ကို တွေ့ရသည်။ ရှေးယခင်မှ ယနေ့ထိတိုင် လူကြိုက်များ၍ သုံးစွဲနေကြသော ယောပုဆိုး၊ ယောလုံချည်၊ ကချင်ပုဆိုး၊ ကချင်လုံချည်၊ ကရင်ပုဆိုး၊ အမရပူရလုံချည်၊ ရှမ်းဘောင်းဘီ၊ ရှမ်းတိုက်ပုံ၊ ရှမ်းလွယ်အိတ်၊ မုဒုံချိတ်၊ မုဒုံစောင်ထည်၊ လက်ကော်ချိတ်စသည်တို့သည် အမျိုးသားဂုဏ်ဆောင်လျက်ရှိသော မြန်မာ့ရက်ကန်းအထည်များပင်ဖြစ်ပေသည်။ မြန်မာ့ရက်ကန်းအထည်များကို မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှ ခရီးသွားများသာမက နိုင်ငံခြားသားခရီးသည်များပါ မြတ်နိုးတန်ဖိုးထားကြသည်။

**မသိုးသက်န်း**

မသိုးသင်္ကန်းဟူသည် ကထိန်သင်္ကန်းတစ်မျိုးပင်ဖြစ်သည်။ သက်တော်ထင်ရှား မြတ်စွာဘုရားအားရည်မှန်း၍ နေ့မကူးစေဘဲ အရုဏ်မတက်မီ ညတွင်းချင်းရက်လုပ်ပူဇော်သော သင်္ကန်းဖြစ်သည်။ မဟာဝါကထိနက္ခန္ဓကအဋ္ဌကထာ၌" **တဒဟေဝသဗ္ဗိတွာ၊နိဋ္ဌိတသူစိ၊ ကမ္မံရစိတွာ၊ ကထိနံအတ္ထရိတဗ္ဗံ**"ကထိန်သင်္ကန်းအဖြစ်လှူသောဖျင်ကို ထိုနေ့တွင်ပင်ချုပ်၍ ဆေးဆိုးပြီးကထိန်ခင်းရမည်ဟု ပါရှိပေသည်။ ဘုရားရှင်လက်ထက်၌သင်္ကန်းများမပေါ်သေးသဖြင့်အလှူခံ၍ရသောဖျင်ပိုင်းများကိုစပ်၍ ချုပ်ပြီးပိန္နဲခေါက်ကဲ့သို့သစ်များကိုပြုတ်၍ ဆေးဆိုးကြရသည်။ ထိုဖန်ရည်ဆိုးထားသောသင်္ကန်းကို နေ့မကူးစေဘဲ အရုဏ်မတက်မီကပ်လှူကြရသည်။ နေ့ကူးသွားလျှင် သိုးသွားကြသည်ဟု ယူဆသည်။ ဤဗုဒ္ဓဝင်လာ အကြောင်းများကို

အထိမ်းအမှတ်ပြု၍ လူပုဂ္ဂိုလ်တို့မှ မသိုးသင်္ကန်းရက်လှူကြခြင်းဖြစ်သည်။

**မသိုးသက်န်းရက်လုပ်ခြင်း**

တန်ဆောင်မုန်းလပြည့်နေ့သည် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းခွင့်ရှိသော နောက်ဆုံးနေ့ဖြစ်သည်။ ထို့ကြောင့် တန်ဆောင်မုန်းလဆန်း(၁၄)ရက် အဖိတ်နေ့ညတွင် မသိုးသင်္ကန်းကို အရုဏ်မတက်မီအပြီးရက်လုပ်၍ မြတ်စွာဘုရားအားကပ်လှူကြရသည်။ အင်းဝခေတ်ဆယ့်နှစ်ရာသီလူးတားတွင်"**တန်ဆောင်မုန်းကား၊ မရှုန်းမိုးသား၊ တိုင်ထွတ်ဖျားဝယ်၊ ငါးပါးကျိုးရှိ၊ မီးပွင့်ညို၍၊ ပြည့်ကြီးဖွယ်ရာ၊ သဒ္ဓါအကျိုး၊ မသိုးသင်္ကန်း၊ လှူရှင်လန်းလျက်၊ ရဟန်းသံဃာ၊ အရိယာအား၊ပရိက္ခရာရှစ်ရံ၊ ရွှေစည်းစုံဝယ်၊ ကြည်ယုံလှရှင်၊ ပွဲပုံယင်လျက်၊အောက်ထက်ကျော်ရှိန်၊ညီလှူရှိန်သည်ကထိန်လှူသင်္ကန်းတည့်လေး**"ဟု ဖော်ပြထားသောကြောင့် မသိုးသင်္ကန်းရက်လုပ်ပူဇော်ခြင်းသည်အင်းဝခေတ်ကတည်းမှစ၍ ပြုလုပ်လှူဒါန်းခဲ့ကြောင်း သိရှိရပေသည်။

မသိုးသင်္ကန်းရက်လုပ်ရန်အတွက် တန်ဆောင်မုန်းလဆန်း(၁၄)ရက်တွင် လူအများကိုဖိတ်ကြား၍ ဝါစေ့ကိုကြဲပက်ရသည်။ ဤကဲ့သို့ ပက်ကြဲပြီးနောက် ဝါပေါက်ကိုကောက်၍ ဝါဖန်ကြရသည်။ ဝါကြိတ်ကြရသည်။ ရရှိလာသောဝါဂွမ်းကို ဖတ်ကြရသည်။ ထို့နောက် ဂွမ်းဖတ်ကိုဗိုင်းတောင့်လိပ်ကြရသည်။ ဗိုင်းတောင့်ကိုချည်ငင်၏။ ချည်ခင်ကိုယောက်ကြရ၏။ ယောက်ပြီးချည်ခင်ကိုဆေးဆိုးအစာတင်ပြီး မီးကင်လွန်းကြရ၏။ ခြောက်သွေ့အောင်လှန်းပြီး ချည်ကိုရက်ဖောက်ယောက်ကြရ၏။ ရက်ဖောက်ယောက်ပြီး ရက်ကန်းရှယ်ကြသည်။ ရက်ကန်းရှယ်ပြီးနောက် ရက်ကန်းစင်တွင်တင်၍ လျင်မြန်စွာရက်လုပ်ကြရသည်။ အရုဏ်မတက်မီအပြီးရက်လုပ်ပြီး မသိုးသင်္ကန်းလှူဒါန်းကြပေသည်။

တန်ဆောင်မုန်းလရာသီသို့ ရောက်သည်နှင့် တန်ဆောင်တိုင်ဆီမီးပူဇော်ပွဲနှင့်ရက်ကန်းရက်ပွဲများကို မြန်မာနိုင်ငံနေရာဒေသအားလုံးလိုလိုတွင် ကျင်းပကြသည်။ ရက်ကန်းရက်ပွဲသည် မြန်မာ့ရိုးရာလက်မှုပညာကို လူအများစိတ်ဝင်တစားအားပေးကြသောပွဲလည်းဖြစ်သည်။ ရက်ကန်းစင်များ၏ တန်ဖိုးသည်လည်းမြင့်မားသောကြောင့် အလှူရှင်များမှရက်ကန်းစင်ပြင်ဆင်ခြင်း၊ ဖျော်ရည်များ၊ အစားအသောက်များလှူဒါန်းခြင်း၊ ချည်ငင်ထွေးကို လှူဒါန်းခြင်းများ ပြုလုပ်ကြသည်။ ရက်ကန်းရက်မည့်မောင်မယ်များကလည်း မိမိတို့လုပ်အားဒါနကို လှူဒါန်းကြသည်။ သက်တော်ထင်ရှားမြတ်စွာဘုရားရှင်အားရည်မှန်း၍ မသိုးသင်္ကန်းရက်လုပ်လှူဒါန်းသည့် အလှူဒါနသည် ကြည်နူးဖွယ်ရာကောင်းလှပေသည်။

မသိုးသင်္ကန်းရက်လုပ်လှူဒါန်းခြင်းသည် မြန်မာ့ယဉ်ကျေးမှုနှင့်မြန်မာ့အနုပညာ၊ လက်မှုပညာများပေါင်းစပ်၍ ဂုဏ်ယူဖွယ်ရာကျင်းပသော ပွဲပင်ဖြစ်သည်။ စာရေးသူအနေဖြင့် မြန်မာလူမျိုးတို့၏ သဒ္ဓါတရားထက်သန်မှု၊ မြန်မာ့ယဉ်ကျေးမှုဓလေ့၊ မြန်မာ့ရိုးရာလက်မှုပညာများကို ဂုဏ်ယူလေးစားလျက်ကမ္ဘာ့အလယ်တွင် မြန်မာဟု ဝင့်ထည်စွာရပ်တည်နိုင်ကြောင်း ဂုဏ်ယူစွာရေးသားဖော်ပြလိုက်ရပေသည်။

**ကိုးကား**

– **မြန်မာ့စွယ်စုံကျမ်း အတွဲ(၁၀)**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလတွင် ငါးရှဉ့်ပိဿာချိန် ၅၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ကျိုက်လတ် နိုဝင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလတွင် ငါးရှဉ့်ပိဿာချိန် ၅၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းအေးက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ငါးရှဉ့်ပိဿာချိန် ၃၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ ငါးရှဉ့်ပိဿာချိန် ၅၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါဒေသထွက် ငါးရှဉ့်များကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူမှုကောင်းလာခြင်းကြောင့် တင်ပို့မှုလည်း ကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ အောက်တိုဘာလရဲ့ ပထမပတ်လောက်ကတည်းက ငါးရှဉ့်တွေ သိသိသာသာကိုတင်ပို့မှုကောင်းခဲ့တယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလကထက် ငါးရှဉ့်ပိဿာချိန် ၁၉၀၀၀ ထိ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ငါးရှဉ့်တွေ တင်ပို့ရောင်းချမှု တက်ခဲ့တာကလဲ ပြည်တွင်းလုပ်ငန်းရှင်တွေ ငါးရှဉ့်ဝယ်ယူမှုအားကောင်းလာတာကြောင့်ပါ။ ဒေသထွက် ငါးရှဉ့်တွေကို ရန်ကုန်မြို့ကိုပဲ အဓိကတင်ပို့တာပါ။ ရန်ကုန်ကနေတစ်ဆင့် အခြားပြည်တွင်း၊ ပြည်ပဈေးကွက်တွေဆီ ဆက်လက်ဖြန့်ဖြူးရောင်းချတာဖြစ်ပါတယ်"ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းအေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက တင်ပို့ရောင်းချခဲ့သည့် ငါးရှဉ့် ၁၀ ပိဿာလျှင် ငွေကျပ် ၁၂၅၀၀၀ ထိ ဈေးပေါက်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိသည့် ငါးရှဉ့်များကို ရန်ကုန်မြို့မှတစ်ဆင့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ဒေါ်သင်းသင်းအေးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ရွှေကူမြို့နယ် ဟိန်ကောင်ကျေးရွာ၌ မြေထိန်းနံရံတည်ဆောက်နေမှု စစ်ဆေး

**ရွှေကူ နိုဝင်ဘာ ၂၅**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေဖြင့် စီမော်ကျေးရွာအုပ်စု ဟိန်ကောင်ကျေးရွာ၌ မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရွှေကူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်ခိုင်၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက ဟိန်ကောင်ကျေးရွာ၌ အလျားပေ ၁၀၀၊ အနံနှစ်ပေနှင့် အမြင့်ခြောက်ပေရှိ မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရွှေကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက မြေထိန်းနံရံကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ရွှေကူမြို့နယ် ဟိန်ကောင်ကျေးရွာ၌ မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၂၁ ဒသမ ၀၈၇ သန်းအသုံးပြု၍ ဆန်းမြတ်ရောကုမ္ပဏီက ယခုနှစ် ဇူလိုင်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း ရွှေကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်ခိုင်က ပြောပြ၍ သိရသည်။ **မင်းမြင့်မိုရ်**

# ကျိုက်မရောမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆိုင်ကယ်ပြုပြင်ခြင်းသင်တန်းဖွင့်

**ကျိုက်မရော နိုဝင်ဘာ ၂၅**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆိုင်ကယ်ပြုပြင်ခြင်းသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်း က အဆိုပါ ဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စန်းယုက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကျိုက်မရောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းစိုးက သင်တန်းဖွင့်လှစ်ဆောင်ရွက်ရသည့် ရည်ရွယ်ချက်နှင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီးနောက် သင်တန်းတွင် လိုက်နာရမည့်စည်းကမ်းချက်များကို ဆက်လက်ရှင်းလင်းပြောကြားသည်။

ထို့နောက် မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်နွယ်ဦးက သင်တန်းသားများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါ ဆိုင်ကယ်ပြုပြင်ခြင်းသင်တန်းတွင် ကျိုက်မရောမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူ ၁၅ ဦး တက်ရောက်ပြီး သင်တန်းနည်းပြဆရာက စာတွေ့လက်တွေ့ဖြင့် ယနေ့မှစ၍ ဒီဇင်ဘာ ၂၅ ရက်ထိ အခမဲ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သုတ**



# ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၃၃၂၅ ဧက စိုက်ပျိုးမည်

**ကလေး နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းကြက်သွန်နီ ၃၃၂၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကလေးခရိုင်တွင် ဆောင်းကြက်သွန်နီ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ၂၃၀၂ ဧက၊ ကလေးဝမြို့နယ်တွင် ဧက ၂၂၀ နှင့် မင်းကင်းမြို့နယ်တွင် ၇၉၃ ဧက စုစုပေါင်း ၃၃၂၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကလေးခရိုင်မှာ ဆောင်းကြက်သွန်နီဧက ၃၃၂၅ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနိုဝင်ဘာလ နောက်ဆုံးပတ်ကစပြီး စိုက်ပျိုးသွားမှာပါ။ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမယ်။ ကြက်သွန်နီစိုက်ပျိုးမှုကတော့ တစ်နှစ်နဲ့တစ်နှစ်တိုးချဲ့လာတာကို တွေ့ရပါတယ်။ ကြက်သွန်နီဈေးကွက်တွေ ဈေးကောင်းရဖို့လဲ ချိတ်ဆက်ဆောင်ရွက်ပေးနေတယ်"ဟု ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။



ယခင်နှစ်က ကြက်သွန်နီစိုက်ခင်းကို တွေ့ရစဉ်။

ယခုနှစ် ကြက်သွန်နီစိုက်တောင်သူများ ဈေးကောင်းရစေရန် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည်စွာထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီဖြစ်စေရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ကြက်သွန်နီအများဆုံးစိုက်ပျိုးကြသည့် မြို့နယ်များမှာ မုံရွာ၊ ယင်းမာပင်၊ ချောင်းဦး၊ ရွှေဘိုနှင့်မြင်းမူမြို့နယ်တို့ဖြစ်ကြောင်း ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# သရက်မြို့နယ် အကောက်တဲကျေးရွာ၌ မြေနီလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**သရက် နိုဝင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် အကောက်တဲကျေးရွာတွင် မြေနီလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ ဦးချမ်းငြိမ်းအေးနှင့်အဖွဲ့ဝင်များ၊ သရက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့်မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ အကောက်တဲကျေးရွာ၌ ကျေးရွာတွင်းမြေနီလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ ဦးချမ်းငြိမ်းအေးက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

အကောက်တဲကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ပေ ၄၃၀၀၊ အကျယ် ၁၈ ပေ၊ အမြင့် ခြောက်လက်မ မြေနီလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ်စက်တင်ဘာ ၂၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းက ပြောပြ၍ သိရသည်။

**နွဲ့ယဉ်**

ပလင်းတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# ကုလသမဂ္ဂလေကြောင်းဆိုင်ရာအစည်းအဝေး၌ ၂၀၃၀ ပြည့်နှစ်အရောက်တွင် လေကြောင်းမှ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု ငါးရာခိုင်နှုန်းလျှော့ချရန် ယာယီသဘောတူညီမှုရရှိ



**အာဇာဘိုင်ဂျန် နိုဝင်ဘာ ၂၅**

အာရပ်စော်ဘွားများ ပြည်ထောင်စု ဒူဘိုင်းမြို့၌ နိုဝင်ဘာ ၂၄ ရက်က ကုလသမဂ္ဂက ဦးဆောင်၍ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၀၀ မှ ကိုယ်စားလှယ်များဖြင့် လေကြောင်းဆိုင်ရာ အစည်းအဝေးတစ်ရပ်ကျင်းပပြုလုပ်ခဲ့ရာ ၂၀၃၀ ပြည့်နှစ်အရောက်တွင် လေကြောင်းမှဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု ငါးရာခိုင်နှုန်းထိ လျှော့ချနိုင်ရန် ဆောင်ရွက်သွားရေးယာယီသဘောတူညီမှုရရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ အစည်းအဝေးပွဲတွင် ကနေဒါနိုင်ငံအခြေစိုက် အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့အစည်းမှ တာဝန်ရှိသူများက လေကြောင်းမှ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးနှင့်ပတ်သက်၍ အဓိကဆွေးနွေးခဲ့ကာ သဘောတူညီချက်ရရှိခဲ့သော်လည်း အင်အားကြီးနိုင်ငံတချို့က စီးပွားရေးကဏ္ဍကိုထိခိုက်စေနိုင်သည့်အတွက် လေကြောင်းမှ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး အကောင်အထည်ဖော်မည့်ကိစ္စအပေါ် ပြန်လည်စဉ်းစားပေးရန် တိုက်တွန်းမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

"လေကြောင်းကနေ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရေးကို အကောင်အထည်ဖော်ဆောင်ရွက်မယ်ဆိုရင် အခြေခံအဆောက်အအုံတွေ လိုအပ်ပါတယ်။ အခြေခံအဆောက်အအုံတွေ တည်ဆောက်ပေးဖို့အတွက် အစိုးရပိုင်းကလဲ လုံလောက်တဲ့ ငွေကြေးပံ့ပိုးမှုတွေ ပြုလုပ်ပေးဖို့လိုအပ်ပါလိမ့်မယ်။ ဒီသဘောတူညီချက်က ကမ္ဘာ့ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချပေးနိုင်မှာဖြစ်တဲ့အတွက် တရားဝင်အတည်ပြုနိုင်တဲ့သဘောတူညီချက်ဖြစ်လာမယ်လို့ မျှော်လင့်ပါတယ်" ဟု ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာအခြေစိုက် လေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများအဖွဲ့၏ ဒါရိုက်တာဟယ်ဒန်ဒေါ့က ပြောကြားခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

# အီရတ်နိုင်ငံတွင် ရေအရင်းအမြစ်ရှားပါးလာမှုကြောင့် မိသားစုပေါင်း ၇၀၀၀ ကျော် နေရပ်စွန့်ခွာ

**ဘဂ္ဂဒက် နိုဝင်ဘာ ၂၅**

အီရတ်နိုင်ငံ၏ စိုက်ပျိုးမြေတချို့တွင် ရေအရင်းအမြစ်ရှားပါးလာမှုကြောင့် သောက်သုံးရေအတွက် အခက်အခဲများ ရှိလာသဖြင့် မိသားစုပေါင်း ၇၀၀၀ ကျော် နေရပ်စွန့်ခွာမှုများရှိလာကြောင်း အီရတ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အီရတ်နိုင်ငံ ဘာစရာစီရင်စု၊ ဒီကာစီရင်စုနှင့် မေဆန်စီရင်စုတို့၌ နေထိုင်သည့် ဒေသခံများမှာ ရေအရင်းအမြစ်ရှားပါးသည့်ပြဿနာဖြင့် ရင်ဆိုင်လာခဲ့ရခြင်းဖြစ်ပြီး ဘေးလွတ်ရာရွှေ့ပြောင်းရေးအတွက် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ယာယီကယ်ဆယ်ရေးစခန်းများတွင် နေရာစီစဉ်ပေးခဲ့ကြောင်း သိရသည်။

"ရာသီဥတု ပြောင်းလဲမှုတွေကြောင့် မိုးခေါင်တဲ့ပြဿနာတွေ၊ ရေအရင်းအမြစ် ရှားပါးလာတဲ့ ပြဿနာတွေနဲ့ရင်ဆိုင်ရတဲ့ပြည်သူတွေ များလာတယ်။ အိမ်နီးချင်းနိုင်ငံတွေမှာလဲ ဒီပြဿနာနဲ့ရင်ဆိုင်နေရပေမဲ့ ရေအရင်းအမြစ်ရှားပါးလာတဲ့ဒဏ်ကို အဆိုးရွားဆုံးရင်ဆိုင်နေရတာက အီရတ်နိုင်ငံဖြစ်ပါတယ်။ သောက်သုံးရေဖူလုံရေးဆောင်ရွက်ပေးဖို့ကလဲ အခက်အခဲရှိနေပြီး ဒေသခံတွေအနေနဲ့ အရမ်းကို အခက်တွေ့နေတဲ့အတွက် နေရပ်ကို စွန့်ခွာခဲ့ကြရတာဖြစ်ပါတယ်။ အချို့ကျေးလက်ဒေသတွေမှာတော့ ရေတွင်းတွေ တူးဖော်ပြီး သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ခဲ့ကြပေမဲ့ မြေအောက်ရေအရင်းအမြစ်ရှားပါးမှုကြောင့် လုံလောက်တဲ့ရေပမာဏ မရကြပါဘူး"ဟု အီရတ်နိုင်ငံ အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

အီရတ်နိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုနှုန်း မြန်ဆန်လာပြီး မိုးခေါင်သည့်ပြဿနာ၊ ရေအရင်းအမြစ်ရှားပါးသည့်ပြဿနာကြောင့် နေရပ်ကို စွန့်ခွာခဲ့သူများပြားလာခဲ့ပြီး ကျောင်းသား၊ ကျောင်းသူကလေးငယ်များကလည်း ပညာသင်ကြားမှုရပ်ဆိုင်းကာ နေရပ်ကိုစွန့်ခွာလာခဲ့ရသည့်အခြေအနေဖြစ်ခဲ့ကြောင်း၊ တိုက်ဂရစ်နှင့် ယူဖရေးတီးစ်မြစ်ဝှမ်းတို့တွင် ရေပမာဏကျဆင်းလာခဲ့သည့်အတွက် အိမ်နီးချင်းနိုင်ငံများနှင့် မျှဝေသုံးစွဲရန်လည်း လုံလောက်မှုမရှိသည့်အခြေအနေဖြင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# ဘရာဇီးရှိ အမေဇုန်မိုးသစ်တောပြုန်းတီးမှု ၂၀၂၅ ခုနှစ်တွင် အနိမ့်ဆုံးအဆင့်သို့ကျဆင်းရန် ခန့်မှန်းထား

**ဘရာဇီးလီးယား နိုဝင်ဘာ ၂၅**

ဘရာဇီးနိုင်ငံတွင် အမေဇုန်မိုးသစ်တောပြုန်းတီးမှုသည် ၂၀၂၅ ခုနှစ်တွင် သမိုင်းဝင် အနိမ့်ဆုံးအဆင့်သို့ကျဆင်းရန် ခန့်မှန်းထားကြောင်း ဘရာဇီးသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီဥက္ကဋ္ဌက ယခုသီတင်းပတ်အတွင်း သတင်းထောက်များကို ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဘရာဇီးနိုင်ငံ၏သစ်တောပြုန်းတီးမှုသည် ၂၀၀၂ ခုနှစ်တွင် အနိမ့်ဆုံးအဆင့်သို့ကျဆင်းခဲ့ပြီး လာမည့်နှစ်များအတွင်း အဆိုပါစံချိန်ကို မီနိုင်မည်ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ်တွင် သမိုင်းဝင်အနိမ့်ဆုံးအဆင့်သို့ကျဆင်းရန် မျှော်မှန်းထားကြောင်း ဘရာဇီးသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီဥက္ကဋ္ဌ ရိုဒရီဂိုအဂိုစတင်ဟိုက ပြောကြားခဲ့သည်။

"၂၀၂၅ ခုနှစ်မှာ ၂၀၀၂ ခုနှစ်က ရရှိခဲ့တဲ့ အနိမ့်ဆုံးအဆင့် အခြေအနေကို ရောက်ရှိဖို့နဲ့ သစ်တောပြုန်းတီးမှု လုံးဝမဖြစ်ဖို့လုပ်ဆောင်သွားမှာပါ"ဟု ရိုဒရီဂိုအဂိုစတင်ဟိုက ပြောကြားခဲ့သည်။



ဘရာဇီးအမေဇုန်မိုးသစ်တောများပြုန်းတီးမှုသည် သမ္မတဟောင်း ဘော့ဆိုနာရိုလက်ထက် လေးနှစ်တာကာလအတွင်း သစ်တောပြုန်းတီးမှု ၆၀ ရာခိုင်နှုန်းထိ မြင့်မားခဲ့ပြီး လက်ရှိသမ္မတ လူလာဒါဆေးလ်ဗားစတင်တာဝန်ယူခဲ့သည့် ယခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ပထမခြောက်လတာကာလအတွင်း သစ်တောပြုန်းတီးမှု ၃၃ ဒသမ ၆ ရာခိုင်နှုန်းထိ ပြန်လည်ကျဆင်းခဲ့ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံပိုင် အမေဇုန်မိုးသစ်တော ဧရိယာများသည် သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုဆိုင်ရာပြောင်းလဲမှုများအပြင် လူသားများ၏ သစ်တောများခုတ်ထွင်ရှင်းလင်းမှုနှင့် တောမီးရှို့မှုများကြောင့် ဖြစ်ပေါ်လာသော သက်ရောက်မှုများက မိုးသစ်တောများပြုန်းတီးမှု၏ အဓိကခြိမ်းခြောက်မှုတစ်ခုအဖြစ် ရှိနေဆဲဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : AZH**

# Great Smoky Mountains အမျိုးသားဥယျာဉ်တွင် တောမီးလောင်ကျွမ်းမှု မီးရှို့သူများကြောင့်ဖြစ်နိုင်

**ဝါရှင်တန် နိုဝင်ဘာ ၂၅**

အမေရိကန်နိုင်ငံ မြောက်ကယ်ရိုလိုင်းနားနှင့် တင်နက်ဆီပြည်နယ်ကြားတွင် တည်ရှိသော Great Smoky Mountains အမျိုးသားဥယျာဉ်တွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားရခြင်းသည် မီးရှို့သူများကြောင့်ဖြစ်နိုင်ကြောင်း အမျိုးသားဥယျာဉ် တာဝန်ရှိသူများက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

Great Smoky Mountains အမျိုးသားဥယျာဉ်၏ ဧရိယာအတွင်း နိုဝင်ဘာ ၂၀ ရက်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ တင်နက်ဆီပြည်နယ်ဘက်ခြမ်းတွင် တည်ရှိသော အမျိုးသားဥယျာဉ်ဧရိယာအတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ခြောက်ဧကခန့် မီးလောင်ကျွမ်းခဲ့ကြောင်း၊ အဆိုပါမီးလောင်ကျွမ်းမှုနှင့်ပတ်သက်၍ အမျိုးသားဥယျာဉ်အုပ်ချုပ်မှုတာဝန်ခံများ၏ စုံစမ်းစစ်ဆေးမှုများအရ မီးရှို့သူများ၏ လက်ချက်ကြောင့် မီးလောင်ကျွမ်းမှု ဖြစ်ပွားရခြင်းဖြစ်နိုင်ကြောင်း တာဝန်ရှိသူများက နိုဝင်ဘာ ၂၄ ရက်တွင် ထုတ်ပြန်ခဲ့သည်။

"မီးလောင်ကျွမ်းမှုဖြစ်ပွားတဲ့နေ့က အဲဒီနေရာအနီးမှာ ထရပ်ကားတစ်စီးနဲ့ရောက်လာတဲ့ အပန်းဖြေသူတွေရှိနေပါတယ်။ ဒီလူတွေက အချင်းဖြစ်ပွားရာမှ မပါဝင်နိုင်ရင်တောင် အချင်းဖြစ်ပွားရတဲ့ အကြောင်းရင်းကို သိရှိနိုင်မှာဖြစ်တဲ့အတွက် စုံစမ်းစစ်ဆေးမှုမှာ အထောက်အကူ ဖြစ်စေနိုင်ပါတယ်"ဟု အမျိုးသားဥယျာဉ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

မီးလောင်ကျွမ်းမှုကြောင့် နိုဝင်ဘာ ၂၁ ရက်တွင် အဆိုပါဒေသရှိ နေအိမ်တချို့ကို ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ ပန်းခြံအတွင်း လာရောက်အပန်းဖြေသူများ၊ ပျော်ပွဲစားထွက်လာသူများအား အမျိုးသားဥယျာဉ်အတွင်း မီးရှို့ခြင်းနှင့် မီးအသုံးပြုခြင်းကို ယခင်ကတည်းက တားမြစ်ထားကြောင်း အမျိုးသားဥယျာဉ်အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့မှ သိရသည်။

**Ref : Russia Today**
**Trs : AZH**

# Danish Climate Investment Fund(KIF)အဖွဲ့က မက္ကဆီကိုနိုင်ငံတွင် ဟိုက်ဒရိုဂျင်စွမ်းအင်ထုတ်လုပ်မှုအတွက် ကန်ဒေါ်လာ ၁၀ ဘီလီယံထိ ရင်းနှီးမြှုပ်နှံမှုပြုလုပ်သွားမည်

**မက္ကဆီကိုစီးတီး နိုဝင်ဘာ ၂၅**

ဒိန်းမတ်နိုင်ငံအခြေစိုက် Danish Climate Investment Fund(KIF)အဖွဲ့က မက္ကဆီကိုနိုင်ငံတွင် ဟိုက်ဒရိုဂျင်စွမ်းအင်ထုတ်လုပ်မှုအတွက် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံထိ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဒိန်းမတ်နိုင်ငံအခြေစိုက် Danish Climate Investment Fund(KIF)အဖွဲ့မှ တာဝန်ရှိသူများသည် နိုဝင်ဘာ ၂၄ ရက်က မက္ကဆီကိုသမ္မတ အန်ဒရက်စ်မန်နျူရယ်လိုပက်ဇ်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမည့်ကိစ္စကို သဘောတူခဲ့ကြောင်း၊ ဟိုက်ဒရိုဂျင်စွမ်းအင်ကို သင်္ဘောများ၌ အသုံးပြုနေသည့် ရုပ်ကြွင်းလောင်စာနေရာတွင် အစားထိုးရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး မက္ကဆီကိုနိုင်ငံ၏ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချနိုင်ရေးအတွက် အထောက်အကူ ဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

"ဒိန်းမတ်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီဖြစ်တဲ့ Danish Climate Investment Fund (KIF) အဖွဲ့က ရုပ်ကြွင်းလောင်စာနေရာမှာ အစားထိုးသွားဖို့ ဟိုက်ဒရိုဂျင်စွမ်းအင်ထုတ်လုပ်မှုအတွက် ရင်းနှီးမြှုပ်နှံမှုတွေပြုလုပ်ဖို့ လာရောက်ဆွေးနွေးခဲ့ပါတယ်။ ရင်းနှီးမြှုပ်နှံမှုအနေနဲ့ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံထိ ပြုလုပ်သွားမှာဖြစ်ပါတယ်။ မက္ကဆီကိုနိုင်ငံရဲ့ ရုပ်ကြွင်းလောင်စာသုံးစွဲမှုလျှော့ချရေးအတွက် အထောက်အကူဖြစ်စေမဲ့ ရင်းနှီးမြှုပ်နှံမှုဖြစ်လို့ လက်ခံတာဖြစ်ပါတယ်"ဟု မက္ကဆီကိုသမ္မတ အန်ဒရက်စ်မန်နျူရယ်လိုပက်ဇ်က ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

## ငရဲပြည်ရောက် မောင်လူမွှေး

မင်္ဂလာပါ သားသားမီးမီးတို့ရေ။ ဦးဦး ဒီတစ်ပတ် ပြောပြမဲ့ပုံပြင်လေးကတော့ "ငရဲပြည်ရောက် မောင်လူမွှေး"လို့ အမည်ရတယ်ကွယ်။ တစ်ခါက ညောင်ပင်သာ ရွာမှာ အဘွားအိုတစ်ယောက်ရှိသတဲ့ကွယ်။ အဘွားအိုမှာလဲ မောင်လူမွှေးလို့အမည်ရတဲ့ သားတစ်ယောက်ရှိသတဲ့။ အဘွားအိုဟာ စည်းစိမ်ဥစ္စာပေါကြွယ်ဝပြီး အခိုင်းအစေတွေလဲရှိတာပေါ့။ ဒါကြောင့် မောင်လူမွှေးဟာ စားစရာလဲမပူရ၊ သောက်စရာလဲမပူရ၊ နေစရာလဲမပူရဘဲ ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားသူဖြစ်တယ်။ မောင်လူမွှေးဟာ နေ့တိုင်း အရက်သောက်၊ ထန်းရည်သောက်၊ ကြက်တိုက် မကောင်းတာမှန်သမျှကိုလုပ်သတဲ့ကွယ်။ တစ်ခါတစ်ရံ ရွာဘေးရဲ့တောထဲမှာ တိရစ္ဆာန်လေးတွေလိုက်သတ်ပြီး အပေါင်းအဖော်တွေနဲ့ စားသောက်ပျော်ပါး နေတတ်တယ်ကွယ်။ အဘွားအိုကလဲ မောင်လူမွှေးဘာလုပ်လုပ် အပြစ်မမြင်ဘူးတဲ့။ မောင်လူမွှေးဟာ အဘွားအိုရဲ့ဂုဏ်အရှိန်နဲ့ လူတိုင်းကိုလဲ အနိုင်ကျင့်တတ်သတဲ့။ ဒါကြောင့် ရွာနီးချုပ်စပ်မှာ မောင်လူမွှေးရဲ့မကောင်းသတင်းဟာ ပြန့်နေတာပေါ့။ လူတွေအားလုံးကလဲ မောင်လူမွှေးကို ရှောင်ကြတာပေါ့ကွယ်။ တစ်နေ့မှာတော့ မောင်လူမွှေးဟာ အပေါင်းအဖော်တွေနဲ့ သောက်စားမူးယစ်ပြီး အိမ်ကိုပြန်လာသတဲ့။ အိမ်ကိုရောက်တော့ ရွာထဲကလူတွေ အိမ်မှာရောက်နေတာကိုတွေ့သတဲ့။ ဒါကြောင့် မောင်လူမွှေးဟာ အမေအဘွားအိုဆီကို အမြန်သွားပြီး အကျိုးအကြောင်းကို မေးလိုက်သတဲ့။

"အမေ အိမ်မှာလူတွေအများကြီးနဲ့ဘာလုပ်တာတုံး"လို့ မေးတဲ့အခါ အဘွားအိုက-

"သား လူမွှေးရေ မနက်ဖြန်ဥပုသ်နေ့မှာ သီလယူတဲ့သူတွေကိုကျွေးဖို့ ထမင်းဟင်းချက်ပြုတ်နေတာပေါ့" လို့ ပြောသတဲ့ကွယ်။ ပြီးတော့ အဘွားအိုက-

"သား မောင်လူမွှေး သားလဲ မနက်ဖြန်ဥပုသ်စောင့်ရမယ်နော်"လို့ ပြောတဲ့အခါ မောင်လူမွှေးက မနက်ဖြန်ဥပုသ်စောင့်ပြီး သီလယူရင် လိုချင်တဲ့အရာပေးပါလို့ အဘွားအိုဆီကတောင်းသတဲ့။ အဘွားအိုကလဲ သဘောတူသတဲ့။ မောင်လူမွှေးတောင်းတဲ့အရာက အဘွားအိုဆီက ဥစ္စာပစ္စည်းတစ်ဝက်ခွဲပေးဖို့တောင်းသတဲ့။ ဥပုသ်နေ့ရောက်တဲ့အခါ မောင်လူမွှေးဟာ အပေါင်းအဖော်တွေနဲ့အတူ ဥပုသ်စောင့်ဖို့ ဘုန်းကြီးကျောင်းကိုသွားသတဲ့။ မောင်လူမွှေးရဲ့ လက်ထဲမှာ ကြံတစ်ချောင်းလဲပါသွားတယ်တဲ့ကွယ်။ ဘုန်းကြီးကျောင်းရောက်ရင်ပဲ မောင်လူမွှေးဟာ သီလယူပြီး ဘုန်းကြီးကို မိမိပါလာတဲ့ကြံချောင်းကို လှူလိုက်သတဲ့။ ဆရာတော်ကလဲ သာဓုသုံးကြိမ်ခေါ်သတဲ့ကွယ်။ အဘွားအိုကတော့ သား မောင်လူမွှေး



ရဲ့အပြုအမူတွေကိုကြည့်ပြီး ပြုံးနေတယ်ကွယ်။ အဘွားအိုဟာ အိမ်ရောက်တော့ ကတိအတိုင်း သားမောင်လူမွှေးကို ဥစ္စာတစ်ဝက်ခွဲပေးသတဲ့။ မောင်လူမွှေးဟာ အဘွားအိုဆီက ဥစ္စာတစ်ဝက်ရလို့ ပျော်ပျော်ရွှင်ရွှင်ကခုန်ပြီး သူငယ်ချင်းတွေနဲ့ ထန်းတောကို ထွက်ခဲ့တယ်ကွယ်။ ထန်းရည်သောက်ပြီး သားကောင်လိုက်ဖို့ အပေါင်းအဖော်တွေနဲ့ တောထဲကိုထွက်ခဲ့သတဲ့။ တောထဲရောက်တော့ မောင်လူမွှေးဟာ သားကောင်ကိုရှာရင်း ဝံနဲ့တောဝက်မကြီးကို တွေ့သတဲ့။ မောင်လူမွှေးဟာ ဒူးလေးနဲ့ ဝက်မကြီးကို ပစ်မယ်အလုပ် နောက်ကနေ ရှူးရှူးနဲ့ ဝက်ဖိုကြီးက အစွယ်နဲ့ အားကုန်ပက်လိုက်သတဲ့။

မောင်လူမွှေးဟာ လူတွေရဲ့အော်သံဟစ်သံတွေကြားတဲ့ ငရဲပြည်ကိုရောက်သွားသတဲ့။ လူ့ဘဝက ကျေးငှက်တိရစ္ဆာန်လေးတွေသတ်တဲ့သူတွေကို ရှေ့က ပြေးခိုင်းပြီး နောက်ကခွေးမည်းကြီးတွေက လိုက်ကိုက်တာပေါ့။ လူတွေဟာကြောက်တော့ ကယ်ကြပါ ကယ်ကြပါလို့ အော်ဟစ်အကူအညီတောင်းတယ်ကွယ်။ အချို့လူတွေကဆို ဆူးပင်ကြီးပေါ်ကို တက်ခိုင်းတယ်ကွယ်။ မတက်ဘူးဆိုရင် နောက်ကနေ ချူကားကားနဲ့ ငရဲသားတွေက ကြိုးတွေ၊ တုတ်တွေနဲ့ ရိုက်တယ်ကွယ်။ သေရည်ထန်းရည်သောက်တဲ့သူတွေကို ပွက်ပွက်ဆူနေတဲ့ဒယ်အိုးထဲကိုတွန်းချ ဆီပူတွေ သောက်ခိုင်းပြီး မုန့်ဆီကွင်းကိုကြော်သလို ငရဲသားကြီးတွေက ကြော်သတဲ့။ ဒီမြင်ကွင်းတွေကို မောင်လူမွှေး မြင်တဲ့အခါ အလွန်ကြောက်သွားတယ်ကွယ်။ ငရဲသားကြီးတစ်ယောက်က မောင်လူမွှေးကို-

"မောင်လူမွှေး မင်းလူ့ပြည်မှာ သေရည်ထန်းရည်သောက်ခဲ့သလား၊ တိရစ္ဆာန်လေးတွေအသက်ကို သတ်ခဲ့သလား"လို့ မေးလိုက်သတဲ့။ အဲဒီအချိန် မောင်လူမွှေးက ကြောက်ကြောက်နဲ့-

"သေရည်ထန်းရည်သောက်ခဲ့ပါတယ်။ တိရစ္ဆာန်လေးတွေအသက်လဲသတ်ခဲ့ပါတယ်"လို့ အမှန်အတိုင်းပဲ ဖြေလိုက်သတဲ့။ ဒါကြောင့် ငရဲသားတွေက မောင်လူမွှေးကို ဆီပူအိုးထဲပစ်ချလိုက်တယ်ကွယ်။ မောင်လူမွှေးကို ဆီပူအိုးထဲပစ်ချပေမဲ့ ကြံချောင်းတစ်ချောင်းက ခံနေတာကြောင့် မောင်လူမွှေး ဆီပူအိုးထဲမကျဘူးတဲ့။ ဒါကြောင့် ငရဲသားတွေနဲ့ ငရဲမင်းကြီးဟာ မောင်လူမွှေးရဲ့ထူးခြားတဲ့အဖြစ်အပျက်ကို ကြည့်ပြီး မောင်လူမွှေး လူ့ဘဝက ဘာတွေကုသိုလ်ကောင်းမှုလုပ်ခဲ့လဲပြန်ကြည့်တဲ့အခါ မောင်လူမွှေးရဲ့ တစ်နေ့တာ သီလစောင့်မှုနဲ့ ကြံလှူခဲ့တာကို တွေ့သွားသတဲ့။ ဒါကြောင့် ငရဲမင်းကြီးက-

"မောင်လူမွှေး မင်းဟာ လူ့ပြည်မှာ သီလတစ်နေ့တာစောင့်တာရယ်၊ ကြံလှူခဲ့တဲ့အကျိုးကြောင့် ငရဲမခံရတော့ဘူး။ လူ့ပြည်မှာ ကုသိုလ်ကောင်းမှုတွေလုပ်"လို့ပြောပြီး လူ့ပြည်ကိုပြန်ပို့လိုက်သတဲ့။ မောင်လူမွှေးဟာ ဝက်ဖိုကြီးရဲ့တိုက်ခိုက်တာကိုခံရပြီး အပေါင်းအဖော်တွေက မောင်လူမွှေးကို အဘွားအိုအိမ်ဆီပြန်ခေါ်ခဲ့တယ်ကွယ်။

မောင်လူမွှေး မေ့မြောနေတဲ့အချိန် ငရဲပြည်ကိုရောက်သွားပြီး ငရဲခံရတဲ့သူတွေရဲ့အဖြစ်အပျက်တွေကို မျက်ဝါးထင်ထင်မြင်တွေ့ရကာ ဥပုသ်စောင့်တာ၊ အလှူဒါနပေးကမ်းတာတွေကို ရက်ရက်ရောရော လှူသတဲ့ကွယ်။ ဒါကြောင့် မောင်လူမွှေးဟာ နာမည်နဲ့လိုက်အောင် ကောင်းသတင်းမွှေးကြိုင်သွားသတဲ့ကွယ်။

ပုံပြင်လေးက ဒါပါပဲကွယ်။ သားသားမီးမီးတို့လဲ "ငရဲပြည်ရောက်မောင်လူမွှေး"ပုံပြင်ထဲကလို အသက်ငယ်သေးပေမဲ့ သီလတွေဆောက်တည်၊ အလှူဒါနတွေပြုလုပ်၊ သေရည်၊ အရက်မသောက်ဘဲ တိရစ္ဆာန်လေးတွေကိုချစ်ခင်ပြီး ကုသိုလ်ကောင်းမှုတွေများများလုပ်ပေးကြပါလို့ တိုက်တွန်းလိုက်ပါတယ်ကွယ်။

**မောင်ပုည (ဟသ်ာတမြေ)**

## ဘယ်သူပြိုင်လို့ ရပါတော့နိုင်

♦ တန်ဆောင်မုန်းခါ ခွာညိုသင်းတော့
ကထိန်ခင်းကြ ရာသီမယ်။
ပဒေသာပင် စုကာဝိုင်းလို့
ရွာအပိုင်းလိုက် လှူကြတယ်။
တို့များလူငယ် ဒိုးပတ်ဝိုင်းနဲ့
ပျော်မရိုးစွာ တီးပေါ့ကွယ်။
ကကြိုးစုံလင် ဒေါ်ရွှေမိုးက
ဦးရွှေရိုးနဲ့ ပြိုင်ကတယ်။
ပျော်မြူးယှဉ်ပြိုင် ပုသိမ်ထီးနဲ့
ဖင်လိမ်ပြီးတော့ ကကြိုးသွယ်။
ရယ်ရတယ် ရယ်ရတယ်။ ။


**လဝန်းဝါဝါ(ကနောင်)**



## ညငှက်

♦ ညညအခါ အော်မြည်ကာ
အစာရှာကြတာ။
♦ အမှောင်မှာ သူမြင်သေး
မျက်လုံးပြူးပြူးလေး။
♦ သူ့အော်သံလေး သူ့အမည်
နှုတ်သီးချွန်မြသည်။
♦ လက်နှစ်ချောင်းသည် ချွန်လက်သည်း
အစာဖမ်းဖို့ပဲ။
♦ ဘာငှက်လဲလို့ သိလားဟင်
မေးခွန်းမေးမိချင်။
♦ ဇီးကွက်မည်တွင် သူ့အကြောင်း
သိကြစေလိုအပေါင်း။ ။

**ပြေအေးသက်**



# ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၀၆၂ ဧက စိုက်ပျိုးမည်


ယခင်နှစ် မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ငပုတော နိုဝင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၀၆၂ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၀၆၂ ဧကကို လာမည့်ဒီဇင်ဘာလ ပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါမြေပဲဧကများ လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စသည့်ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူများ ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့အတွင်းမှာ ဆီထွက်သီးနှံတွေကို နှစ်စဉ် စိုက်ပျိုးလျက်ရှိပါတယ်။ ဒီဘက်ဒေသမှာက ဆီထွက်သီးနှံတွေကို ဆောင်းကာလမှာ အဓိကထားစိုက်တာဖြစ်ပါတယ်။ အခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၃၀၆၂ ဧကထိ စိုက်ပျိုးမှာဖြစ်ပါတယ်။ အရင်နှစ်တွေထက် ဒီနှစ်မှာ ဆီထွက်သီးနှံစိုက်ပျိုးရေးအတွက် ပိုမိုတွန်းအားပေးလုပ်ဆောင်မှာ ဖြစ်ပါတယ်။ မြေပဲလျာထားဧကအားလုံးစိုက်ပျိုးနိုင်ဖို့ လုပ်သွားမှာပါ။ လိုအပ်သောနည်းပညာနဲ့ အခြားပံ့ပိုးတာတွေကို ဆောင်ရွက်ပြီးတာနဲ့ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့အတွက် ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ငပုတောမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးနည်းပညာနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေးလုပ်ငန်းများကို သီးနှံမစိုက်မီကြိုတင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ သိရသည်။

**ကျော်ကျော်လင်း**

# ဇီးကုန်းမြို့နယ် လေးမျက်နှာကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ဇီးကုန်း နိုဝင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လေးမျက်နှာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ လေးမျက်နှာကျေးရွာ၌ ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ရေသန့်စင်စက်တပ်ဆင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်က ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များကို ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်း ထိန်းသိမ်းပေးရန်နှင့် ဆောင်ရွက်ဆဲလုပ်ငန်းများ သတ်မှတ်ချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။



ဇီးကုန်းမြို့နယ် လေးမျက်နှာကျေးရွာ၌ အရှည်ပေ ၁၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးရွာတွင်းမြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း၊ တစ်နာရီ ရေသန့် ဂါလန် ၂၀၀ ကျော်ထွက်ရှိသည့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းတို့ကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူ လူထုထည့်ဝင်ငွေကျပ် ၂ ဒသမ ၅၉ သန်း စုစုပေါင်း ငွေကျပ် ၁၇ ဒသမ ၅၉ သန်းဖြင့် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် စက်တင်ဘာ ၉ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းမှာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းမှာ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်က ပြောပြ၍ သိရသည်။

**ချိုလေး**

# စလင်းမြို့နယ် မြို့လုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း နိုဝင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေရ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြို့လုကျေးရွာ၌ အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန် ပုံငွေထုတ်ချေးပေးခြင်းကို နိုဝင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့်အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းလည်ပတ်ဆောင်ရွက်ပုံအဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါနည်းဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများ၊ မတည်ရန်ပုံငွေ အရင်းအတိုးပေးဆပ်ရမည့်ကာလများနှင့်ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၉ ဒသမ ၆ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၉ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းသန်းစိုး**

## ကြိုးစားကြစို့

\- မကောင်းရာ ဒုစရိုက်
စိတ်အမိုက် ရှောင်ကြဉ်ပါ၊
မှန်ရာကို ကျင့်သုံးလို့
အမုန်းဖယ်ခွာ၊
နှလုံးသားလှ ဖြူစင်ကာ
ချစ်မေတ္တာ ကိုယ်စီထား၊
ဖေးမကူ လက်ချင်းယှက်
ရှေ့ဆက်စို့လား။

\- ခွဲခြားစေ အမှန်အမှား
အမြင်အကြား ဆင်ခြင်လေ၊
အတွေ့ကြုံ ဗဟုသုတ
ရှာကြကာပေ၊
ဇွဲ လုံ့လ ဝီရိယစေ
တိကျနေ စည်းကမ်း၊
နည်းစနစ်ညီ ကြိုးစားလို့
ရိုးသားစွာလှမ်း။

\- ပြုံးပျော်ရွှင် မျက်နှာပန်း
လန်းဆန်းလျက် မငြူစူ၊
ခက်ခဲကြုံ ရင်ဆိုင်ကြ
ဘဝကိုထူ၊
ရှုံးနိမ့်ခြင်းမရှိလူ
အသိမူ ထက်သန်မြဲ၊
ပန်းတိုင်ဆီ ခရီးဖောက်လို့
ရောက်ဖို့မလွဲ။

\- သတိနှင့် သတ္တိတွဲ
ဦးတည်မြဲ အောင်ပန်းခိုင်၊
ရဲရင့်သူ စွမ်းသမျှ
လှပမဏ္ဍိုင်။
စိတ်ထားက မယိမ်းယိုင်
ထိန်းသိမ်းနိုင် ဘဝရေး၊
တိုးပွားအောင် နိုးကြားစွာဖြင့်
ကြိုးစားစို့လေး။ ။

**ကိုရွှေတောသား(ဆင်ကူး)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

We Protect The Family



၁။ ပြည်သူ့ပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူ့ပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀၊ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!

နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃


အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇



# လူငယ်များနှင့် စိတ်ကြွမှုးယစ်ဆေးများအန္တရာယ်

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးဝန်ကြီးဌာန

- ယာဘ၊ ရာမ၊ မြင်းဆေး၊ အိုက်စ် (ice)စတဲ့ စိတ်ကြွမူးယစ်ဆေးပြားများသည် မက်သမ်ဖတမင်း (methamphetamine) နှင့် ကဖင်း (caffeine) တို့ ပေါင်းစပ်ထားပြီး စပျစ်သီး/ လိမ္မော်သီး/ ချောကလက်နံ့တို့ကဲ့သို့ **လူငယ်များကိုဆွဲဆောင်နိုင်မည့်** ရနံ့တစ်မျိုးမျိုး ထည့်သွင်းထားပါတယ်။
- ဒီဆေးတွေက ဗဟိုအာရုံကြောစနစ်အတွင်းရှိ Dopamine ကဲ့သို့သော အာရုံကြောဆက်သွယ်ဓါတုပစ္စည်း (neurotransmitter) များအား **သဘာဝကိုဆန့်ကျင်၍** များပြားစေကာ စိတ်ခံစားချက်ကြွမှုဖြစ်စေနိုင်ပါတယ်။ သို့သော်လည်း ဒီလိုစိတ်ခံစားချက်ကြွနေစေရန် ဆေးချိန်ကိုတိုးသည်ထက်တိုး၍ သုံးစွဲလာရပြီး **ရေရှည်မှာဦးနှောက်နှင့်ဗဟိုအာရုံကြောစနစ်ကို လုံးဝပျက်စီးစေပါတယ်။**
- ဒီဆေးတွေကြောင့် ကိုယ်အပူချိန်တိုးခြင်း၊ နှလုံးခုန်မမှန်ခြင်း၊ အော့အန်ခြင်းနှင့် ရုတ်တရက်သေဆုံးခြင်းတို့ ဖြစ်ပွားနိုင်တယ်။ ဆေးကိုပုံမှန်မသုံးစွဲရပါက အိပ်မပျော်ခြင်း၊ စိုးရိမ်စိတ်လွန်ခြင်း၊ သံသယစိတ်များခြင်းမှ မိမိကိုယ်ကိုသတ်သေသည်အထိ စိတ်ခံစားချက်ကျခြင်းတို့ ဖြစ်ပွားနိုင်ပါတယ်။




WY ဆေးပြားများ




ICE စိတ်ကြွမူးယစ်ဆေးတစ်မျိုး

- ရေရှည်သုံးစွဲခြင်းကြောင့် သွားများပျက်စီးခြင်း၊ နှာခေါင်းအတွင်းသားများ ပျက်စီးခြင်း၊ နှလုံး/ အသည်း/ ကျောက်ကပ်/ အဆုတ်ရောဂါများ ဖြစ်ပွားခြင်း၊ သွေးတိုးခြင်း၊ လေဖြတ်ခြင်း၊ ကိုယ်ခံအားကျဆင်း၍ ရောဂါပိုးအမျိုးမျိုး အလွယ်တကူဝင်ရောက်ခြင်း၊ မှတ်ဉာဏ်ဆုံးရှုံးခြင်းနှင့် ရူးသွပ်ခြင်းတို့ဖြစ်ပွား၍ **သက်တမ်းစေ့မနေရဘဲ စောစီးစွာသေဆုံးစေပါတယ်။**
- ဒါ့အပြင် **ပညာရေး/ လူမှုရေး/ စီးပွားရေးနိမ့်ကျခြင်း၊ အကျင့်စာရိတ္တပျက်ပြားခြင်း၊** တရားဥပဒေအရ ပြစ်မှုမြောက်ခြင်းကြောင့် **အကျဉ်းထောင်ကျ၍ပြစ်ဒဏ်ခံရခြင်း**တို့ကို ဖြစ်ပွားစေပါတယ်။



မူးယစ်ဆေးသုံးစွဲခြင်းကြောင့်
မျက်စိသွေးကြောများရောင်ရမ်းနေပုံ



မူးယစ်ဆေးသုံးစွဲခြင်းကြောင့်
သွားများပျက်စီးနေပုံ

**လူငယ်သဘာဝ အသစ်အဆန်းကိုမြင်လျှင် စမ်းသပ်ရူးစမ်းလိုစိတ်အား ရောင်းချသူများမှ အခွင့်ကောင်းယူကာ နည်းလမ်းပေါင်းစုံ သုံး၍ ဖြားယောင်းတတ်သည်ကို အထူးဂရုပြု၍ စိတ်ကြွမူးယစ်ဆေးဝါးများအား လုံးဝရှောင်ကြဉ်ပါ**

ကော်မြင်သာ ၂၂

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတင်းအချက်အလက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လိုလားတောင့်တနေကြသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်နိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလည်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်းမှရရှိနိုင်သည်ကို အလေးအနက်သတိမူကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေ ၅ ရက်တွင် ပြုလုပ်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းဖွင့်ပွဲအခမ်းအနားကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းဖွင့်ပွဲအခမ်းအနားကို ပဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၅**

ပြည်ထောင်စုနယ်မြေနေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ရေပန်းရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘုရားဖူးလာရဟန်းရှင်လူပြည်သူများကလည်း စည်ကားများပြားစွာ လာရောက်ကြည့်ရှုကြသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

